
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဖြန့်ချိရေး

ပန်းမျိုးတစ်ရာ စာပေ

တိုက်-၉၊ အခန်း ၂၀၃-၂၀၄

ပုဇွန်တောင်ဥယျာဉ်အိမ်ရာ

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၀၂၃၇၂၊ ၂၉၉၃၆၁

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၂၀၈/၉၇ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၅၉/၉၇ (၅)
မျက်နှာဖုံး ပန်းချီဒီဇိုင်း - ဝေမွန်လင်း
ပုံနှိပ်မှတ်တမ်း - ပထမအကြိမ်
စောင်ရေ - ၁၀၀၀
အချိန် - ၁၉၉၇ ခုနှစ်၊ မေလ
တန်ဖိုး - ၈၀၀ ကျပ်၊
စာအုပ်ချုပ် - ကိုမြင့်
အမှတ် ၁၅၉၊ (၃၄)လမ်း
ရန်ကုန်မြို့။
အတွင်းစာသားပုံနှိပ်သူ - ဦးကျော်စိုး ( ၀၄၂၅၀ )
စိုးအော့ဖ်ဆက်
၇၈၊ (ခ) ပန်းဆိုးတန်းလမ်း၊
ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ်သူ - ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက် ၁၇၁၊
၃၃လမ်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ပန်းမျိုးတစ်ရာစာပေ (၀၂၀၃၇)
တိုက် ၂၃၃၊ အခန်း ၁၄
၆ ရပ်ကွက်၊ တိုက်လေးလုံး
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
မူပိုင် - လမင်းအိမ်
၁၂/ရကန(နိုင်) ၀၂၅၄၃၁

BURMESE CLASSIC .com

စာရေးဆရာချစ်စဝင်း၏ ၆၁-အုပ်မြောက်
စာအုပ်

# ချစ်စဝင်း

# မဆုတ်တမ်း-မနစ်တမ်း
# မလျှော့တမ်း

ယုံကြည်ချက်တစ်ခုရှိလျှင် အောက်ပိုင်း အမြင်းစားမီးထိုက်ဝါ၊
လေယာဉ်ကြီး ကောင်းကင်ပေါ်သို့ ထိုးတက်သွားသလို
သင်လည်း ထိပ်ဆုံးသို့ ရောက်သွားမည်၊

www.burmeseclassic.com

www.burmeseclassic.com

ဆရာချစ်စံဝင်းသည် ၁၉၈၆ ခုနှစ်နှင့် ၁၉၉၀ ပြည့်နှစ်များတွင်
ဗုဒ္ဓဘာသာအခြေခံဖြင့်ရေးသားသော
**ဤခရီးနီးသလား** နှင့် **ဆန်ဖွပ်သည့်အဖိုးအို** စာအုပ်တို့ဖြင့်
အမျိုးသားစာပေဆု နှစ်ကြိမ်ရရှိပါသည်။

# မျက်နှာဖုံး

ဤစာအုပ်၏ မျက်နှာဖုံးကို သေသေချာချာ ကြည့်စေလိုပါ၏။ အဆင့်ပေါင်း ၂၀၀၀ ကျော် ရေးဆွဲထားသော အဖုံးဖြစ်ပါသည်။

ဤအဖုံးတွင်

မဆုတ်တမ်း၊ မနစ်တမ်း၊ မလျှော့တမ်း ဟူသော ဖွဲ့သတ္တိများ ပါဝင်သည်။

အယ်ဒီဆင်သည် မီမီ နယူးယောက်မြို့ကို စရောက်တော့ လျှပ်စစ်မီး မပေါ်သေးပါ။ သူသည် လျှပ်စစ်မီးသီးကို တီထွင်ခဲ့သည်။ မီးသီးကို တီထွင်ရာတွင် မီးစာပြုလုပ်ရာ၌ အခက်အခဲများစွာတွေ့ခဲ့၏။ ယခုကာလတွင် ခလုပ်နှိပ်လိုက်ပါက ဖန်သီးလင်းသွားသော်လည်းအယ်ဒီဆင်သည်မီးသီးအတွင်းမှ လျှပ်စစ်အလင်းရောင်ထွက်လာစေရေးအတွက် မီးစာတပ်ရာတွင် အဆင့်ပေါင်း ၂၀၀၀ ကြိုးစားခဲ့ရ၏။

သတင်းထောက် တစ်ဦးက အယ်ဒီဆင်အား "မီးသီးကို တီထွင်ရာ အကြိမ်ပေါင်း ၂၀၀၀ ကျော် မှားခဲ့တယ်ဆို"ဟု မေးသောအခါ အယ်ဒီဆင် က "မဟုတ်ပါဘူး ကျုပ်အဆင့် ၂၀၀၀ ကျော် ဖြတ်ခဲ့တာပါ" ဟု ဆို၏။

ဤအဖုံးဖြင့် မဆုတ်မနစ် ကြိုးစားသော တီထွင်မှု ဖခင်ကြီး အယ်ဒီဆင်အား လေးစားစွာ ဂုဏ်ပြုအပ်ပါ၏။

**ချစ်စံဝင်း**

www.burmeseclassic.com

မစွန့်လွှတ်ပါနဲ့

ဘယ်တော့မှ မစွန့်လွှတ်ပါနဲ့

နောက်မဆုတ်ပါနဲ့

ဘယ်တော့မှ နောက်မဆုတ်ပါနဲ့

မဆုတ်တမ်း – မနစ်တမ်း – မလျှော့တမ်း ပေါ့။



**အမေနှင့်ချစ်စဝင်း – ၁၉၄၁**

အမေသည် ၁၉၉၃ ခု၊ ဇွန်လ ၁၁ ရက်နေ့က ကွယ်လွန်ခဲ့ပါသည်။

- အမေသည် လယ်ယာ၏အင်အားဖြစ်သည်။
- အမေသည် ညီညွတ်မှု၏အင်္ဂါရပ်ဖြစ်သည်။
- အမေသည် စာပေ၏မှတ်တိုင်ဖြစ်သည်။
- အမေသည် ရိုးသားမှု၏ပြယုဂ်ဖြစ်သည်။
- အမေသည် မြန်မာ့ရိုးရာစရိုက်လက္ခဏာတို့၏ အသွင်အပြင်ဖြစ်သည်။

❖ အမေကောင်းရာသုဂတိလားပါစေ ❖

www.burmeseclassic.com

www.burmeseclassic.com

# မဆုတ်တမ်း–မနစ်တမ်း–
# မလျှော့တမ်း

## ချစ်စဝင်း

- နေပြီးရင်ည
- ညပြီးရင်နေ့
- သဗ္ဗဒုက္ခတိုင်းမှာ ကမ်းရှိသည်
- တိမ်တိုက်တိုင်းမှာအနားရှိသည်
- အရှုံးသည် အပိုင်းအခြားမဲ့မဟုတ်
- အရှုံးမှာလည်း အကန့်အသတ်ရှိသည်
- ဖြစ်နိုင်ခြေရှိသည့်တစ်ခုသော
  သင့်ရည်မှန်းချက်ကိုဆွဲကပ်၍မီးတိုက်ပါ
- အရှုံးအားလုံး ထင်းဘဝရောက်သွားမည်
- အောင်ပွဲအားလုံး သင့်လက်တွင်းသို့ ရောက်လာမည်

www.burmeseclassic.com

www.burmeseclassic.com

# အောင်မြင်မှုဥပဒေသ

တစ်ခုတည်းလုပ်ပါ။

Just one Idea.

အရာမခံလျှင် အသာမစံရ

No risk No gain.

မိမိကိုယ်မိမိ ယုံကြည်ပါ

Believe In Yourself

မိမိအစီအစဉ်ကို မိမိယုံကြည်ပါ

Believe In Your Planning.

မိမိစွမ်းဆောင်မှုကို မိမိယုံကြည်ပါ

Believe In Your Capabilities.

## အခက်အခဲ

အခက်အခဲနှစ်မျိုးရှိပါ၏။တစ်မျိုးမှာ ယာယီ ကျော်လွှားနိုင်သော အခက်အခဲနှင့် အခြားတစ်မျိုးသည် တဖြည်းဖြည်းချင်း ကျော်လွှားနိုင်သော အခက်အခဲဟူ၍ဖြစ်ရာ အခက်အခဲဟူသော အရာကို အဓိပ္ပာယ် ဖွင့်မည်ဆိုပါက အနေးနှင့်အမြန် ကျော်လွှားနိုင်သောအရာကို အခက်အခဲဟု ခေါ်ပါသည်။

## မဆုတ်တမ်း - မနစ်တမ်း - မလျှော့တမ်း

၁။ သင့်ထံတွင် ဖြစ်နိုင်သော ယုံကြည်မျှော်လင့်တောင့်တထားသည့် တစ်ခုတည်းသောဆန္ဒ ရှိရမည်။

၂။ ထိုမျှော်လင့်ချက်ဆန္ဒကို ဇောကပ်ကာ အပြင်းစားမီးကို အဆက်မပြတ် ထိုးပေးရမည်။

၃။ သင်သည် ဒုက္ခများ၊ ပြဿနာများ၊ ကြေကွဲဝမ်းနည်းစရာများ၊ မျှော်လင့်ချက်ကုန်ဆုံးမှုများနှင့် ရင်ဆိုင်လာရပါမည်။

၄။ ထိုအခါ ယင်းဒုက္ခများ၊ သောကများ၊ ပြဿနာများကိုပါ ထင်းလုပ်၍ မီးထဲသို့ ထည့်ပြီး သင့်ဆန္ဒဇောကို ထပ်မံမီးတိုက်ပါ။

၅။ တစ်ခါတစ်ရံ သင့်မျှော်လင့်တောင့်တချက် ခရီးလမ်းသည် သွားနေရင်း အလွန်ကျဉ်းမြောင်းကျပ်တည်း၍ ဆက်သွား၍ မရလောက်သည်အထိ ကျဉ်းကျပ်လာပါမည်။

၆။ ထိုသို့ ကျဉ်းကျပ်လာလျှင်ပင် သင်သည် ဇောကပ်ထားသော ရည်မှန်းချက်ပန်းတိုင်သို့ မျက်ခြည်မပြတ်ပါနှင့် ဆက်လျှောက်ပါ။

၇။ ဆက်လျှောက်လျှင် သင်၏ပြင်းပြသောဇွဲကို ဝုက်ပြုသောအားဖြင့် သဘာဝတရားကြီးက သင့်အား ရတနာသိုက်ကြီးတို့ ဆုအဖြစ်၊ အောင်ပွဲအဖြစ် ပေးအပ်ပါမည်။

www.burmeseclassic.com

www.burmeseclassic.com

## အပြင်းစားမီးတိုက်မှု

ကောင်းကင်တွင် ပျံသန်းနေသော ဂျက်လေယာဉ်ကြီးသည် သာမန် အမှု၊ သာမန်စွမ်းအားဖြင့် ကောင်းကင်၌ ပျံသန်းနေခြင်းမဟုတ်။ အကောင်းစား လေယာဉ် စက်ဆီကို မီးရှို့၍ အပြင်းစား အမှုရှိန်ဖြင့် အင်ဂျင်စက်အား မီးထိုး ပေးသော အခါ အလွန်တရာမှ လေးသော သံမဏိတုံးဖြင့် မှုလုပ်ထားသော လေယာဉ်ကိုယ်ထည်ကြီးသည် ကုန်များရော၊ ခရီးသည်များပါ တင်ဆောင်ကာ ကောင်းကင်တွင် ငှက်၏ အသွင် များ၏အလား ပျံသန်းသွား ပါတော့၏။

ထို့ကြောင့် အပြင်းစား မီးတိုက်မှုသည် သံမဏိတုံးကြီးကိုပင် ကောင်းကင်သို့ ပျံနေနိုင်သည်ဟု မှတ်ယူစေလိုပါ၏။

## မာတိကာ

| အမှတ်စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | | နိဒါန်း | |
| အခန်း ၁ | ⇨ | စိတ်အကြံတစ်ခုကို ဖောက်ပ်၍ မီးတိုက်ခြင်း | ၂၅ |
| အခန်း ၂ | ⇨ | မိမိစိတ်ဖောဆန္ဒကို အပြင်းစား မီးတိုက်သူ တစ်ဦး | ၃၉ |
| အခန်း ၃ | ⇨ | ရှစ်ခုမြောက် ကမ္ဘာ့အံ့ဖွယ်ရာ | ၅၃ |
| အခန်း ၄ | ⇨ | သင့်ရှေ့တွင် အောင်ပွဲရှိသည် | ၇၉ |
| အခန်း ၅ | ⇨ | ယုံကြည်ချက်၊ မျှော်လင့်ချက်၊ တောင့်တချက် | ၉၉ |
| အခန်း ၆ | ⇨ | ဆူပွက်လာသည်အထိ မီးထိုးပါ | ၁၁၃ |
| အခန်း ၇ | ⇨ | ဖောက်ပ်၍မီးထိုးလုပ်ဆောင်သော အရာတစ်ခု | ၁၃[illegible] |
| အခန်း ၈ | ⇨ | စွန့်စားစရာရှိလျှင် စွန့်စားလိုက်ပါ | ၁၄၇ |
| အခန်း ၉ | ⇨ | ရွှေသရဖူဆောင်းဖို့အရေး ခရီးမဝေး | [illegible] |

www.burmeseclassic.com

www.burmeseclassic.com

သင့်မှာဖြစ်နိုင်ခြေအတွေးတစ်ရပ်
ရှိခဲ့လျှင် ပြင်ဆင်၍
နောက်မဆုတ်တမ်း စွန့်စား
ဆောင်ရွက်ပါ။
သင့်အား လောက၏အစားပေး
နိယာမတရားက
ဂုဏ်ပြုကောင်းချီးပေးပါမည်၊

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ကျွန်တော်တို့ ဤလောကလူ့ပြည်သို့ ရောက်ရှိလာခြင်းသည် အချည်းအနှီး၊ အဓိပ္ပာယ်မဲ့ ရောက်ရှိလာခြင်းမဟုတ်။

အဓိပ္ပာယ်ရှိရှိဖြင့် ရောက်ရှိလာခြင်း ဖြစ်ပါ၏။

ကျွန်တော်တို့ ဤလောကအတွင်းသို့ ရောက်ရှိလာခြင်းသည် သိုက်တူးဖော်ရန် ရောက်ရှိလာခြင်းဖြစ်သည်။ ကျွန်တော်တို့ တူးဖော်ရသည့်သိုက်သည် သဘာဝရတနာသိုက်ကြီး ဖြစ်ပါ၏။ ထိုသိုက်ကြီးများထဲတွင် သဘာဝရတနာများ(Acres of Diamond) ရှိ၏။

ထိုသဘာဝ ရတနာသိုက်များကို သဘာဝတရားကြီးက လိုချင်သောသူ ဟူသမျှကို ပေးအပ်ရန် အသင့်ရှိပါ၏။ သင်သည် လူဖြစ်ပါက ထို သဘာဝရတနာသိုက်ကြီးကို တူးဖော်ခွင့်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

သဘာဝတရားကြီးက လူဟူသမျှကို ထိုရတနာသိုက်အား တူးဖော်ခွင့် လိုင်စင်ပေးပါ၏။

မြောက်မြားစွာသော သဘာဝ ရတနာသိုက်များအနက်မှ သင်သည် ဘယ်သိုက်နန်းကို တူးဖော်လိုပါသနည်း။ ဘယ်သိုက်ကို တူးဖော်လိုသည်ဟု ဆိုသော သင့်ဆန္ဒကိုတော့ ပြောရမည်ဖြစ်၏၊

သင့်တွင် ဘယ်သိုက်နန်းကို တူးဖော်လိုသည်ဟုဆိုသော

- ရည်ရွယ်ချက် (သို့မဟုတ်)
- တောင့်တချက် (သို့မဟုတ်) စီမံချက် (သို့မဟုတ်)
- စိတ်ဆန္ဒဓာတ

တစ်ခုတော့ ရှိရမည်ဖြစ်သည်။

ဘယ်ရတနာသိုက်ကို တူးဖော်မည်ဟုဆိုသည့် ရည်ရွယ်ချက်တစ်ခု သင့်တွင် ရှိလာပြီလား?။ သို့သော် ထိုရည်ရွယ်ချက် တောင့်တချက် ရှိရုံမျှနှင့်ကား အလွန်အဖိုးထိုက်တန်သော ယင်း သဘာဝ ရတနာသိုက်ကြီးကို သဘာဝတရားက မင်းယူတော့ဟု အလွယ်တကူ ပေးရိုးထုံးစံမရှိပါ။

သဘာဝတရားကြီးသည် ရည်ရွယ်ချက်ရှိသော လူပီသသူ၊ လူဆန်သူဟူသမျှကိုသာ ရတနာသိုက်ကြီးများကို ထုတ်ဖော်၍ ပေးတတ်ကြပါ၏။ လူမပီသသူဟူသမျှကို ထုတ်ဖော်မပေးတတ်။ လူမပီသသူ၊ လူမဆန်သူ၊ အလွယ်နှင့်အရှုံးပေးတတ်သူတို့ကို သဘာဝတရားကြီးက အလွန်မုန်းသည်။ ထိုသူများကို သဘာဝတရားကြီးက အဖက်လုပ်ဆက်ဆံလိုသည် မဟုတ်ပါ။

သူက လူပီသသူ၊ လူဆန်သူတို့ကိုသာ အလေးပေး ဆက်ဆံလို၏။

လူပီသသူဆိုသည်မှာ ဘယ်သူနည်း။

လူပီသသူဆိုသည်မှာ ဇွဲရှိသူ၊ လုံ့လရှိသူ၊ ဝီရိယရှိသူ၊ တိကျပြတ်သားသူ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ တောင့်တချက်ရှိသူများသည် လူပီသသူများ ဖြစ်ပါ၏။ ထိုသူများသည် လူဆန်သူများ ဖြစ်ကြပါ၏။

သဘာဝတရားကြီးက ထုတ်ဖော်ပေးအပ်သော ရတနာသိုက်ကြီးများသည် အလွန်မှ အဖိုးတန်လှပြီး တွက်ချက် ရေတွက်၍ မရနိုင်လောက်အောင် တန်ကြေးရှိ၏။ ထို့ကြောင့် သဘာဝတရားက လူများအား ထိုရတနာသိုက်ကြီးများကို -

လူပီသသူ ဟုတ် မဟုတ်

လူပီသမှု ရှိ မရှိ

လူသား ဆန် မဆန်

ဆိုသောကိစ္စကို တရစပ်စစ်ဆေး စမ်းသပ်၍ အပြင်းစားမီးတိုက်ကာ ငရဲမီးအစားခံနိုင်သူ တို့ကိုသာ ရတနာသိုက်ကြီးများကို ရက်ရက်ရောရော ဖွင့်လှစ်ပေးတတ်ရာ သင်သည် ဤကမ္ဘာမြေပေါ်တွင် သဘာဝ ရတနာသိုက်များကို ဖော်ယူလိုပါသလား? သင်သည်သူဌေး ဖြစ်လိုပါသလား? သင်သည် အောင်ပွဲ ရလိုပါသလား? သင်လိုချင်တာ ရယူသို

www.burmeseclassic.com

www.burmeseclassic.com

ဝါက၊ ဖော်ယူလိုသည်ဟု ဆိုပါက သင်သည် လူပီသကြောင်း အစမ်း သပ်ခံရမည် ဖြစ်ပါ၏။

ဤစာအုပ်သည် သဘာဝရတနာသိုက်ကြီးများကို ဖော်ထုတ်ရာတွင် မရှိမဖြစ် သိအပ်သော လျှို့ဝှက်ချက်တစ်ရပ်ကို တိတိလင်းလင်း ဖော်ထုတ်ရေးသားလိုက်သော စာအုပ်တစ်အုပ်ဖြစ်ပါ၏။

ဤစာအုပ်ကို ဖတ်ရှု၍ သဘာဝတရား၏လျှို့ဝှက်ချက်ကို သိရှိကာ သိုက်တူးမည်ဟု ဆိုပါက သင်သည် မည်သည့်သိုက်ကို တူးဖော်လိုပါသနည်း။ သင်တူးဖော်လိုသော ရတနာသိုက်ကို သင်တူးဖော်ခွင့်ရှိပါ၏။ တူးဖော်၍လည်း ရရှိပါ၏။

သို့သော် ဖော်ပြပါအတိုင်း သင်သည် ဖြစ်နိုင်ခြေရှိသော မည်သည့် ရတနာသိုက်ကို တူးဖော်မည်ဆိုသော ရည်မှန်းချက်ကတော့ ပြတ်ပြတ်သားသားရှိရမည်ဖြစ်၏။

ထိုရည်မှန်းချက်သည် ကြီးကျယ်ချင်သလောက် ကြီးကျယ်ပါစေ။ သင့် ရည်မှန်းချက်သည် မိုးကိုဒူးနှင့် တိုက်ရသလောက်မြင့်မားချင် မြင့်မားပါစေ။ သင်၏ရည်ရွယ်ချက် ပေါက်မြောက်အောင် သင်သည် အမှန်တကယ် လုပ်ဆောင်ပါက သင်သည် လောကတွင် ဘယ်အရာကို မဆို ရရှိနိုင်မည်ဟု မှတ်ပါ။

သင်သည် လူသားဖြစ်သောကြောင့် ဤကမ္ဘာမြေပေါ်တွင် သင်အလိုရှိသော အရာဟူသမျှ ရရှိနိုင်ပါ၏။ ဤကမ္ဘာမြေသည် လူသားတို့ ပိုင်ဆိုင်သော ကမ္ဘာမြေ ဖြစ်ပါ၏။

သင်မယူ၍သာ ယနေ့အထိ မရရှိခဲ့ခြင်းဖြစ်သည်။ သင်အလိုရှိပါက ရရှိနိုင်တာချည်း ဖြစ်၏။ ဤကမ္ဘာမြေပေါ်တွင် ရှိပြီးသော မည်သည့်အရာကိုမဆို သင်ရပိုင်ခွင့်ရှိ၏။ ပိုင်ဆိုင်ခွင့်ရှိ၏။ ဤကမ္ဘာမြေပေါ်တွင် လူသားနှင့်မထိုက်တန်သောအရာဟူ၍ ဘာမျှမရှိ။ သင်သည် ဤကမ္ဘာမြေပေါ်မှ မဍ္ဍူသကနတ်ပန်းကို အလိုရှိပါသလား။ သို့မဟုတ် မနောမယပတ္တမြားကို အလိုရှိပါသလား။ သင်သည် ဘာဖြစ်လိုသနည်း။ ဖြစ်နိုင်ခြေရှိသော အချည်းအနှီးမဟုတ်သော ရည်ရွယ်ချက်၊ တောင့်တချက်တစ်ခုခုကို ယခုပင် စာဖြင့် ရေးချ၍ ဤစာအုပ်ကို ဖတ်ပါ။ ဤစာအုပ်သည် လိုတရလမ်းညွှန်စာအုပ် ဖြစ်ပါ၏။

ဤစာအုပ်ပါ ဖွဲ့လှဲ့လဖြင့် လျှို့ဝှက်အပ်သော ရတနာသိုက်ကြီးများကို တူးဖော်ခဲ့ကြသူများ၊ တူးဖော်အောင်မြင်ခဲ့ကြသူများသည် အနမတဂ္ဂရှိပါ၏။ လူပီသသော၊ လူသားစေကန် စင်စစ်ဖြစ်သော လူများစွာတို့သည် သဘာဝ ရတနာသိုက်များကို ဤစာအုပ်ပါ နည်းလမ်းဖြင့် တူးဖော်ခဲ့ကြပြီးဖြစ်ရာ ဤနည်းလမ်းသည် ပွဲတွေ့နည်းလမ်းလည်း ဖြစ်၏။ မြောက်မြားစွာသော သူများသည် ဤနည်းလမ်းဖြင့် သဘာဝ ရတနာသိုက်ကြီးများကို တူးဖော်ခဲ့ကြပြီး ဖြစ်ပါ၏။ ယနေ့ အချိန်အခါသည် သင့်အလှည့် သင့်အချိန်အခါ ဖြစ်ပါ၏။ ထို့ကြောင့်လည်း သင့်လက်ထဲသို့ ဤစာအုပ်ရောက်ရှိလာခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဤစာအုပ်ကို ထိုက်သင့်သောအချိန်ပေး၍ ဖတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

သင်လည်း ဂျပန်နိုင်ငံမှ ပုလဲဘုရင်မင်းမြတ်ဟုဆိုသော မီကီမိုတိုကဲ့သို့ အလွန်အဖိုးထိုက်တန်၍ လုံးဝန်းဖြူလှသည့် ပုလဲရတနာအလုံးရေ ၁၀ သန်းကျော်ပိုင်သော ပုလဲသူဌေးကြီး ဖြစ်စေရမည်ဖြစ်၏။ မီကီမိုတိုသည် ဤစာအုပ်ပါ နည်းလမ်းဖြင့် ဂျပန်နိုင်ငံတွင် ပုလဲသိုက်ကြီးကို တူးယူခဲ့သည့် သိုက်ဆရာကြီးဖြစ်ပါ၏။

ဘဲလ်ဟုဆိုသော ကျောင်းဆရာလေးသည်လည်း ဤစာအုပ်ပါနည်းကိုပင် အသုံးပြု၍ မိုင်ပေါင်း ၄၆,၀၀၀ ကျော်အကွာအဝေး၌ ရှိနေကြစေကာမူ တစ်ဦးနှင့်တစ်ဦး ကြည်လင်ပြတ်သားစွာ ပြောဆိုနိုင်သောနည်းလမ်းကို ဖော်ထုတ်၍ အသက် ၂၈ နှစ်ဖြင့် ကမ္ဘာ့ကျေးဇူး ရှင်ဘဝသို့ ရောက်ရှိခဲ့သည့် မော်ဆရာလေးတစ်ဦး ဖြစ်ပါ၏။

နေရှုးနှင့် သူ၏ချစ်ဇနီးတို့သည်လည်း ဤနည်းလမ်းဖြင့် ဗြိတိသျှ နေမဝင် အင်ပါယာကြီးကို ဖြိုချခဲ့ဘူးပါ၏။ ကိုလံဘတ်သည် ယနေ့ကမ္ဘာတွင် နံပါတ်တစ်နိုင်ငံ ထိပ်တန်းနိုင်ငံ မဟာအင်အားကြီးနိုင်ငံဖြစ်သော အမေရိကန်နိုင်ငံနှင့် အမေရိကတိုက်ကို ဤစာအုပ်ပါ နည်းဖြင့်ပင် ရှာဖွေဖော်ထုတ် အောင်ပွဲရယူခဲ့သည်။ ဂျော့ဝါရှင်တန်သည် ဤစာအုပ်ပါနည်းဖြင့် သမ္မတကြီးဖြစ်လာခြင်းဖြစ်သည်။ ယနေ့ လေယာဉ်ကုမ္ပဏီကြီးများနှင့် ကမ္ဘာ့ လေယာဉ်ခရီးသည် ပို့ဆောင်ရေး လုပ်ငန်းသည် ဤစာအုပ်ပါနည်း၏ အသီးအပွင့်သာလျှင် ဖြစ်ပါ၏။

ဤနည်းကို သင့်အား ကျွန်တော်ပေးပါမည်။

ပွဲတွေ့နည်းဖြစ်၍ စိတ်ချလက်ချ မှီဝဲပါ။

သင်နှင့် သင့်မိသားစု၊ သင့်ရပ်ရွာအတွက်သာမက မြန်မာပြည်သူတစ်ရပ်လုံး ထိပ်တန်းသို့ရောက်၍ ကမ္ဘာ့အချမ်းသာဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လာအောင် ဤစာအုပ်ပါနည်းလမ်းများက ဖန်တီးနိုင်ပါသည်။

အသင်လူသား သင့်မှာဖန်တီးနိုင်စွမ်းရှိပါလျက် သင့်မိဘ၊ သင့်သားသမီးနှင့် သင့်အပေါ် သစ္စာရှိသော ချစ်ဇနီးတို့ကို အဘယ်ကြောင့် လောကရတနာများကို ဖော်ထုတ်၍ မပေးဘဲ နေရပါသနည်း?

သင့်ဖန်တီးနိုင်စွမ်းကို အပြုသဘောအမြင်ဖြင့် ယနေ့ပင် ထလုပ်ပါ။ အချိန်မဆွဲပါနှင့်။ အချိန်ဆွဲခြင်းသည် မိမိကိုယ်မိမိ ကြိုးဆွဲချခြင်းဖြစ်သည်။ အချိန်ဆွဲခြင်းသည် အကြီးစား သူခိုးကြီး ဖြစ်သည်။ အချိန်ဆွဲသည်ဆိုသည်မှာ အနာဂတ်မှ မိမိပိုင် အချိန်ကို ခိုးယူသုံးစွဲမှု ဖြစ်၍ အလွန်မှ ဆိုးဝါးမှု တစ်ရပ်ဖြစ်သည်။

ဤစာအုပ်ပါ နည်းလမ်းများကို သင်သည် အချိန်မဆွဲဘဲ ယခု ထလုပ်ပါ (သို့မဟုတ်) ဘယ်တော့မှ မလုပ်ပါနှင့်ဟု ကျွန်ုပ်ပြောလိုပါသည်။

ယခု ထလုပ်ပါ၊ သင် ယနေ့ ချမ်းသာလာပါမည် . . . ။

**ချစ်စံဝင်း**

www.burmeseclassic.com

www.burmeseclassic.com

အခန်း—၁

## စိတ်အကြံတစ်စုကို ကောက်၍ မီးတိုက်ခြင်း

လူအတော်များများသည် စာရေးတတ်လိုကြသည်။

"ကျုပ်စာရေးချင်တယ်ဗျာ၊ ဘယ်လိုရေးရမလဲ" ဟုလည်း ထုတ်ဖော်မေးတတ်ကြ၏။ လူတိုင်းတွင် ဘဝအတွေ့အကြုံများရှိကြ၏။ ဆန်းပြားသောကိုယ်တွေ့ဖြစ်ရပ်များလည်း ရှိကြသည်။ အထူးသဖြင့် စာနှင့်ပေနှင့် မကင်းသော ပင်စင်စားကြီးများ၊ ကျောင်းဆရာကြီးများသည် စာရေးသားရန် ကြိုးစားကြ၏။ ယင်းတို့သည် စာရေး သည့်နည်းစနစ်ကို အလွယ်နှင့်မသိ၍ စာရေးဆရာ ဖြစ်မလာကြ။ ယင်းတို့တွင်ရှိသော ဘဝအတွေ့အကြုံများ၊ ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ ယင်းတို့မှာကြားလိုသည့် သဘောထား များကိုလည်း လူ့လောကတွင်

www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခုမှ မထားရစ်ခဲ့နိုင်ဘဲ ကွယ်လွန်သွားကြသောအခါ ထိုအရာများသည် ယင်းတို့နှင့်အတူ တမလွန်ဘဝသို့ ပါသွားကြရာ အလွန်မှ နှမြောစရာ ကောင်းပါ၏။

လူတိုင်း စာရေးသင့်ပါ၏။

အနည်းဆုံး မိမိတို့၏ဘဝမှတ်တမ်းများကို သားစဉ်မြေးဆက်အတွက် ရေးသားသင့်ပါ၏။ ပုံနှိပ်ထုတ်ဝေရန် မဟုတ်ဘဲ သားစဉ်မြေးဆက်ထားရှိရေးသားသွားရန် မိသားစုတိုင်းတွင်စာအုပ်ကြီးတစ်အုပ်ထားရှိသင့်ပါ၏။ ကျွန်တော်သည်ကြုံကြိုက်ပါက လူတိုင်း စာရေးဖြစ်အောင် တိုက်တွန်းတတ်ပါသည်။

“ကျုပ်စာရေးချင်တယ်ဗျာ–ဘယ်လိုစာစရေးရမလဲ” ဟုမေးသူတိုင်းအားလည်း ကျွန်တော်သည် စာရေးသားခြင်း၏လျှို့ဝှက်ချက်ကိုရှင်းလင်းပြောပြခဲ့ပါ၏။

**စာရေးသားခြင်း၏ အဓိက လျှို့ဝှက်ချက်မှာ ဆောင်းပါးဖြစ်စေ၊ ဝတ္ထုဖြစ်စေ၊ စာညွှန့်ဖြစ်စေ၊ ကဗျာဖြစ်စေ၊ စာတမ်းဖြစ်စေ ဘာရေးချင်သနည်း၊ ရေးချင်သော အရာကိုရေးပါ။ သို့သော် သင်ရေးချင်သော အရာသည် တစ်ကြိမ်ရေးလျှင် အကြောင်းအရာတစ်ခုကိုသာ ရေးရန် ဖြစ်၏။**

သင်သည် ဆောင်းပါးတစ်ပုဒ် ရေးပါမည်လား။



ရေးမည်ဆိုပါက ဆောင်းပါးတစ်ပုဒ်တွင် အကြောင်းအရာတစ်ခုသာ ပါရမည်ဖြစ်၏။ဆောင်းပါးတစ်ပုဒ်တွင် အကြောင်းအရာနှစ်ခုပါဝင်လျှင် ထိုဆောင်းပါးသည် ဦးတည်ချက် ပျံ့လွင့်သွားပြီး ဆိုလိုရင်းကို မမိဘဲ ဝေဝါးသွားရာက မိမိရေးသားမှုသည်မပေါ်လွင်ဘဲရှိလာ၏။ စာနှင့်ရေးပြရာတွင် ဘာဆိုလိုသည်ကိုပေါ်လွင်အောင် မရေးနိုင်ပါက ရေးသားမှုမအောင်မြင်သည့်ဘဝသို့ ရောက်သွားတတ်ပါ၏။

အလားတူပင် ဝတ္ထုရေးပါကလည်း ဝတ္ထုတစ်ပုဒ်တွင် အကြောင်းအရာတစ်ခုကိုသာ ပြောကြားခြင်းသည် အကောင်းဆုံးဖြစ်ပါ၏။

မိမိသည် ဆောင်းပါးတစ်ပုဒ်ဖြင့် ဘာရေးလိုသနည်း၊ ဆောင်းပါးတစ်ပုဒ်တွင် မိမိဆိုလိုချင်သော မိမိရေးသားလိုသော အကြောင်းအရာတစ်ခုတည်းကိုသာ ရေးသားရမည်ဖြစ်၏။ ဆောင်းပါးတွင် ပါဝင်သောစာလုံးများ၊ ဝါကျများအားလုံးသည် မိမိ ဆိုလိုချင်သော အရာ၊ မိမိဆိုလိုချင်သော ဦးတည်ချက်ကို ထိအောင်၊ မိအောင် တစ်ချက်ချင်း ပစ်ခတ်ရမည်ဖြစ်ပါ၏။

ဥပမာ–ဆေးလိပ်သောက်ခြင်းသည် မကောင်းဟုရေးသားချင်ပါက ခေါင်းစဉ်မှစ၍ မိမိရည်မှန်းချက် ပေါ်လွင်အောင် ထိထိမိမိ စာလုံးများနှင့် ဆေးလိပ်မကောင်းကြောင်းကို ဖော်ပြရမည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပါးရေးရာတွင် နိဒါန်းစကား၊ အချီးစကားစာပိုဒ်တွင်လည်း ဆေးလိပ်မကောင်းကြောင်း အနံ့သင်းနေရမည်ဖြစ်၏။ စာကိုယ်တွင်ကား ဆေးလိပ်မကောင်းကြောင်းကို စကားလုံးတိုင်းက တင်းပုတ်နှင့်ထုသလို ဆေးလိပ်သည် မကောင်းကြောင်း ဆင့်ကာဆင့်ကာ ထုနှက်ရေးသားရမည် ဖြစ်၏။

ထုနှက်၍အားရပြီလား။ အားရပြီဟုဆိုပါက နိဂုံးတွင်ဆေးလိပ်ကိုဘယ်တော့မှမသောက်ရန် ထပ်၍ဆုံးမရပါဦးမည်။ ထိုသို့ရေးသားနိုင်ပါက ထိုဆောင်းပါးသည် ဆောင်းပါးကောင်းတစ်ပုဒ်ဖြစ်လာမည်ဖြစ်၏။ မိမိဆိုလိုချင်သောအရာကို တစ်ဖက်သားနားလည်အောင်၊ သဘောပေါက်အောင်ရေးသားနိုင်ပါက တစ်ဖက်သားနားလည်သဘောပေါက်က အောင်မြင်ပြီဖြစ်ပါ၏။

စာကိုတော့ဗလာစာအုပ် သုံးလေးအုပ်ရအောင် လူတိုင်းရေးတတ်ကြသူများဖြစ်သည်။ သို့သော် ထိုသို့ရေးသားထားသောစာများသည် ရောထွေးနေပြီး ဦးတည်ချက်များကလည်း ဟိုထိုးလိုက်၊ ဒီထိုးလိုက် ဖြစ်နေပါက မိမိရည်မှန်းသော အဓိက ဦးတည်ချက်သို့ မရောက်ဘဲ ရေးသားချက်များသည် ညံ့ဖျင်းသွားကာ ရည်ရွယ်ချက် မပေါက်ဘဲ ဖြစ်သွားပါ၏။

ဖြစ်တတ်သောသဘောမှာ ဆေးလိပ်မကောင်းသည့်အကြောင်းကို ရေးသားမည်ဆိုပါက –



မိမိဆေးလိပ် စ သောက်မိပုံ

ဆေးလိပ်စတင်ပေါ်ပေါက်လာခြင်းအကြောင်း

ဆေးလိပ်ခုံလုပ်ငန်းအကြောင်း

ဆေးလိပ်ကိုဘယ်လိုဝယ်ရသည်

ဆေးလိပ်အမျိုးမျိုးရှိပုံ

ဆေးလိပ် လိပ်ပုံ၊ လိပ်နည်း

ဆေးလိပ်နှင့် စီးပွားဖြစ်ပုံ

ဆေးစပ်ပုံစပ်နည်းနှင့်

ဆေးလိပ်ကြိုက်သော မိမိမိတ်ဆွေများ

အကြောင်းစသည်ဖြင့် ဆေးလိပ်နှင့်ပတ်သက်သော နှီးနွယ်နေသည့်အကြောင်းအရာမျိုးစုံပါလာတတ်၏။ ထိုသို့ပါလာတတ်ပါကရည်မှန်းချက်ဝေဝါးသွားပြီး ဆောင်းပါးကဘာဆိုလိုသည်ကို မသိဘဲဖြစ်သွားဘတ်၏။

ဆေးလိပ်မကောင်းကြောင်းပြောလိုလျှင် ဆောင်းပါး အစအလယ် အဆုံး မကောင်းကြောင်းကိုသာရေးပါ။ တဖန် ဆေးလိပ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



လိပ်နည်း အကြောင်း ပြောလိုလျှင် နောက်ဆောင်းပါးတစ်ပုဒ် ထပ်ရေးပါ။

ဆေးလိပ် လိပ်ပုံ လိပ်နည်းအကြောင်းနှင့် ဆေးလိပ်သောက်ခြင်းသည် မကောင်းကြောင်း ဆောင်းပါးသည် တခြားစီ ဖြစ်ပါ၏။

တစ်ဖန်ဆေးလိပ်စတင်ဖြစ်ပေါ်လာပုံရေးလိုပါက ဆောင်းပါးတစ်ပုဒ်ထပ်ရေးပါ။ လူ့ဘဝတွင် လူတစ်ယောက်သည် ဆောင်းပါးဘယ်နှစ်ပုဒ်သာရေးရမည်ဟု ဥပဒေဖြင့်ကန့်သတ်ထားမှုမရှိပါ။ ဆောင်းပါးအပုဒ်ပေါင်းများစွာ ရေးသားနိုင်ပါ၏။ **သို့သော် စာရေးရာတွင် ဥပဒေတစ်ရပ်အနေနှင့် အသဲစွဲအောင်မှတ်သားထားရမည့်သံမဏိစည်းကမ်းမှာ သင်သည် ဆောင်းပါးတစ်ပုဒ်ရေး ပါက အကြောင်းအရာတစ်ခုသာ ပါရမည်ဖြစ်ပါ၏။**

လူများသည် ဆောင်းပါးရေးသားရာတွင် နှီးနွှယ်နေသော အကြောင်းအရာများကို ထည့်သွင်းရေးသားမိရာက ဆောင်းပါးသည်ဘာကိုဆိုလိုမှန်း မသိဘဲ ဘေးချော်ထွက်သွားပြီး မပီပြင်သောရေးမှုများနှင့် မိမိရေးသားလိုသည့်ကိစ္စကိုပေါ်လွင်အောင်မရေးသားနိုင်ဘဲစာရေးခြင်းအလုပ်ကို ကြိုးစားရင်း လမ်းမှားရောက်ကာ လက်လျှော့သွားတတ်ကြပါ၏။



ကျွန်တော်တို့သည် ပေးစာများ၊ အစီရင်ခံစာများ၊ သံကြိုးစာများကိုရေးသားဖူးကြ၏။ ထိုစာများတွင် ကျွန်တော်တို့ဘာပြောချင်သလဲ၊ ဘာဆိုချင်သလဲ၊ ဆိုချင်တာ ပြောချင်တာကို တင်းကျက်ချင်း၊ တစ်ခုချင်း စိစစ်ရေးသားခြင်းဖြင့် တစ်ဖက်လူနားလည်ကြောင်း သတိပြုမိမည်ဖြစ်ပါ၏။ ငယ်စဉ်ကကျွန်တော်တို့သည် ရည်းစားစာရေးသားမှုတွင် ရည်းစားစာတစ်စောင်တွင် မိမိရည်မှန်းထားသူအား မိမိဘယ်လောက်ချစ်သည် ဟူသော အကြောင်းအရာတစ်ခုသာပါဝင်၏။ ရည်းစားစာသည် ဆယ်မျက်နှာရှည်ကရှည်ပါမည်။ သို့မဟုတ် စာတစ်ကြောင်းတည်းသာလျှင်လည်း ရှိကောင်းရှိပါလိမ့်မည်။ သို့သော် -သည်မည်မျှပင်ရှည်ပါစေ ရေးသားထားသော အကြောင်းအရာမှာ သူ့ကိုကျွန်တော်ချစ်ကြောင်းမှ လွဲ၍အခြားအကြောင်းအရာ ဘာတစ်ခုမျှမပါပါ။

ထိုရည်းစားစာမျိုးသည် အောင်မြင်မှုရှိပါ၏။

စာအတိုအရှည်သည် ပြဿနာမရှိပါ။ တိုတိုလေးနှင့် ခရီးရောက်သွားပါကပို၍ကောင်းပါ၏။ အလားတူပင် ဆောင်းပါးရေးသားရာတွင်လည်းမိမိပြောဆိုလိုသည်ကို တိုတိုနှင့်ပြော၍သူတစ်ပါးသဘောပေါက်လက်ခံလျှင် ပို၍ကောင်းပါသည်။ အရေးကြီးသည်မှာ မိမိဆိုလိုသောအရာကို သူတပါး နားလည်လက်ခံသဘောပေါက်ဖို့ အရေးကြီး ၏။

www.burmeseclassic.com



ထိုသို့ဆိုပါက စာရေးတတ်ပြီလား။

စာရေးဆရာဖြစ်ပြီလား ဟုမေးစရာရှိပါ၏။

ကျွန်တော် တိတိကျကျဖြေဆိုရပါလျှင် စာရေးသားခြင်းဆိုင်ရာ ထိုလျှို့ဝှက်ချက်ကို သင်သိရုံဖြင့် စာရေးဆရာမဖြစ်သေးပါ။

စာရေးသားနည်းကို သိပြီးနောက် သင်သည် စာရေးသားလိုစိတ်ကိုမီးထိုးပေးဖို့လိုပါ၏။ သင့်စိတ်ဓာတ်သည် စာရေးသားရန်တစာစာဖြစ်နေရန်လိုအပ်ပါ၏။ သင်သည် ရေနွေးအိုးတည်သလို စာရေးသားလိုစိတ်ကို မီးထိုးပေးရပါမည်။

ရေနွေးအိုးတည်ပါက ပထမ မီးမွေးရမည်။

မီးတောက်လာပါက ရေကိုရေနွေးအိုးထဲထည့်ကာ မီးပေါ်တင်ရမည်ဖြစ်၏။ ထို့နောက်မွေးထားသောမီးဖြင့် ရေနွေးအိုးကို မီးမပြတ်အောင် ထိုးပေးရမည်ဖြစ်သည်။ မီးထိုးရာတွင် မီးမပြတ်ဖို့လိုသည်။ မီးပြတ်သွားပါက ရေနွေးအိုးဆူသည်အထိရောက်လာမည်မဟုတ်ပေ။ ရေနွေးပွက်ပွက်ဆူလာစေရေးသည် ကျွန်ုပ်တို့၏ ပန်းတိုင် ဖြစ်သည်။ ရေနွေးအိုးကို မီးတိုက်ပါက ဝါးတိုဝါးစ၊ ထင်းတိုထင်းစ၊ မီးသွေးခဲ၊ ကျောက်မီးသွေး၊ လျှပ်စစ် မီးတို့ဖြင့် အပူတိုက်နိုင်သောအရာမှန်သမျှနှင့် အဆက်မပြတ် မီးအား ကောင်းကောင်းဖြင့် မီးတိုက်ဖို့ လိုပါ၏။



ကျောက်မီးသွေးဖြင့် ဖားဖိုကို အသုံးပြု၍ မီးတိုက်ပါက ပို၍အားကောင်းနိုင်၏။

မီးထိုးရာတွင် မီးသည် တညီးညီး တောက်လောင်လာအောင် ထိုးပါ။ မီးထိုးမှုသည် အားကောင်းဖို့ လိုပါသည်။ တရစပ် မီးထိုးနေဖို့ လိုပါသည်။

စာရေးရာတွင်လည်း ရေနွေးဆူရန် မီးတိုက်သလို မိမိစာရေးလိုသော စိတ်ဆန္ဒကို မီးပြင်းပြင်း တိုက်ပေးရမည်ဖြစ်၏။ စာရေးလိုသော မိမိစိတ်ဆန္ဒစိတ်ဓာတ်ကို ထိထိရောက်ရောက် မီးတိုက်ပေးဖို့ လိုပါ၏။

ကောင်းကင်သို့တက်မည့် ဘောလုံးကြီးသည်မှိုင်းဝမှ အထက်သို့တက်သလို **ဘယ်အရာမဆို ပြည့်ဝမှုမရှိပါက အထက်သို့မတက်နိုင်ပါ။** ရေနွေးငွေ့ဖြင့်သွားသော မီးရထားများကို ကျောက်မီးသွေးဖြင့် အပူပေးသလို မီးထိုးပေးဖို့လိုပါ၏။

ယနေ့ကောင်းကင်တွင်ပျံသန်းနေသော ဂျက်လေယာဉ်ပျံကြီးများသည် သာမန်အပူ၊ သာမန်စွမ်းအားဖြင့် ပျံသန်းနေခြင်းမဟုတ်။ အကောင်းစားလေယာဉ်စက်ဆီကို မီးရှို့၍အပြင်းစားအပူရှိန်ဖြင့် အင်ဂျင်စက်အားလည်ပတ်စေသောအခါ အလွန်တရာလေးလံသော သံမဏိတုံးကြီးဖြင့် ပြုလုပ်ထားသောလေယာဉ်ကိုယ်ထည်ကြီးသည် ဘုန်

www.burmeseclassic.com



ချွေးရောခရီးသည်များပါ တင်ဆောင်ကာ ငှက်၏အသွင် ပျံသန်း၏အလား ခမြပြင်မှပျံတက်၍ ကောင်းကင်ယံတွင် တစ်နာရီမိုင် ၆၅၀ ထက်ကျော် လွန်သောနှုန်းဖြင့် တစ်ရှိန်ထိုးပျံသန်းသည်မှာ လောင်စာဆီကောင်း ကောင်းကို သုံး၍ အပြင်းစား မီးထိုးထားသောကြောင့် ဖြစ်၏။ ထင်းမီး၊ ကောက်ရိုးမီးမျှလောက်ဖြင့်ကား လေယာဉ်ကြီး မိုးပေါ်သို့မတက်ပါ။

ကျွန်တော် ဘာဆိုလိုချင်၍ ဘာ့အကြောင်းကို ရေးသားနေပါသနည်း?

ဤစာအုပ်သည် စာဘယ်လိုရေးသားရမည်ဟုဆိုသော စာရေးသားနည်းကျမ်းတစ်စောင် မဟုတ်ကြောင်း သင်သည် နိဒါန်းဖတ်စဉ်ကပင် သိရှိပြီး ဖြစ်ပါ၏။ ဤစာအုပ်သည် စာရေးသားနည်း အတတ်သင်စာအုပ်လည်း မဟုတ်ပါ။

ဤစာအုပ်သည် ဘဝတက်ကျမ်းစာအုပ်တစ်အုပ်ဖြစ်ပါသည်။ ဘဝနေနည်း၊ ဘဝအောင်မြင်နည်း လမ်းညွှန်ကျမ်းလည်းဖြစ်ပါ၏။ စာရေးဆရာဖြစ်လိုလျှင် စာအုပ်၏ပထမအခန်းတွင် ပါရှိသော စာရေးသားနည်းကိုယူ၍ သင့်ဆန္ဒစိတ်အား မီးထိုးကာ စာရေးဆရာဘဝကို ခံယူပါ သင်သည် မုချစာရေးဆရာ ဖြစ်နိုင်သည်။

သို့သော် ကျွန်တော်သည် ဤစာအုပ်ဖြင့် သင့်အား မီးထိုးပေးလိုသည်မှာ စာရေးဆရာဖြစ်ဖို့သက်သက်သာမက –



✳ သူကြွယ်တစ်ဦးဖြစ်ဖို့

✳ ငွေကြေးပြည့်စုံသူတစ်ဦးဖြစ်ဖို့

✳ ငွေကြေးဆိုင်ရာ လွတ်မြောက်ခွင့်ရဖို့

✳ အောင်မြင်သူတစ်ဦးဖြစ်ဖို့

✳ ထိပ်တန်းသို့ရောက်ဖို့

✳ သင်ဘာဖြစ်ချင်သလဲ ဖြစ်ချင်တာဖြစ်နိုင်ဖို့

✳ ထာဝရအောင်ပွဲနှင့် ကြွယ်ဝမှုရဖို့

✳ ပျော်ရွှင်မှုနှင့် အောင်ပွဲရဖို့

အတွက် ဤစာအုပ်ကိုရေးသားနေခြင်း ဖြစ်ပါ၏။

စာရေးသားခြင်းကိစ္စနည်းတူ ဘဝအောင်မြင်မှုအတွက် ထိပ်တန်းသို့ တက်လှမ်းရာတွင်လည်း သင်ဖြစ်လိုသော ကိစ္စတစ်ရပ် JUST ONE IDEA ကို ရွေးချယ်ပါ။

သင် ဘာလုပ်ချင်သနည်း?

သင် ဘာဖြစ်ချင်သနည်း?

ဘယ်လိုအောင်ပွဲမျိုး ရလိုသနည်း?

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလွတ်မြောက်ခွင့်မျိုးကို နှစ်သက်ပါသနည်း?

သင် ဖြစ်ချင်တာ လုပ်ချင်တာတစ်ခုကို ရွေးချယ်ပါ။

သင်လုပ်ချင်သောကိစ္စတစ်ခုကို ကြံစည်စိတ်ကူးပါ။

JUST ONE IDEA. ဖြစ်နိုင်ခြေတစ်ခုကို စိတ်ကူးပါ။

မဖြစ်နိုင်ဟုထင်ထားတာကိုလည်း စိတ်ကူးပါ။ မဖြစ်နိုင်ဟုထင်တာလည်း နောက်တော့ အလွယ်နှင့် ဖြစ်သွားနိုင်ပါ၏။ သို့သော်...

သင်သည် ဘယ်တော့မှ – ဘယ်တော့မှ ကိစ္စနှစ်ခုကို တစ်ပြိုင်တည်း မစဉ်းစားပါနှင့်။

ကိစ္စတစ်ခုကိုသာ ကြံစည်စိတ်ကူးပါ။

JUST ONE IDEA.

**ထို အကြံအစည် စိတ်ကူးသည် သင်၏ ရည်ရွယ်ချက်၊ သင်၏ မျှော်လင့်ချက်၊ သင့်၏ တောင့်တချက် ဖြစ်ပါ၏။**

ထို့နောက် ထိုအကြံအစည်ရည်မှန်းချက် ဆန္ဒကို မီးထိုးပါ၊ အပြင်းစားမီးထိုးပါ။ ထိုအခါ သင့်စိတ်ကူးဆန္ဒသည် ဆန္ဒသက်သက်ဖြစ်ချင်တာ သက်သက်မဟုတ်ဘဲ သင့်ရည်မှန်းချက်သည် ဇောကပ်ထားသော ရည်မှန်းချက် ဖြစ်လာပါမည်။



**စိတ်ဆန္ဒ + ဇော= စိတ်ဇောဆန္ဒ**

(ရိုးရိုးဆန္ဒ မဟုတ်တော့ပါ)

ရိုးရိုးဆန္ဒမဟုတ်သော စိတ်ဇောဆန္ဒ ရည်မှန်းချက်ကို အပြင်းစား မီးထိုးပေးပါ။ မီးထိုးရာတွင် ဆက်တိုက်မီးထိုးပါ။ ထိုအခါ သင့်ဆန္ဒစိတ်ဇောသည် တဟုန်းဟုန်း တောက်လောင်နေသည့် စိတ်ဇောဆန္ဒ (Burning Desire) ဖြစ်လာပါမည်။

ထိုစိတ်ဇောဆန္ဒသည် သင့်ရင်တွင်း၌အမြဲတမ်းတောက်လောင်နေပါစေ။ အမြဲတမ်းတောက်လောင်နေအောင်လည်း လောင်စာကောင်းကောင်းထိုးပေးပါ။ အပေါစားထင်းမီး၊ ဝါးမီး၊ ကောက်ရိုးမီးများဖြင့် ဆန္ဒဇောကိုမီးမထိုးပါနှင့်။ အကောင်းစားဂျက်လေယာဉ်ဆီ၊ အပြင်းစားဓာတ်ဆီ၊ ကျောက်မီးသွေး ကျောက်ခဲ စိန်ခဲ သံမဏိခဲများကို လောင်စာအဖြစ်အသုံးပြု၍ သင့်စိတ်ဇောကိုမီးထိုးပါ။ အဆက်မပြတ်မီးထိုးပါ။

ဂျက်လေယာဉ်ကြီး ကောင်းကင်ယံသို့ တရှိန်ထိုး တက်သွားသည်ကို သင်မြင်ဖူးပါလိမ့်မည်။ အလားတူပင်သင်သည်လည်း ဂျက်လေယာဉ်ကြီးတက်သလို ထိပ်ဆုံးသို့ရောက်ရှိသွားပါမည်။

တစ်ကြိမ်ပြုလုပ်လျှင် အမှုကိစ္စတစ်ခုကိုသာ လုပ်ပါ

www.burmeseclassic.com

www.burmeseclassic.com



## JUST ONE IDEA.

တစ်ခုတည်းသော ရည်မှန်းချက် အောင်မြင်ရေးအတွက် သင့်ဆန္ဒ သင့်ရည်မှန်းချက်တွင် ဇောကပ်ထားပါ။

ထို့နောက် ယင်း စိတ်ဇောဆန္ဒကို အကောင်းဆုံးမီးစာဖြင့် အဆက်မပြတ် မီးရှို့ပေးပါ။

မီးထိုးပေးရင်း ဘာ ဖြစ်လာမည်နည်း။

မီးထိုးပေးရင်း သင်သည် လမ်းစလည်း ပျောက်သွားနိုင်ပါ၏။

မီးထိုးရန် သင် လျှောက်သောလမ်းသည် ကျဉ်းသည်ထက် ကျဉ်းလာနိုင်ပါ၏။

သို့သော် ဖွဲ မလျှော့ပါနှင့် – ဆက်လျှောက်ပါ။

သင့်အား ထိပ်ဆုံး၌ တွေ့ရပါမည်။

စိတ်ဇောဆန္ဒကို ဘယ်လိုမီးတိုက်မလဲ?

ဘယ်သူတွေ မီးတိုက်ခဲ့သလဲ?

မီးထိုးနေရင်း ဘာတွေဖြစ်ခဲ့သလဲ?

အခန်း ၂

## မိမိစိတ်ဇောဆန္ဒကို အပြင်းစားမီးတိုက်သူ တစ်ဦး

ကျမ်းသစ္စာ ကျိန်ဆိုပြီးစ အမေရိကန်သမ္မတတစ်ဦးသည် လည်းကောင်း၊ ဟောလီဝုဒ်မှလျှမ်းလျှမ်းတောက် မင်းသမီးတစ်ဦးသည် လည်းကောင်း၊ အနောက်အုပ်စုမှ သန်းကြွယ်သူဌေးကြီးတစ်ဦးသည် လည်းကောင်း၊ ပြင်သစ်နိုင်ငံမှ ပန်းချီ အကျော်အမော်တစ်ဦးနှင့် ယခင်ရုရှပြည်ထောင်စုမှ ဗောလ်ရှီဗစ်တစ်ဦးသည် လည်းကောင်း ဂျပန်နိုင်ငံသို့ ပထမအကြိမ် အလည်အပတ်သွားရေးအတွက် ခရီးစဉ်ကို ဆေးဆွဲကြမည်ဆိုပါက အလည်အပတ်သွားမည့် ယင်းပုဂ္ဂိုလ်အားလုံးသည် မိမိတို့ ဂျပန်နိုင်ငံသို့ ရောက်ရှိပါက ဂျပန်နိုင်ငံရှိ နေရာတစ်နေရာသို့

www.burmeseclassic.com



သွားရောက်ရေးအတွက် ထည့်သွင်းရေးဆွဲပေးရန် မလွဲမသွေ အရေးဆိုလေ့ရှိကြ၏။

ယင်း ပုဂ္ဂိုလ်ကြီးများသည် လူတို့ဖန်ဆင်းသည့် ဖြူဝင်းသန့်စင်၍ အလှအပအဆန်းတကျယ် ရတနာတစ်ပါးကို ကြည့်ရှုရန်နှင့် ဆန္ဒစိတ်ဓာတ်ကို အပြင်းထန်ဆုံး မီးထိုးခဲ့သူ မနုဿလူသားတစ်ဦး၏ စွမ်းပကားကို ကြည့်ရှုရန် ထိုနေရာသို့ သွားရောက်ခွင့်ရရေး အတွက် အလေးအနက် တောင်းဆိုခြင်းဖြစ်ပါ၏။

ဂျပန်နိုင်ငံကလည်း ထိုနေရာသို့ သွားရောက်ရေးအတွက် တောင်းဆိုလာလျှင် လေးစားအပ်သော ဧည့်သည်တော်များအတွက် ထိုနေရာသို့ အလွန်မှဂုဏ်ယူဝင့်ကြွားစွာဖြင့် လိုက်လံ ပို့ပေးတတ်ပါ၏။

ထိုနေရာကား ဂျပန်နိုင်ငံ၏မည်သည့်နေရာဟု သင် ထင်ပါသနည်း။

ထိုနေရာသည် အခြားနေရာမဟုတ်။

- အရှေ့ကမ္ဘာ၏သောမတ်အယ်ဒီဆင်ဟူ၍ လည်းကောင်း
- ပုလဲဘုရင်မင်းမြတ်ဟူ၍လည်းကောင်း
- ကမ္ဘာပေါ်ရှိ သန်းပေါင်းများစွာသော အမျိုးသမီးတို့၏ ကြော့ရှင်းသော လည်တိုင်ကို အလှဆင်သူ ဟူ၍ လည်းကောင်း



- စိတ်ဆန္ဒဓာတ်ကို အပြင်းစား မီးတိုက်ခဲ့သူဟူ၍ လည်းကောင်း

ကမ္ဘာတွင် ထင်ရှားကျော်ကြားသည့် ဂျပန်လူမျိုးတို့၏စံပြဒါဘီ ဦးထုပ်ပိုင်ရှင်ဖြစ်သူ ဂျပန်အမျိုးသားကြီး **"ခိုတိုက်ချိ–မီကီမိုတို"** ၏ ပုလဲမွေးမြူရာကျွန်းပင် ဖြစ်ပါ၏။

ဂျပန်နိုင်ငံရှိ မီကီမိုတို၏ ပုလဲမွေးမြူရာကျွန်းသည် ကမ္ဘာ့အံ့ဖွယ်တစ်ခုဖြစ်သည်။ ကမ္ဘာ့အလှတစ်နေရာဖြစ်သည်။ ထိုနေရာသို့ ရောက်ပါက လူဖြစ်ရကျိုးနပ်ရသည်ဟု ဆိုရလောက်အောင် ထင်ရှားသောနေရာဖြစ်သည်။ ထိုနေရာကို ဤမျှလောက် ဘာကြောင့် တင်စားခဲ့ကြသနည်း။

ထိုနေရာသည် တစ်ခုတည်းသောရည်မှန်းချက် Just One Idea အတွက် အပြင်းစားမီးတိုက်ခဲ့သော နေရာတစ်နေရာ ဖြစ်၏။ အပြင်းစား မီးတိုက်ခဲ့သည့် မီကီမိုတိုဆိုသော ပုဂ္ဂိုလ်ကြီးသည် မိမိဘဝတွင် ကိစ္စတစ်ရပ်ကို ရွေးချယ်၍ မိမိရွေးချယ်သော ကိစ္စအတွက် ကြီးမားသော စိတ်ဆန္ဒဓာတ်ကို လူသားတို့အတွက် စံပြဖြစ်လောက်အောင် မီးတိုက်ခဲ့သူတစ်ဦး ဖြစ်ပါ၏။ ထို့ကြောင့်လည်း မီကီမိုတိုဟူသော နာမည်သည် ဂျပန်နိုင်ငံ၏ နယ်နိမိတ်ကိုသာမက အာရှတိုက်နယ်နိမိတ်ကိုကျော်ကာ ကမ္ဘာအထိ ကျော်ကြားခဲ့သော ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီး၊ ကမ္ဘာ့သိပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပါ၏။ မီကီမိုတိုဆိုသော

www.burmeseclassic.com



အမည်သည် လူသားကမ္ဘာကြီးတည်ရှိနေသမျှ ဤကမ္ဘာမြေတွင် တည်ရှိကျန်ရစ်မည့် အမည် ဖြစ်ပါသည်။

မီကီမိုတိုသည် ဖော်ပြပါအတိုင်း လူသားတို့၏ လေးစားကြည်ညိုခြင်းကို ခံရသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ရုံသာမက ကမ္ဘာပေါ်တွင် ကွန်မြူနစ် စနစ်ကို ကား(လ်)မတ်စ်က စဉ်းစား တွေးခေါ်ခဲ့သော်လည်း လက်တွေ့အ ကောင်အထည်ဖော်ခဲ့သူသည် မီကီမိုတိုဖြစ်သည်ဟု ကင်ပွန်းတပ်ခြင်းခံရသူတစ်ဦးလည်း ဖြစ်ပါသည်။

မီကီမိုတိုသည် အဘယ့်ကြောင့် ကမ္ဘာကျော် ပုဂ္ဂိုလ်ဖြစ်ခဲ့သနည်း။ သူသည် ဆန္ဒတစ်ခု JUST ONE IDEA ကို သတ်သတ်မှတ်မှတ်ရွေး၍ အပြင်းစား မီးတိုက်ခဲ့သူတစ်ဦးဖြစ်၏။

ဤမျှကြီးကျယ်သော မီကီမိုတိုဆိုသော ပုဂ္ဂိုလ်သည် ဘယ်သူလဲဟု မေးပါက မီကီမိုတိုသည် ဂျပန်နိုင်ငံ တိုဘာဆိပ်ကမ်းမြို့၏ ကမ်းခြေတွင် တစ်ခါက သစ်သားတွန်းလှည်းတစ်စီးဖြင့် ခေါက်ဆွဲပြုတ်အော်ရောင်းခဲ့သော အလွန်ဆင်းရဲသည့် ဂျပန်တစ်ယောက်ဟု ဖြေဆိုရမည်ဖြစ်ပါ၏။ မီကီမိုတို၏ ဘဝကလည်း ဆင်းရဲတွင်း နက်လှပါ၏။ ရှေးခေတ် ဆင်းရဲသော ထောင်ပေါင်းများစွာသော ဂျပန်များထဲတွင် မီကီမိုတိုသည် တစ်ဦးအပါအဝင် ဖြစ်သည်။



ထောင်ပေါင်းများစွာသော ဆင်းရဲသားဂျပန်မိသားစုများတွင် မီကီမိုတို မိသားစုသည် အဆင်းရဲဆုံး ဖြစ်သည်။ ထို့ကြောင့်လည်း မီကီမိုတိုသည် ငယ်စဉ်က အရွယ်နှင့်မမျှအောင် ပင်ပန်းကြီးစွာ ဘဝခရီးလမ်းကို လျှောက်လှမ်းခဲ့ရသည်။

ဆင်းရဲရသည့်အထဲ သူ့အသက် ၁၁ နှစ်အရွယ်တွင် ဖခင်ကြီးဖြစ်သူ မကျန်းမမာသောကြောင့် ဖခင်ကြီး၏နေရာကို ၁၁ နှစ်သား ဘဝကလေးပင် ဝင်ရောက်နေရာယူရ၏။ မီကီမိုတို၏အလုပ်သည် မိုးမလင်းမီထ၍ ဈေးသို့သွားကာ ဟင်းသီးဟင်းရွက်များကို ရောင်းရသောအလုပ်ဖြစ်သည်။ မီကီမိုတိုအလုပ်သည် ဟင်းရွက်ရောင်းရသောအလုပ်တစ်ခုဟည်းလားဟုဆိုလျှင် မဟုတ်ပါ။ သူသည် တစ်နေကုန်ဈေးရောင်းပြီးဈေးပိတ်သည်နှင့် ညနေစောင်းတွင် ဘီးတပ်သစ်သားလှည်းလေးကို တွန်းကာ တိုဘာဆိပ်ကမ်းတွင် ခေါက်ဆွဲပြုတ်ကို သန်းခေါင်ကျော်အထိ ခေါက်တုန့်ခေါက်ပြန် တကျော်ကျော်အော်ဟစ်ကာ ရောင်းရပါသေး၏။ တစ်ခါတစ်ရံ ညနှစ်ချက်တီးအထိ ရောင်းရသည်။ ညနှစ်ချက်တီး အချိန်လောက်တွင် ညအဆိုင်း ဆိပ်ကမ်းလုပ်သားများအလုပ် အဆင်းအတက်ရှိရာ ထိုအလုပ်သမားထဲမှ တစ်ချို့တစ်လေများမိမိ ခေါက်ဆွဲပြုတ်ကိုဝယ်၍ စားလေမလားဟူသော မျှော်လင့်ချက်ဖြင့်ညနှစ်ချက်တီးအချိန်ထိ အလွန်ချမ်းချမ်းစီးစီးဖြင့် ခေါက်ဆွဲကို ဆေင့်၍ရောင်းရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က မီကီမိုတို၏ အသက်သည် ၁၁ နှစ်သား ၁၂ နှစ်သားမျှသာရှိသေးသော်လည်း သူသည် တစ်နေ့လျှင် ၄ နာရီမျှလောက်သာ အိပ်ချိန်ရှိ၍ တစ်နေ့လုံး၊ တစ်ညလုံး အလုပ်လုပ်ရရှာ၏။ မီကီမိုတို၏ ငယ်စဉ်ဘဝသည် တစ်နေကုန် နေဝင်မှနေထွက် ဈေးရောင်းရင်းဖြင့်သာ အချိန်ကုန်ခဲ့ရ၏။ ကုန်စိမ်းသည် မီကီမိုတိုသည် မနက်ပိုင်း ဈေးရောင်း ညနေပိုင်း မိမိထံ၌ ခေါက်ဆွဲပြုတ် လာစားရန် တွင်တွင် အော်ရောင်းရသော်လည်း **လူနေခြုံကြား၊ စိတ်နေဘုံဖျား** ဆိုသော လူငယ် တစ်ဦးဖြစ်၏။ သူသည် ငုပ်မိသဲတိုင်၊ **တက်နိုင်ဖျားရောက်** ဆိုသော စိတ်ထား ငယ်စဉ်ကာလမှစ၍ သူ့ရင်တွင်း၌ ထာဝစဉ်ရှိနေသူ ဂျပန်လူငယ်လေးတစ်ဦး ဖြစ်သည်။ မီကီမိုတိုသည် ကုန်စိမ်းရောင်းနေရသော ဘဝ၊ ခေါက်ဆွဲပြုတ်ရောင်းရသောဘဝမှ အခွင့်ရသည်နှင့် ရုန်းထွက်ရန် အကြံရှိသူလည်း ဖြစ်ပါ၏။

မီကီမိုတိုသည် သူခေါက်ဆွဲရောင်းရသော ကမ်းခြေမှပင်လယ်ပြင်ကြီးကိုကြည့်ကာ ပင်လယ်ပြင်ကြီးသည် အပြောကျယ်လှသည်။ ဤမျှ အပြောကျယ်လှသော ပင်လယ်ကြီးအတွင်း၌ ထူးခြား ဆန်းကြယ်သော အရာ တစ်စုံတစ်ခုတော့ မုချ ရှိနိုင်ရမည်ဟု ယုံကြည်ချက်ထားရှိသူ ဂျပန်လူငယ်တစ်ဦးဖြစ်ပါ၏။

ပင်လယ်ပြင်ကြီးကား အပြောကျယ်လှ၏။



လှိုင်းပုတ်သံများကို မီကီမိုတိုသည် နေ့စဉ်ကြားနေရ၏။ ထိုလှိုင်းသံတို့သည် ဤပင်လယ်ပြင်ဝယ် အဖိုးထိုက်အဖိုးတန်ရတနာများ ရှိသည်။ ဆယ်ဝံ့သူများ၊ ဆယ်ယူနိုင်စွမ်းရှိသူများ လာကြလှည့်၊ ယူကြလှည့်ဟု နေ့စဉ် ဟစ်အော်ပြောဆိုနေသည့်အလား ရှိပါ၏။ ပင်လယ်ပြင်၌ မုန်တိုင်းများ ကျလာခြင်းကို မီကီမိုတိုက ပင်လယ်ပြင်ကြီးသည် သူ့ထံတွင်ရှိသော ရတနာသိုက်ကြီးကို လူများလာရောက်မတူးယူ မဖော်ထုတ်သဖြင့် ဒေါသတစ်ကြီးနှင့် အော်ဟစ်နေခြင်းဟု ယူဆတတ်ပါ၏။

မီကီမိုတိုသည် သူ၏ လက်ရှိဘဝကို ရုန်းထွက်ရန် အမြဲကြိုးစား၏။ တကယ်တော့ သူ့တွင် စာသင်ချိန်မရ၊ ကျောင်းသွားဖို့ဆိုသည်မှာ စိတ်ကူး၍မဖြစ်။ သူငယ်စဉ်က အထူးခြားဆုံးလုပ်ဖူးသည့်ကိစ္စမှာ သစ်သားချောင်းများနှင့် ပုလင်းများကို လက်နှစ်ဖက်နှင့် မြှောက်ကစားသော Juggling ဆိုသောကစားနည်းကို ကစားရခြင်းသာဖြစ်၏။ ဤကစားနည်းသည် ငွေကုန်ကြေးကျမရှိ။ ရှည်လျားသောသဲသောင်ပြင်တွင် ပုလင်းနှစ်လုံးကိုမြှောက်၍ ကစားရင်း အလွန်စရိတ်ကျဉ်းသော ကစားနည်းဖြင့် နောင်တစ်ချိန်တွင် ကမ္ဘာ့အရှေ့ဖျားမှ အကျော်ကြားဆုံး ပုဂ္ဂိုလ်များတွင် စာရင်းဝင်မည့် မီကီမိုတိုသည် သူတစ်နေ့တာပင်ပန်းသမျှ ဤကစားနည်းဖြင့် အချိန်လု၍ ဖြေဖျောက်ရရှာပါ၏။

မီကီမိုတိုသည် အခွင့်အလမ်းကိုတွေ့အောင်ရှာ မီအောင်ဖမ်းတတ်သူဖြစ်ပါ၏။ လူ့ဘဝတွင် အခွင့်လမ်းကို တွေ့အောင်ရှာနိုင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



သည် ဘဝအောင်ပွဲရခြင်းဖြစ်၏။ အခွင့်အလမ်းကို တွေ့အောင်ရှာ မိအောင်ဖမ်းနိုင်ခြင်းသည် ရတနာဘဏ္ဍာလှောင်ပေါ်သို့ တက်ထိုင်ခြင်း ဖြစ်သည်။

မိုက်ကီမိုတိုသည် အခွင့်အလမ်းကိုစောင့်မျှော်နေသော လူငယ် တစ်ဦးဖြစ်၏။ အခွင့်အလမ်းသည် တစ်ခါတစ်ရံ လေပြေလေညှင်းလို လာတတ်သကဲ့သို့ တစ်ခါတစ်ရံတွင် မုန်တိုင်းနှင့်အတူ ပါလာတတ် ပါ၏။ ဘယ်လိုအရာနှင့်ပင် လာပါစေ၊ အခွင့်အလမ်းကို အခွင့်အလမ်း ဟူ၍ သိရှိဖို့အရေးကြီးပါ၏။

သင်သည် အခွင့်အလမ်းကို သိတတ်ပါစေ။

၁၈၅၄ ခုနှစ်တွင် အမေရိကန်ရေတပ်မှ ဗိုလ်ချုပ်ပယ်ရီသည် ဂျပန်နိုင်ငံ၏ပိတ်ထားသော တံခါးကို မိမိရေတပ်ဖြင့် ဝင်ရောက် ဖွင့်လှစ်ခဲ့သည်။ ဂျပန်နိုင်ငံသည်လည်း တံခါး ဖွင့်ပေးခဲ့ရပါ၏။ ဗိုလ်ချုပ်ပယ်ရီရောက်ရှိပြီးနောက်ပိုင်းတွင် အမေရိကန် ရေတပ်သင်္ဘော များသည် ဂျပန်နိုင်ငံသို့ မကြာခဏ ရောက်ရှိလာတတ်ပါ၏။ ဗိုလ်ချုပ် ပယ်ရီ လာရောက်တံခါးဖွင့်ပြီး ၂၁ နှစ်အကြာ ၁၈၇၅ ခုနှစ်တွင် အမေရိကန်စစ်သင်္ဘောဆေးလ်ဗါး Silver သည် မိုက်ကီမိုတိုတို့နေထိုင်ရာ တိုဘာဆိပ်ကမ်းသို့ရောက်လာခဲ့၏။ တိုဘာမြို့သူ မြို့သားတို့သည် အမေရိကန်စစ်သင်္ဘောအား အထူးအဆန်းအဖြစ် လာရောက်ကြည့်ရှုကြ ၏။ အမေရိကန်စစ်သင်္ဘောရောက်ရှိလာခြင်းကို မိုက်ကီမိုတိုက အခွင့်



အလမ်းတစ်ရပ်ဟု သတ်မှတ်ခဲ့သည်။ ထိုအခွင့်အလမ်းကို လက်လွှတ် ခံ၍မဖြစ်။ ထို့ကြောင့် မိုက်ကီမိုတိုသည် တိုဘာတစ်မြို့လုံးက အမေရိကန် စစ်သင်္ဘောအား အထူးအဆန်းအဖြစ် ကြည့်ရှုနေချိန်တွင် သူသည် ကြက်ဥ၊ ဘဲဥနှင့် ဟင်းသီးဟင်းရွက်များကို လှေတစ်စင်းဖြင့် တင် ဆောင်ကာ စစ်သင်္ဘောနားသို့ ကပ်သွားခဲ့၏။ သို့သော် စစ်သင်္ဘောက မိုက်ကီမိုတို၏လှေငယ်အား သူတို့၏ စစ်သင်္ဘောနားသို့ အလွယ်နှင့် ကပ်ခွင့်မပြုခဲ့။ ထိုအခါ မိုက်ကီမိုတိုသည် မိမိတတ်ကျွမ်းသော Juggling ပညာဖြင့် အမေရိကန်စစ်သားများအား ဖျော်ဖြေခဲ့ရာမှ အမေရိကန် ရေတပ်သားများနှင့် ရင်းနှီးမှုရရှိကာ သူ့အား သင်္ဘောပေါ်သို့ တက်စေ ၏။

သင်္ဘောပေါ်သို့ တက်ခွင့်ရသည်နှင့် မိုက်ကီမိုတိုသည် ထိုအခွင့် အလမ်းကို အမိအရသုံးတော့၏။ သူသည် မိမိ၏လက်သုံးတော်ကစား နည်းဖြင့် သင်္ဘောသားတို့အား ဖျော်ဖြေရုံသာမက သူသည် ကြက်ဥ၊ ဘဲဥနှင့် ဟင်းသီးဟင်းရွက်များကို အမေရိကန်ရေတပ်သားများအား အမြတ်တင်ကာ ရောင်းတော့၏။

**မိတ်ဆွေ . . .**

**အခွင့်အလမ်းဆိုတာ ရှိတယ်၊**

**အခွင့်အလမ်းဆိုတာ**

www.burmeseclassic.com

www.burmeseclassic.com



**အချိန်မရွေး ရောက်လာတတ်တယ်၊**

**သူရောက်မလာရင်လည်း**

**သင်က အခွင့်အလမ်းဆီသို့ သွားပါ။**

**အချိန်မဆွဲပါနှင့်**

**အချိန်ဆွဲခြင်းသည်**

**အလွန်ဆိုးဝါးသောအကျင့်ဖြစ်ပါ၏။**

**ရွှေ့ဆိုင်းခြင်းသည် အခွင့်အလမ်းကို**

**ပျောက်ကွယ်စေနိုင်၏။**

**အခွင့်အလမ်းကို အချိန်မဆွဲတတ်သော**

**မဟာမိကီမိုတိုသည်**

**အခွင့်အလမ်းရှိရာသို့**

**လှေငယ်ဖြင့် သွားလေပြီ . . .။**

ကမ်းခြေတွင် ဈေးချိုချိုဖြင့် ဝယ်ယူ၍ရသော ဟင်းသီးဟင်းရွက်များကို မိကီမိုတိုသည် သင်္ဘောပေါ်တွင် အတော်လေး အမြတ်တင်ရောင်းခွင့်ရ၏။ သူသည် Juggling ကစားနည်းဖြင့် သင်္ဘောသားများအား ဖျော်ဖြေသည့်အတွက်လည်း သင်္ဘောသားများက သူ့ကိုခင်သည်။ ကြက်ဥကဲ့သို့သော အာဟာရ ဖြစ်စေသည့်အရာကို လတ်လတ်ဆတ်ဆတ် သင်္ဘောပေါ်အထိ ယူလာခဲ့သည့်အတွက်လည်း မိကီမိုတိုသည် အမေရိကန်သင်္ဘောသားများအတွင်း မျက်နှာပွင့်ခဲ့သည်။



အမေရိကန်ဈေးကွက်တွင် ဂျပန်ပစ္စည်းများ အရောင်းရတွင်ကျယ်၍ အသာစီးရနေမှုသည် ယခုမှ စတင်ခဲ့သောကိစ္စမဟုတ်။ လွန်ခဲ့သောအနှစ် ၁၀၀ ကျော်ကပင် မိကီမိုတိုထွင်ခဲ့သောလမ်းကြောင်းဟုဆိုပါက မမှားနိုင်ပါ။ အမေရိကန်သင်္ဘောမှ အလိုရှိသော အရာများကို မိကီမိုတိုသည် ရအောင်ရှာဖွေပေးရုံသာမက မိကီမိုတိုသည် အမေရိကန်သင်္ဘောသားများအား ဂျပန် ဆာကေးနှင့် မိတ်ဆက်ပေးရာ ဂျပန် တို့၏ရိုးရာ အရက်ဖြူဖြစ်သော ဆာကေးသည် အမေရိကန် သင်္ဘောသားများအတွင်း အရောင်းရ သွက်ခဲ့၏။ ဆာကေးသည် အရောင်းသွက်သောကုန်ပစ္စည်းတစ်မယ်ဖြစ်ခဲ့၏။

ဤသို့ဖြင့် မိကီမိုတိုသည် အမေရိကန်သင်္ဘောဆေး ဝါးအပြန်တွင် အမြတ်အစွန်းအတော်ကလေးရလိုက်၏။ သူသည် ဆာကေးအပါအဝင် ကြက်ဥ၊ ဘဲဥနှင့် ဟင်းသီးဟင်းရွက်များအပေါ်မှ အမြတ်အစွန်း မြက်မြက်လေး ရယူခဲ့ရုံသာမက အမေရိကန်စစ်သင်္ဘောပေါ်မှသင်္ဘောသားတို့ ရောင်းပစ်ခဲ့သော နိုင်ငံခြားပစ္စည်းများနှင့် ပေးခဲ့သောလက်ဆောင်ပစ္စည်းများကို ထုခွဲရာမှလည်း အတော်လေးစုမိပြီး ငွေသားအချို့ ပိုက်ပြီးသားဖြစ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မီကီမိုတိုသည် အကြံနှင့်ဉာဏ်နှင့်ပုဂ္ဂိုလ်ဖြစ်၏။

သင်ကော ဘယ်လိုပုဂ္ဂိုလ်လဲ?

သင်သည် အဆန်နှင့်ပုဂ္ဂိုလ်လား၊ ဉာဏ်နှင့်ပုဂ္ဂိုလ်လား?

မီကီမိုတိုသည် အတွေးအခေါ်နှင့် အကြံဉာဏ်နှင့် ပုဂ္ဂိုလ်ဖြစ်၏။

မီကီမိုတိုသည် သမားရိုးကျ လမ်းဟောင်းမှ ခွဲထွက်သူဖြစ်၏။

မီကီမိုတိုသည် လမ်းသစ်ကိုထွင်သူဖြစ်၏။

မီကီမိုတိုသည် အခွင့်အလမ်းကို စောင့်သူဖြစ်သည်။

မီကီမိုတိုသည် အချိန် မဆွဲသူဖြစ်သည်။

၁၈၈၅ ခုနှစ်

တုံ့နှစ်သည်

မီကီမိုတိုအတွက် ကံကောင်းတစ်ခု ကြုံသော နှစ်ဖြစ်၏။ ထိုနှစ်၏ တစ်နေ့သော နံနက်ခင်းတွင် ဘာကြောင့်ရယ်မသိ။ တိုဘာမြို့ရှိ တံငါသည်များသည် ငါးအမြောက်အမြားကို ဖမ်းမိခဲ့၏။ ထိုနေ့က တံငါသည်များ ဖမ်းမိလာသောငါးများသည် တိုဘာဆိပ်ကမ်းတွင် ဖွေးနေပါ၏။ ဤသည်ကို အခွင့်ကောင်းယူကာ ယိုကိုဟားမားနှင့်



အိုဆာကာမှ ငါးပွဲစားများသည် တံငါသည်များ ဖမ်းလာသော ငါးများကို အကြီးအကျယ်ဈေးနှိမ်၍ ဝယ်ရန်ပြင်ဆင်ပါတော့၏။ ထိုနေ့က တိုဘာဆိပ်ကမ်းတွင် တံငါသည်များလည်း အခက်တွေ့သည့်နေ့ ဖြစ်ပါ၏။

တံငါသည်များသည် နေမြင့်လာသည်နှင့် တစ်သက်မှတစ်ခါ အမြောက်အမြား ဖမ်းမိလာသည့်ငါးများကို အဆမတန်ဈေးလျှော့ရောင်းရတော့မည့်အခြေသို့ ဆိုက်ရောက်နေပါ၏။ ထိုအခြေအနေတွင် မီကီမိုတိုသည် မိမိအရေး မိမိကိစ္စမဟုတ်သော်လည်း တံငါသည်များဘက်မှ ရပ်တည်ကာ တံငါသည်များအား တန် ၁၂၀ တင်စက်လှေကြီး တစ်စင်းနှင့် အခြားလှေများကို ငှား၍ ထိုငါးများကို တိုကျိုမြို့သို့ ဘက်ရောင်းရန်အကြံပြုလိုက်၏။ တံငါသည်များသည် ထိုအကြံကို လက်ခံကာ ချက်ချင်းပင် လှေများကို ငှား၍ တိုကျိုသို့ထွက်ရန် စီစဉ်ကြ၏။

ထိုအခါကျမှပင် ငါးပွဲစားများက တန်ရာတန်ကြေးပေးပါမည်ဟုဆိုသော်လည်း မီကီမိုတိုသည် ကြိုက်ဈေးမရ၍ လှေတပ်ကြီးချီကာ တိုကျိုမြို့သို့ ထွက်လာခဲ့၏။ အမေရိကန်ဗိုလ်ချုပ် ကိုမိုဒိုယ်ရီသည် အမေရိကန်မှ ဂျပန်နိုင်ငံအား တံခါးဖွင့်ရန် ရောက်လာသို ကကဲ့သို့ မီကီမိုတိုသည် ရှေ့ဆုံးမှ တံငါလှေပေါ်တွင် ခါးထောက်ကာ ရေတပ်ဗိုလ်ချုပ်ကြီးတစ်ဦးအလား တိုကျိုငါးဈေးကွက်သို့ ဝင်ရောက်ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၃

## ရှစ်စုမြောက် ကမ္ဘာ့အံ့ဖွယ်ရာ

ဂျပန်သည် ကျွန်းနိုင်ငံဖြစ်သည်။

ပင်လယ်ထဲမှ ဂျပန်ကျွန်းများသည် ဂျပန်နိုင်ငံဖြစ်၏။

မေဂျီခေတ်ဦးပိုင်းမှစ၍ ဂျပန်တွင် ပုလဲကို ပင်လယ် ကြမ်းခင်းပြင် တစ်လျှောက်မှ ရှာဖွေတွေ့ရှိခဲ့၏။ ငါးရှာရင်း ပုလဲတွေ့သူများရှိသလို ငါးရော ပုလဲကိုပါ ရှာသူ တံငါသည်များလည်း ရှိခဲ့သည်။ ဓောဓောပိုင်းက ပုလဲကို သမုဒ္ဒရာကြမ်းပြင်အောက်မှရသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဘယ်ပုံပုလဲဖြစ်လာသည်ကို လူသားတို့သည် သဲသဲကွဲကွဲမသိကြပါ။ ပုလဲကို ပုလဲမိခင်မုတ်ကောင် Mother of Pearl မှ ရရှိသည်ဟူသောကိစ္စကိုပင် သူတို့သည် သဲသဲကွဲကွဲ မသိကြပါ။ ပုလဲကို ပုလဲမိခင်မုတ်ကောင်မှ ဖြစ်ပေါ်လာသည်ဟူသောကိစ္စကို ထိုအခါက လူသားတို့သည် လုံး၀ မသိရှိသေးဘဲ ဖြစ်ပါ၏။ ၁၈၇၀ ပြည့်နှစ်တိုင် မုတ်ကောင်များထဲ၌ ပုလဲတွေ့ခြင်းသည် မတော်တဆကိစ္စဟု လူတို့ အယူအဆရှိခဲ့ပါ၏။ ထို့ကြောင့်လည်း မုတ်ကောင်အတွင်း၌ ပုလဲမွေးမြူရေးကိစ္စကို မည်သူမျှ မစဉ်းစားဘဲ ရှိခဲ့၏။

သို့သော် ပင်လယ်ဝိုင်းရံထားသော ဂျပန်နိုင်ငံ၏ ပင်လယ်ကြမ်းပြင်ဝယ် ပုလဲကို မကြာခဏ တွေ့ရ၏။ အထူးသဖြင့် အမူရာကမ်းခြေ၊ နနိုကမ်းခြေနှင့် မီကီမိုတို၏ မွေးဇာတိဖြစ်သော အငုံပင်လယ်ကမ်းခြေတို့သည် မကြာခဏ ပုလဲတွေ့ရသော ကမ်းခြေများဖြစ်ပါ၏။

မီကီမိုတိုသည် ပင်လယ်ကမ်းခြေတွင် သစ်သားတွန်းလှည်းဖြင့် ခေါက်ဆွဲလှည့်လည်ရောင်းချစဉ်ကပင် ဤမျှကြီးကျယ်သော ပင်လယ်ပြင်တွင် အလွန်ထူးခြားလှပသော ရေသူမလေးများနှင့် ရေနဂါးများထက် ပိုမိုထူးခြားသော အဆန်းအပြားများ အမှန်တကယ်ရှိမည်ဟု ယူဆခဲ့၏။



တစ်ခါတစ်ရံ ပင်လယ်ကြမ်းပြင်မှ ထင်ဝါ သည့်ကြီးများ ပုလဲရရှိလာသောအခါ မီကီမိုတိုသည် အနီးကပ်စိတ်ဝင်စားစွာ ကြည့်ရှုရ၏။ ဤပင်လယ်ကြမ်းပြင်ကြီး၏အောက်တွင် ပုလဲရတနာရှိနေသည်ကား သေချာ၏။ ဘယ်ပုံဘယ်နည်းရှိနေသည်။ ရှိနေသောပုလဲ များကို ဘယ်ပုံ ဘယ်နည်းရယူမည်။ အများအစားရရှိအောင် ဘယ်လိုလုပ်ရမည်ဟူသော အချက်များကို သူမသိဘဲဖြစ်နေ၏။

မိမိနှင့် အလှမ်းကွာဝေးသောပင်လယ်ကြမ်းပြင်အောက်မှ ပုလဲများအကြောင်းကို ခေါက်ဆွဲရောင်းရင်း မီကီမိုတိုသည် အကြိမ်ပေါင်းများစွာ စဉ်းစားခဲ့၏။

ပုလဲသည် မီကီမိုတို၏ဦးနှောက်ထဲတွင် သန္ဓေတည်လာခဲ့သည်။

တစ်နေ့တွင် ပုလဲရတနာကို ပင်လယ်ပြင်မှ မိမိကိုယ်တိုင်ထုတ်ယူမည်ဟုလည်း စိတ်ကူးခဲ့သည်။ စိတ်ကူးကို လက်တွေ့အကောင်အထည်ဖော်ရန်လည်း လမ်းစရှာခဲ့၏။

အတော်အတန် ကြီးပြင်းလာသောအခါ မီကီမိုတိုသည် မိမိငယ်စဉ်မှစ၍ အိပ်မက်ခဲ့သော ပုလဲရှာဖွေရေးလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့၏။ ထိုသို့ စတင်လုပ်ကိုင် စူးစမ်းရှာဖွေပြီး နှစ်အတော်ကြာမှ လူတို့သည် ပုလဲဆိုသော ရတနာကို မွေးမြူ၍ ရနိုင်မည်ဟု

www.burmeseclassic.com



ယူဆရုံယူဆလာနိုင်၏။ ထိုယူဆချက် မှန်ကန်ကြောင်းကို မီကီမိုတို သည် လေယာဉ်ကြီးများ မိုးပေါ်သို့တက်ရန် အပြင်းစားမီးထိုး ပေးသလို မီးထိုးပေးပြီး ရှာဖွေခဲ့၏။

မီကီမိုတိုသည် အနှစ် ၂၀ လုံးလုံး ပုလဲမွေးမြူရေးလမ်းစကို ရှာဖွေခဲ့ရာ အားလုံးသည် စမ်းတဝါးဝါးချည်းသာ ဖြစ်ခဲ့၏။ ထို့ကြောင့်ပင် မီကီမိုတိုအား အခြားသူများက ပုလဲအရူးဟု စတင် ခေါ် လာခဲ့ကြ၏။ တကယ်လည်း မီကီမိုတိုသည် ပုလဲရူး ရူးခဲ့၏။ သူသည် ပုလဲအရူးကြီးလည်း ဖြစ်ပါ၏။ မီကီမိုတိုအတွက် အားပေးသူမှာ ချစ်ဇနီး အူမေတစ်ဦးတည်းသာ ရှိခဲ့၏။ မီကီမိုတိုကလည်း မိမိဘေး တွင် ချစ်ဇနီး အူမေရှိနေသမျှ ပုလဲရူးရူးနေချင်သည်။ အူမေ၏ လည်တိုင်ကြော့ကြော့တွင် သူမွေးမြူ၍ ရရှိသော ပုလဲ လုံးလုံးဝိုင်းဝိုင်း လေးကို သူကိုယ်တိုင် ရွေလည်ဆွဲ ပေးချင်သော ဆန္ဒရှိ၏။ ထိုဆန္ဒကို မီကီမိုတိုသည် အပြင်းစားမီး တိုက်ခဲ့ပါ၏။

လူတကာက မီကီမိုတိုအား ပုလဲအရူးဟုသမုတ်ချိန်တွင် မညည်းမညူ စိတ်ထားမကွက်ဘဲ အားပေးနေသူသည် ချစ်ဇနီးအူမေပင် ဖြစ်ပါ၏။ အူမေသည် မီကီမိုတိုထံမှ ချစ်သက်လက်ဆောင်အဖြစ် ပေးအပ်သော မအောင်မြင်မှုအားလုံးကို မညည်းမညူ ပန်းအဖြစ် ပန်ဆင်ကာ မီကီမိုတို ပုလဲရူးရူးနေချိန်တွင် အူမေက မိသားစုစားဝတ် နေရေးအတွက် တာဝန်ယူခဲ့၏။ အူမေသည် ဇနီးကောင်းပီသစွာ



ချစ်လင်၏ပါရမီကို ကူညီဖြည့်ဆည်းခဲ့၏။ အူမေသည် ဟင်းမပါသော ထမင်းအနပ်ပေါင်း များစွာကို မြိန်ယှက်စွာ စားသုံးကာ မီကီမိုတို၏ ပုလဲမွေးမြူရေးစိတ်ကူး ကို အကြီးအကျယ်ထောက်ခံအားပေးခဲ့ပါ၏။

ကဲ မိတ်ဆွေ
သင့်မှာ ဇနီးမယားတစ်ယောက်
လိုတာတော့အမှန်ပဲ။
အဲဒီဇနီးမယားဟာ
သင့်ကို ထောက်ခံတဲ့ဇနီး
သင့်ကို အပြစ်မမြင်တဲ့ဇနီး
သင့်အလုပ်
သင့်ရည်မှန်းချက်ကို
မမှိတ်မသုန်
ထောက်ခံ၍
သင့်လုပ်ရပ်ကို
အပြစ်မတင်တဲ့ဇနီး
ဖြစ်ဖို့တော့ လိုတယ် . . .။
သင့်ဇနီးဟာ

www.burmeseclassic.com

www.burmeseclassic.com



**အူမေဖြစ်ဖို့တော့မလွယ်ဘူး။**

**သင့်ဇနီးဟာ အူမေဆိုရင်**

**ကိုးကွယ်ထားလိုက်ပါ . . .။**

အူမေသည် ဇနီးကောင်း အဖော်မွန်အဖြစ် မီကီမိုတိုအတွက် ပါရမီဖြည့်ခဲ့၏။ မီကီမိုတိုသည် သူ့အလုပ်သမားများ အပေါ် သားသမီး အရင်းအချာပမာ ဆက်ဆံ ပေးကမ်းခဲ့သည်ကို အူမေသည် မကန့်ကွက်ခဲ့။ အူမေ၏ သတ္တိကား မျှော်လင့်ချက်တစ်စုံတစ်ရာရှိသော လင်ယောကျ်ားအပေါ် ဘာအပြစ်မှ မပြောခြင်းဖြစ်ပါ၏။

မီကီမိုတိုသည် ပုလဲကိုမုတ်ကောင်မှရရှိသည်။ မုတ်ကောင်တို့မှ ပုလဲရရှိရန် မုတ်ကောင်၏အတွင်းသို့ မည်သည့်ပစ္စည်းထည့်ရမည်ဟူသောအချက်သည် နှစ်ပေါင်းများစွာ အဖြေရှာ၍ မရသော ပြဿနာဖြစ်၏။ မီကီမိုတိုသည် အယ်ဒီဆင်ကဲ့သို့ပင် အရာရာကို အလွယ်တကူဖြင့် အလျှော့ပေးသူ မဟုတ်။

အယ်ဒီဆင်သည် ကမ္ဘာကြီးအား အလင်းရောင်ပေး၍ ကမ္ဘာလောကကြီး ပိုမိုလှပအောင် ဖန်တီးခဲ့သလို မီကီမိုတိုကလည်း သန်းပေါင်းများစွာသော အမျိုးသမီးတို့၏ ကြော့ရှင်းသောလည်တိုင်တွင် အလွန်အဖိုးသက်သာစွာဖြင့် ပုလဲသွယ်များကို သီကုံးပေးခြင်းဖြင့် ဤကမ္ဘာမြေကို အလှဆင်ခဲ့သူတစ်ဦးဖြစ်၏။



ကျွန်တော်သည် ၁၉၉၆ ခု စက်တင်ဘာလ ၂၁ ရက်နေ့က ဟောင်ကောင်မြို့တွင် ကျင်းပသော September Hong Kong Jewelry & Watch Fair 96 သို့ တက်ခဲ့ရာ ယင်းပြပွဲတွင် ရတနာပြခန်းပေါင်း ၆၀၀ နီးပါးမျှ ပြသခဲ့ရာ ပုလဲပြခန်း အရောင်းဆိုင် အများ အပြားပါဝင်ခဲ့၏။ ပြသထားသော ပုလဲများသည် အရေအတွက် အရည်အသွေးပါ အလွန်မှ ကောင်းမွန်၍ အလှအပနှင့် ဆွဲဆောင်မှု အပိုင်းတွင်ကား ရေးပြ၍ မစွမ်းနိုင်လောက်အောင် ရှိပါ၏။ ပုလဲ အလုံးကြီး အလုံး သေးရွှေရောင်၊ ငွေရောင် ပုလဲသွယ် အမျိုးမျိုးအပြင် ပုလဲနက်များ၏ အလှအပ ကလည်း စွဲမက်စရာကောင်းလှပါ၏။ ပုလဲများသည် လုံးဝိုင်းရုံသာမက အလုံးညီ အရောင်အသွေး ညီညွတ်မှုလည်း ရှိပါ၏။ ရတနာ ကုန်သည်များသည် ထိုပြပွဲအတွင်း၌ ပတ္တမြား၊ နီလာ၊ မြစသော အဖိုးတန် ရတနာများ၏ ဆွဲဆောင်မှုကို ခံစားရသလို ပြပွဲတွင်ခင်းကျင်းထားသော ပုလဲအသွယ်သွယ်၏ ဆွဲဆောင်မှုကို လွတ်အောင်ရှောင်နိုင်သူဟူ၍ မရှိသလောက် ဖြစ်ပါ၏။

ထိုပုလဲများအားလုံး ပုလဲမိခင် မုတ်ကောင်မှ မွေးဖွားပေးလိုက်ခြင်းဖြစ်ပါ၏။ အများစုသည်လည်း မွေးပုလဲများသာ ဖြစ်ပါ၏။ မွေးပုလဲများသည် သဘာဝ ပုလဲများနှင့် ဘယ်လိုမှ ခွဲ၍ မရပါ။ မီကီမိုတိုသည် ဤကဲ့သို့ လှပသော မွေးပုလဲများကို သဘာဝ၏ လျှို့ဝှက်ချက်များအတွင်းမှ ဖော်ထုတ်ခဲ့သူ ဖြစ်ပါ၏။ မီကီမိုတို၏ အကြံဉာဏ်မီးထိုးမှုအတွက် အလှဆုံး ရတနာကို ပေးအပ်ခဲ့ခြင်းလည်း ဖြစ်ပါ၏။

www.burmeseclassic.com



မီကီမိုတိုသည် ပုလဲရတနာများကို အလွန် ကျယ်ဝန်း နက်ရှိုင်းသော သမုဒ္ဒရာအတွင်းမှ ရှာဖွေရာတွင် အလွယ်တကူ ကောက်ခါငင်ကာ ရယူခဲ့ခြင်းမဟုတ်ဘဲ ဖွဲ၊ လုံ့လ၊ ဝီရိယ ဆင်းရဲဒုက္ခ အလုံးစုံနှင့် ချစ်ဇနီး အူမေကိုပါ ရင်းနှီး၍ ပုလဲရတနာကို သမုဒ္ဒရာအတွင်းမှ ရယူကာ သန်းပေါင်းများစွာ အမျိုးသမီးတို့၏ လည်တိုင်တွင် အလှဆင်ရန် ဖော်ထုတ်ရယူခဲ့ခြင်းဖြစ်ပါ၏။

ထိုသို့ ရယူရာတွင် မီကီမိုတိုသည် သူ၏ ခရီးလမ်း တစ်လျှောက်တွင် –

အခက်အခဲနှင့် အရှုံးတရားများ

ပြဿနာနှင့်အမှားအယွင်းများ

ဒုက္ခနှင့် ငွေကြေးကုန်ကျမှုများ

သည် မီကီမိုတို ဖြတ်သန်းလျှောက်လှမ်းခဲ့ရသော ခရီးလမ်းဖြစ်ပါ၏။ မီကီမိုတို၏ ပုလဲရတနာသိုက်ကြီး ရှာဖွေရန် ရတနာမြေသို့သွားရာ ခရီးလမ်းသည် အမှန်တကယ်လည်း မှုန်ဝါးဝါး နိုင်လှ၏။ လမ်းပြပေးမည့်သူမရှိ။ မိမိလမ်းကို မိမိထွင်၍ သွားလာရာတွင် သူ့နောက်မှ မညည်းမညူ အားပေးနေသူ တစ်ဦးမှာ ချစ်လှစွာသော ဇနီးသည် အူမေတစ်ဦးတည်းသာ ဖြစ်၏။ အယ်ဒီဆင်အား သူ၏ ချစ်လှစွာသော မိခင်ကြီးသည် အစဉ် ထာဝရ အားပေး သကဲ့သို့ မီကီမိုတိုအားလည်း





အူမေသည် ပြည့်လျှံသော ချစ်မေတ္တာတို့ဖြင့် အပြစ်တစ်ခုမှ မမြင်ဘဲ ခက်ခဲကြမ်းတမ်းသော ကမ်းမမြင် လမ်းမမြင်သည့် ပုလဲ ရှာဖွေရေးခရီးလမ်းတွင် ရိုးသား ဖြူစင်စွာ နောက်မှ လိုက်ပါခဲ့ပါ၏။

မီကီမိုတိုသည် နှစ်ပေါင်းအတော်ကြာ မုတ်ကောင်များကို လေ့လာပြီးသောအခါတွင်မှ မုတ်ကောင်ကို မွေးဖွားရာ၌ ယင်းတို့၏ အဖိုအမဆက်သွယ်ကြီးထွားမှုသည် အရေးကြီးသောအချက်တစ်ခုဖြစ်သည်ကို သိရှိလာခဲ့၏။ သို့သော်လည်း မီကီမိုတို၏ကာလအထိ မုတ်ကောင်တို့၏ အဖိုအမဆက်ဆံရေးကို မည်သည့် ပညာရှင်ကမှ အတိအကျမပြောနိုင်သေးဘဲ ရှိခဲ့၏။

အချို့သောပညာရှင်များက မုတ်ကောင်သည် အဖိုလက္ခဏာရော အမလက္ခဏာပါ ပူးတွဲပါရှိသည့် သတ္တဝါဟူ၍လည်းကောင်း၊ အချို့ကလည်း အမမုတ်ကောင်သည် တစ်ချိန်ချိန်တွင် အဖိုဘဝသို့ ကူးပြောင်းသွားသည့် သဘာဝရှိသည်ဟူ၍ လည်းကောင်း အမျိုးမျိုးသော အယူအဆရှိကြ၏။

မီကီမိုတိုသည် မုတ်ကောင်လေးများ၏ ဘဝကို မိမိ၏ ဘဝအဖြစ် ခံယူခဲ့၏။ မိမိကိုယ်တိုင်ကလည်း မုတ်ကောင်တစ်ကောင်ပင်ဖြစ်၏။ မုတ်ကောင်များမှ ပုလဲရတနာကို နှိုက်ယူ၍ မိမိသည် ဤကမ္ဘာမြေလောကကြီးအား အလှဆင်မည်ဟု သန္နိဋ္ဌာန်ချထားခဲ့၏။ မုတ်ခွံသည် မိမိ၏အတွင်းကလီစာများအတွင်းမှ ပုလဲရည်ပုလဲသွေးအား

www.burmeseclassic.com



ကို ညှစ်ထုတ်ကာ ပုလဲတည်းဟူသောရတနာကို မွေးထုတ်ပေးသကဲ့သို့ ချစ်ဇနီးအူမေကလည်း မိမိ၏ ချစ်မေတ္တာရိပ်အောက်တွင် ချစ်လင်အား ပုလဲရတနာများကို မွေးမြူစေခဲ့ပါ၏။

နေဝင်မှနေထွက် . . .

မိုးလင်းမှမိုးချုပ် . . .

အိပ်ချိန်၌ပင် အိပ်မက်များ မက်ယူကာ မီကီမိုတိုသည် မုတ်ကောင်လေးများ၏ဘဝကို လေ့လာခဲ့၏။ မုတ်ကောင်များသည် ဇွန်၊ ဇူလိုင်လများတွင် ဥများ ဥကြ၏။ ထိုအချိန်တွင် ပင်လယ်ရေမျက်နှာပြင်တွင် ပလုံစီလျက် ရေပူဖောင်းလေးများ အစီအရီဖြစ်နေသည်ကို တွေ့ရတတ်၏။

မုတ်ကောင်မျိုးဥများသည် အလွန်မှသေးငယ်လွန်း၍ သာမန်မျက်စိဖြင့် မမြင်ရပေ။ ရေပေါ်တက်လာသော မုတ်ကောင်မျိုးစေ့လေးများသည် အဖိုမျိုးဥနှင့် တွေ့ထိကာ သန္ဓေသားဖြစ်လာပြီး ထိုမှတဆင့် မုတ်ကောင်လောင်းကလေးဘဝမှ မုတ်ကောင်ဘဝသို့ ကူးပြောင်း၏။ အောက်တိုဘာလလောက်တွင် အရွယ်အစားမှာ လက်မခွဲလောက်ရှိလာ၏။ ထိုမုတ်ကောင်ငယ်လေးများကို မီကီမိုတိုသည် မျက်ခြည်မပြတ်စောင့်ကြည့်၏။ ထိုအကောင်လေးများသည် နေ့အချိန်တွင် နေရောင်မှ အကာအကွယ်ရမည့်နေရာ ထောင့်တစ်ထောင့်တွင် စုဝေးခိုအောင်းနေတတ်သည်ကို သတိပြုလာမိခဲ့၏။



ထိုသဘာဝလျှို့ဝှက်ချက်ကို တွေ့ရှိလာသောအခါ မီကီမိုတိုသည် လျှို့ဝှက်ချက်ကို မိမိအတွက် အကျိုးရှိရှိပိုင်နိုင်စွာ အသုံးချရန် လိုအပ်ကြောင်းကို သိရှိခဲ့၏။ သူသည် မုတ်ကောင်လေးများ ယခုကဲ့သို့ စုဝေးနေချိန်တွင် ကတော့ပုံကိရိယာလေးတစ်ခုကို တီထွင်ကာ ထိုကိရိယာလေးများဖြင့် မုတ်ကောင်အများအပြားကို ဖမ်းယူခဲ့ပါ၏။

ဖမ်းမိသောမုတ်ကောင်လေးများအား တိုက်ချွတ်ဆေးကြောကာ အုပ်စုများခွဲပြီး ခြင်းများတွင်ထည့်၍ ပင်လယ်ရေအောက်တွင် မွေးမြူခဲ့၏။

မုတ်ကောင်လေးများသည် လေးနှစ်သားအထိ အစာတစ်စုံတစ်ရာ ကျွေးရန်မလိုဘဲ ကြီးထွားလာကြ၏။ သို့သော် မုတ်ကောင်များကို ပူးကပ်စုဝေး၍ ထားပါက အစာငတ်၍ သေဆုံးသွားတတ်ကြောင်းကိုလည်း မီကီမိုတိုသိရှိလာခဲ့၏။ မုတ်ကောင်တစ်ကောင်မှ ပုလဲရရှိရန် လေးနှစ်တာအချိန်စောင့်ရ၍ လုံးဝန်းသောပုလဲရရှိရန်မှာ ငါးနှစ်မှ ခြောက်နှစ်အထိကြာ၏။ မုတ်ကောင်၏သက်တမ်းသည် ရှစ်နှစ်မှ ၁၀ နှစ်အထိ အသက်ရှင်သည်။

မုတ်ကောင်မှ ပုလဲရရှိကြောင်း သိရှိရပြီးသောအခါ မီကီမိုတို၏ ဆန္ဒသည် မုတ်ကောင်၏နှလုံးသားအတွင်းမှ လုံးဝန်းသောပုလဲကို ရရမည်ဟု သန္နိဋ္ဌာန်ချခဲ့ပြန်၏။ မီကီမိုတိုသည် မိမိမွေးထားသော

www.burmeseclassic.com

www.burmeseclassic.com



မုတ်ကောင်လေးများထဲမှ လုံးဝန်းသော ပထမဆုံးပုလဲကို အူမေအား ချွေးသက်လက်ဆောင်အဖြစ် ပေးအပ်မည်ဟု ဆန္ဒပြုခဲ့၏။

၁၉၀၈ ခုနှစ်သည် မီကီမိုတိုအတွက် မုတ်ကောင်မွေးမြူရေးနှင့် ပတ်သက်၍ အတော်ပင်မျှော်လင့်ချက်များ ပြည့်လျှမ်းနေသောနှစ်ဟု ဆိုရမည်ဖြစ်၏။ မိမိမွေးထားသောမုတ်ကောင်လေးများသည် ကျန်းမာ၍ ကြီးထွားနှုန်းလည်း ကောင်းခဲ့၏။ သို့သော် ထိုနှစ်က မမျှော်လင့်ဘဲ ထိုကမ်းခြေသို့ ရေအေးစီးကြောင်းတစ်ခု ဝင်ရောက်လာသဖြင့် မွေးမြူထားသော မုတ်ကောင်မြောက်မြားစွာ ဆုံးရှုံးပျက်စီးသွားခဲ့ရပါ၏။

မီကီမိုတိုသည် သာမန်လူစားမဟုတ်။ စိတ်ဇောဆန္ဒကို အပြင်းစားမီးတိုက်ထားသူဖြစ်ရာ ထိုမျှလောက်ဖြင့် ပုလဲရတနာသိုက်ရှာဖွေရေးလုပ်ငန်းကို စွန့်လွှတ်မည့်လူစားမဟုတ်။ သူသည် ကျန်ရှိသမျှသော မုတ်ကောင်လေးများကို စုစည်းကာ သူ၏စိတ်ဓာတ်ကို သံမဏိသားကျအောင် ထပ်မံမီးထိုး၍ ဂျပန်ပင်လယ်ပြင်၌ ပုလဲအလုံးပေါင်း ကုဋေကုဋာရရှိရေးလုပ်ငန်းကို ဆက်လက်ကြိုးပမ်းပြန်ပါ၏။

၁၉၁၁ ခုနှစ်တွင် သူသည် မွေးထားသောမုတ်ကောင်များအား သတိကြီးစွာစောင့်ရှောက်ထားစဉ် မမျှော်လင့်ဘဲ အော်တိုပတ်များ ကျရောက်လာခဲ့၏။ အော်တိုပတ်များကြောင့် မွေးမြူထားသော မုတ်ကောင်များစွာ အဖျက်အဆီး ခံခဲ့ရပြန်၏။



မီကီမိုတိုသည် အရှုံးကို အရှုံးအတိုင်း ထားတတ်သူမဟုတ်။

သူသည် အရှုံးထဲမှ အမြတ်ကို ထုတ်တတ်သူ ဖြစ်ပေရာ အော်တိုပတ်ထောင်ချောက်များကို တတ်နိုင်သမျှစုစည်း၍ ရေငုပ်သမားများအား အော်တိုပတ်များကို ဖမ်းစေ၏။ ဖမ်း၍ရရှိသော အော်တိုပတ်များကို အကြီးကောင်များအား ၁၀ ဆင့်၊ အသေးများအား ငါးဆင့်ပေးဝယ်ကာ အော်တိုပတ်များကို အရသာထူးကဲသော ဟင်းလျာများအဖြစ် စားသုံး၍ရကြောင်း ပြသ၍ စားသောက်ဆိုင်များသို့ ပေးသွင်းခဲ့ပါ၏။ ထိုအခါ အော်တိုပတ်ရှာဖွေရောင်းချသူတို့ များပြားလာပြီး မီကီမိုတိုအဖို့လည်း အော်တိုပတ်နှိမ်နင်းပြီးသား ဖြစ်ခဲ့ပါ၏။

မီကီမိုတိုသည် ရေအေးစီးကြောင်း မကြာခဏဝင်ရောက်တတ်ကြောင်းသဘောကို သိရှိကာ ဂျပန်ကျွန်းတစ်ဝိုက်သို့ ဝင်ရောက်နေသော ရေစီးကြောင်းများအကြောင်းကို လေ့လာထားခဲ့၏။ တစ်နှစ်တွင် ၁၉၀၈ ခုနှစ်နည်းတူ ရေအေးစီးကြောင်းတစ်ခု ဝင်ရောက်လာခဲ့ရာ မီကီမိုတိုသည် တစ်ချိန်က ငါးတွေအများအပြားရရှိ၍ ဈေးနှိမ်ခံရချိန်တွင် တိုကျိုသို့သွား၍ ငါးများ ရောင်းချရန်အကြံပြု၍ ကိုယ်တိုင်ကူညီခဲ့သော ငါးဖမ်းသမားများ၏ အကူအညီကို ရယူကာ မွေးမြူထားသော မုတ်ကောင်များကို ရေအေးစီးကြောင်းမှကင်းဝေးရာသို့ ရွှေ့ယူနိုင်ခဲ့သဖြင့် မုတ်ကောင်များ ပျက်စီးရတော့မည့်ဘေးမှ ကင်းဆေးခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



**ပုလဲများသည် မီကီမိုတိုအတွက်**
**အလွန်ချစ်စရာကောင်းပါသည်။**
**မီကီမိုတိုသည် ပုလဲချစ်သူဖြစ်ပါ၏။**
**မီကီမိုတိုတွင်**
**ပုလဲများထက် ပိုမိုချစ်စရာ**
**ကောင်းသောအရာများ ရှိပါသေးသည်။**
**ထိုအရာများသည်**
**မိတ်ကောင်းဆွေမွန်များ ဖြစ်သည်။**
**မိတ်ကောင်းဆွေမွန်များသည်**
**ချစ်စရာကောင်းသောပုလဲများကို ကယ်တင်ခဲ့ကြသည်။**

မည်သည့်ကောင်းမြတ်သောအရာမဆို အလွယ်နှင့်မရနိုင်ပါ။ အဖိုးတန်လေလေ သော့အထပ်ထပ်ခတ်၍ သိမ်းဆည်းခြင်းခံရလေ ဖြစ်၏။ ပုလဲသည် အဖိုးတန်ရတနာဖြစ်၏။ ထို့ကြောင့် ပုလဲရတနာကို သာမန်ဖွဲ့အဟုန်ဖြင့်တော့ သဘာဝတရားကြီးက အလွယ်တကူထုတ်ဖော်၍ ပေးမည်မဟုတ်။ ဖွဲ့ကောင်းကောင်းရှိသူကိုသာ သဘာဝတရားက သူ၏ရတနာသိုက်များကို ပေးအပ်လိုပါ၏။



၁၈၉၀ ပြည့်လွန် နှစ်ကာလများသည် မီကီမိုတို၏ဘဝတွင် အဆုံးအရှုံး အများဆုံး၊ အပျက်အစီးအများဆုံး၊ အဆင်းရဲအပင်ပန်းဆုံး အကျဉ်းကျပ်ဆုံးနှစ်များ ဖြစ်သည်။

**ဒီမှာမိတ်ဆွေ**

**သင်သည် သင့်ဘဝ**
**အဆင်းရဲဆုံး**
**အနိမ့်ပါးဆုံး**
**ပိန်းပိတ်အမှောင်ဆုံး**
**အချိန်သို့ရောက်ပြီလား။**
**ထိုသို့ဆိုလျှင်**
**မိုးသောက်ယံကာလသည်**
**မဝေးတော့ပြီဟု မှတ်ပါ။**
**ရတနာသိုက်နှင့်တွေ့ဖို့ရာ**
**အနီးလေးရှိပြီဟုမှတ်ပါ။**
**ဖွဲ့မလျှော့နှင့်**
**ဖွဲ့အရှိဆုံးလူများကို**
**သဘာဝတရားကြီးက**
**အမြင့်မြတ်ဆုံးဆုများ**
**ချီးမြှင့်တတ်ပါ၏ . . .။**

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က မီကီမိုတိုတွင် ကြွေးရှင်များ ဝိုင်းဝိုင်းလည်နေ၏။ ကြွေးရှင်များကြောင့် မိမိဇနီးရှိရာတိုဘာမြို့သို့ပင် မပြန်ရဲဘဲ ရှောင်နေရရှာပါ၏။ မီကီမိုတိုသည် ထိုမျှလောက်ဖြင့်ကား အလျှော့ပေးမည့်သူ မဟုတ်။ မွေးပုလဲလုံးလုံးဝိုင်းဝိုင်းလေးများကို ပုလဲမိခင် မုတ်ကောင်၏ ဝမ်းဗိုက်ထဲမှ ရရှိအောင် မွေးမြူရေးသည် လုံအတွင်း၌ ပြဒါးရှင်လုံးရရှိအောင် ပထမံ အတတ်ဖြင့် ဖိုထိုးခြင်း ဖြစ်ပါ၏။ ပြဒါးရှင်လုံးကို ဖြစ်အောင် ထိုးနိုင်ပါက ထိုအရာကို ငုံ၍ ကောင်းကင်သို့ပင် ပျံတက်နိုင်သကဲ့သို့ ပုလဲရတနာကို ရရှိပါကလည်း တစ်ကမ္ဘာလုံးကို စိုးမိုးနိုင်မည်ဖြစ်ကြောင်း မီကီမိုတို သိပါ၏။ ပုလဲသည် မီကီမိုတို အတွက် ပြဒါးရှင်လုံးပင် ဖြစ်ပါ၏။ ဂျပန် ပင်လယ်ထဲမှ ပြဒါးရှင်လုံး ရှာဖွေသူ မီကီမိုတိုသည် ထိုစဉ်က ငွေတစ်ပြားတစ်ချပ်မှ မရှိတော့သဖြင့် ပင်လယ်ထဲမှ ကျောက်ကျောကျောက်ပွင့်များကို ရှာဖွေခူးစားရသော ဘဝသို့လည်း ရောက်ခဲ့၏။ ကျောက်ပွင့်ခူးစားနေရသောဘဝ ကျောက်ပွင့်ခူးနေရစဉ်၌ပင် သူသည် တစ်ချက်ကလေးမျှ စိတ်မပျက်ဘဲ လုံးဝန်းသောပုလဲများကို အူမေအား လက်ဆောင်ပေးရန် စိတ်ကူးယဉ်နေခဲ့၏။



မီကီမိုတိုသည် သဘာဝတရားအတွင်းမှ ပုလဲရတနာလျှို့ဝှက်ချက်ကို ဖော်ထုတ်နေသူဖြစ်၏။ သူသည်

– မုတ်ကောင်ထဲတွင် ပုလဲရှိသည်

– မုတ်ကောင်လေးများကို မွေး၍ရသည်

– မုတ်ကောင်လေးများ၏ ခန္ဓာမှ ပုလဲရရှိရန် ဘာကိုထည့်ရမည်

– ဘယ်နေရာတွင် ထည့်ရမည်

– ထည့်ပြီး ဘယ်လိုပြုစုရမည်

ဟူသောအချက်များကို တစ်ခုပြီးတစ်ခု စူးစမ်းရှာဖွေရာတွင် အသိမှန် တစ်ခုရရှိရေးအတွက် အခက်အခဲများစွာ နှစ်၊ လများစွာ ပေးအပ်ခဲ့ရပါ၏။

အခက်အခဲများနှင့် ပုလဲ၏လျှို့ဝှက်ချက်များကို ဖော်ထုတ်၍ ရလုလုအချိန်တွင် မီကီမိုတို၏ပါရမီဖြည့်ဘက် ချစ်ဇနီးအူမေသည် သားဥပြွန်ယောင်သောရောဂါဖြင့် ကွယ်လွန်သွားခဲ့ရပါ၏။ မီကီမိုတို၏ ဘဝတွင် လက်ရုံးပြုတ်ခဲ့ရတော့၏။ ရှေ့လျှောက်ရမည့်လမ်းအတွက် မှောင်ဝါးဝါးဖြစ်ခဲ့၏။ မီကီမိုတို၏မျက်လုံးများတွင် ပြည့်လျှံနေသော မျက်ရည်များသည် ရှေ့တွင်ဘာကိုမျှ မမြင်ရတော့။ အားလုံးသည်

www.burmeseclassic.com

www.burmeseclassic.com



ရှိဝေနေ၍ပုလဲရတနာလုံးလေးများကိုပင် မမြင်ဝံ့မမြင်နိုင်သောအခြေသို့ရောက်ခဲ့ရ၏။ မီကီမိုတို၏ဘဝ၌ အမှောင်ကြီးကျခဲ့ပါ၏။

သို့သော် မီကီမိုတိုလိုလူစားက အမှောင်တရားကို ကြာရှည်စွာလက်ခံထားသူ မဟုတ်။

မီကီမိုတိုသည် သူ၏ဝေဝါးထွေပြားနေသောစိတ်များကို ပြန်လည်စုစည်းခဲ့၏။ မိမိတို့ဇနီးမောင်နှံ၏တူညီသောသဘောဆန္ဒမှာ လုံးဝန်းသော ပုလဲလုံးလေးများကို ပုလဲမိခင်မုတ်ကောင်၏အတွင်းမှ ရယူရန်ဖြစ်ပါ၏။

မီကီမိုတိုသည် အူမေမသေမီက ပြောကြားခဲ့သောစကားများကို ပြန်၍ကြားယောင်လာမိ၏။

"မီကီ . . လုံးဝန်းတဲ့ပုလဲတွေရအောင် အူမေအတွက်ဆက်ပြီးကြိုးစားပါ။ လုံးဝန်းတဲ့မွေးပုလဲတွေကို မီကီ မုတ်ကောင်အတွင်းက စဖွင့်ချိန်မှာ ကျွန်မဝမ်းမြောက်ဝမ်းသာစွာနဲ့ ရှင့်ဘေးမှာရှိနေမယ်နော်"

အူမေ၏စကားများသည် သူ့အတွက် အင်အားများ ဖြစ်လာခဲ့သည်။ ဘဝတစ်လျှောက်လုံး အဆုံးအရှုံးပေါင်းများစွာကို ရင်းနှီး၍ လုပ်ဆောင်ခဲ့သော မီကီမိုတို၏ဘဝသည် ယခင်ကနှင့်မတူ၊ ပို၍ဆိုးဝါးလာပါ၏။ ယခုတော့ အထီးကျန်ခဲ့ပေပြီ။ အထီးကျန်ဘဝ၌ပင် နောက်ဆုံး အူမေပြောကြားခဲ့သောစကားများကို အင်အားအဖြစ် မှတ်ယူကာ မွေးပုလဲထုတ်လုပ်ရေးလုပ်ငန်းကို မီကီမိုတိုသည် ဆက်လက် လုပ်ဆောင်ခဲ့ပါ၏။



**ဖွံ့ကောင်းသော**

**အားမာန်ရှိသော**

**စိတ်ဓာတ်ဆန္ဒကို အပြင်းစားမီးတိုက်သော**

**ဆင်းရဲဒုက္ခအဝဝကို ရင်ဆိုင်သော**

**ဘေးအန္တရာယ်ဟူသမျှကို ကျော်လွှား၍**

**အပျက်ဟူသမျှကို လမ်းခင်း၍ လျှောက်ခဲ့သော**

**သူတို့ကို**

**သဘာဝတရားကြီးက**

**ထိုက်တန်သော ဆုလာဘ်ပေးအပ်ရန် အစဉ်အမြဲ စောင့်ဆိုင်းနေပါ၏။**

www.burmeseclassic.com

www.burmeseclassic.com



မိကီမိုတိုအား သဘာဝတရားကြီးက မိမိ၏ လျှို့ဝှက်ချက်ကို တန်ရာတန်ကြေးဆုအဖြစ် ထုတ်ဖော်၍ ပေးလိုက်ပါ၏။

မိကီမိုတိုသည် လုံးဝန်းသော မွေးပုလဲများကို ထုတ်နိုင်စွမ်းရှိလာခဲ့၏။ ၁၈၉၆ ခုနှစ်တွင် မိကီမိုတိုသည် ပုလဲများကို ၁၀နှစ်အာမခံဖြင့် ထုတ်လုပ်ရန် အစိုးရထံမှ ခွင့်ပြုချက်ရရှိလာ၏။ မိကီမိုတိုသည် သူမွေးမြူထားသော ပုလဲမိခင်၏ဝမ်းဗိုက်တွင်းမှ လုံးဝန်းသော ပုလဲရတနာများကို သူ့လက်ဖြင့်ထုတ်ယူ၍ ရချိန်တွင် သူ့အနီးအနားတွင် အူမေ မရှိတော့ပေ။

ကိစ္စမရှိပါ။ သူသည် အလွန်တရာကြိုးပမ်းခဲ့ရပြီးသည့်နောက် လှပလုံးဝန်းသော ပုလဲအလုံးပေါင်း သန်းပေါင်းများစွာကို အမိနိုင်ငံအတွက် မွေးမြူပေးခဲ့၏။ မိကီမိုတို၏ မွေးပုလဲစခန်းမှ ဂျပန်နိုင်ငံသည် မြောက်မြားစွာ မရေတွက်နိုင်သောနိုင်ငံခြားငွေများကို ရရှိခဲ့၏။ ယနေ့အားမာန်ရှိသော ဂျပန်နိုင်ငံသစ်ကို တည်ဆောက်ရာတွင် မိကီမိုတိုသည် အုတ်တစ်ချပ်သဲတစ်ပွင့်လည်းမက ပါဝင်ခဲ့ပါ၏။

မိကီမိုတိုသည် မိမိပုလဲများကို ရောင်းချရာတွင် မွေးပုလဲဟူသောစာတမ်းကို ချိတ်ဆွဲကာရောင်းချခဲ့သည်။ မိကီမိုတိုက မိမိပုလဲကို သဘာဝပုလဲဟု ဘယ်သောအခါမှ ပြောဆိုရောင်းချလေ့မရှိ။ သို့သော် မိကီမိုတို၏ မွေးပုလဲများကို မည်သည့်ပုဂ္ဂိုလ်ကမှ သဘာဝပုလဲ



နှင့်ခွဲခြားနိုင်စွမ်းမရှိ။ ဓာတ်မှန်ရိုက်ကြည့်မှသာ သိနိုင်၏။ မိကီမိုတို၏ မွေးပုလဲများကို အချို့က သဘာဝပုလဲထက်ပင် ပို၍ကြိုက်နှစ်သက်ကြပါ၏။

**မှာပါရစေ ချစ်မိတ်ဆွေ . . .**

**လောကဓံတန်ဖိုးအရှိဆုံးအရာသည်**

**ရိုးသားဖို့**

**လိမ်မပြောဖို့**

**အမှန်ပြောဖို့**

**သတ္တိရှိဖို့**

**အလွန်အရေးကြီးပါ၏။**

**လူတိုင်းတွင် သမိုင်းရှိကြသည်။**

**မိမိသမိုင်းကို အညစ်ခံ၍**

**အမည်းရောင်မဆိုးပါနှင့်။**

**သင့် နှလုံးသား**

**ဖြူစင်ပါစေ**

**အို မိတ်ဆွေ . . .။**

www.burmeseclassic.com

www.burmeseclassic.com



မီကီမိုတိုသည် အသက် တစ်ရာနီးပါးမျှ နေထိုင်ပြီး မိမိ၏ သက်တမ်းကာလအတွင်း တစ်ဘီလီယံခွဲ (၁,၅၀၀,၀၀၀,၀၀၀)မျှသော မုတ်ကောင်များကို ဂျပန်ပင်လယ်ကမ်းခြေတွင် မွေးခဲ့၏။ ထို့နောက် အဆင့်အတန်းမြင့်ပြီး အလွန်တရာလှပ လုံးဝန်းသော ပုလဲအလုံးပေါင်း ဆယ်သန်း (၁၀,၀၀၀,၀၀၀)ကျော်ကို မွေးထုတ်ကာ ကမ္ဘာ့အမျိုးသမီး များ၏ ကြော့ရှင်းလှပသောလည်တိုင်တွင် ဝတ်ဆင်ရန် အဖိုးနှုန်းချိုသာ စွာဖြင့် ရောင်းချပေးခဲ့၏။

မီကီမိုတိုသည် သူ၏ပုလဲမွေးမြူရေးစခန်းတွင် လူပေါင်းတစ် သိန်းကျော် (၁၁၇,၀၀၀) ကိုအလုပ်ပေးအပ်ထားပြီး ယင်းတို့၏မိသားစု စားဝတ်နေရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးအစီအစဉ်များကို ပြည့်ဝစွာလုပ်ဆောင်ပေးခဲ့၏။

ဤမျှချမ်းသာသော ပုလဲဘုရင်ကြီး မီကီမိုတိုသည် အလွန်ရိုး သားစွာ နေထိုင်ခဲ့၏။ သူသည် အမြဲတမ်း ချည်ထည်ကီမိုနိုကိုသာဝတ် ဆင်၍ အနက်ရောင်ဒါဘီဦးထုပ်ကလေးကို အမြဲဆောင်းထားပါ၏။ ထို့အပြင် မီကီမိုတိုသည် ဂျပန်ဘုရင်မင်းမြတ်၏မိဖုရားခေါင်ကြီးက လက်ဆောင်ပေးအပ်သော ဝါးလက်ကိုင်တုတ်ကလေးကို သူနှင့်အတူ အမြဲတမ်း ကိုင်ဆောင်ကာ ကမ္ဘာ့အရပ်ရပ်မှ ပုဂ္ဂိုလ်များ သူ့ထံ လာ ရောက်၍ တွေ့ဆုံတိုင်း ထိုဝါးလက်ကိုင်တုတ်ကလေးကို ကိုင်ဆောင် ကာ အတွေ့ခံပါ၏။





မီကီမိုတိုသည် အူမေနှင့်ခွဲခွာခဲ့ရပြီးနောက် ဘဝတစ်သက် တာ တစ်လျှောက်လုံး အူမေအား သတိရ တမ်းတရင်း ပင်လယ်ကမ်း ခြေတွင် တစ်ဦးတည်းနေခဲ့၏။ သူ၏နေအိမ်သည်လည်း ကြီးကြီးကျယ် ကျယ်မဟုတ်ဘဲ ရွှံ့နံရံကာထားသည့် အိမ်ငယ်လေးတစ်လုံးသာ ဖြစ်ပါ၏။ သူနေသောအခန်းမှာလည်း ကျယ်ကျယ်ပြန့်ပြန့်မရှိ။ အခန်း ကျဉ်း တစ်ခုသာဖြစ်၍ အလှအပဟူ၍လည်း ဘာမျှပြင်ဆင်ထားခြင်း မရှိဘဲ မီကီမိုတိုသည် ပုလဲမိခင်မုတ်ကောင်များအား မွေးမြူသည့် ရေငုပ် သမားများနှင့်သာ အသက်ထက်ဆုံး နေထိုင်သွားခဲ့သူ ဖြစ်၏။

မီကီမိုတိုသည် မွေးပုလဲထုတ်လုပ်ရေးကို ဆင်းရဲပင်ပန်းမှုများ စွာ ရင်ဆိုင်၍ ပုလဲအရှူးကြီးဘဝကိုခံယူ၍ မွေးပုလဲကို ဖော်ထုတ်ခဲ့သော် လည်း ချမ်းသာစည်းစိမ်ကို လုံးဝမျှော်လင့်ခဲ့သူမဟုတ်ပေ။ ကုဋေပေါင်း မြောက်မြားစွာချမ်းသာ၍ ပုလဲအလုံးပေါင်း သန်းချီ၍ ချမ်းသာပါသော် လည်း မီကီမိုတိုသည် လူချမ်းသာဘဝကို မခံယူဘဲ၊ ဝင့်ဝါလိုစိတ်လည်း မရှိဘဲ အလွန်ရိုးသားစွာဖြင့် မိမိမွေးမြူသောပုလဲများကို အလုပ်သမား များနှင့် မျှဝေခံစားခဲ့သူ ဖြစ်သည်။

**ဒီမှာမိတ်ဆွေ . . .**

**လူတစ်ယောက်ရဲ့နှလုံးသားကို**

**သင် ထိုးဖောက်မြင်ချင်သလား**

**ထိုသူဟာ သူ့ရဲ့အလုပ်သမားတွေကို**

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ဆက်ဆံသလဲ။

ထိုသူဟာ သူရဲ့ဝင်ငွေကို

အလုပ်သမားတွေနဲ့ ဘယ်လို

ခွဲခြမ်းစိတ်ဖြာယူသလဲ။

အလုပ်သမားတစ်ယောက်ကို

ပြုစုဖို့ သူ ဘယ်လောက်အနစ်နာခံသလဲ။

အဲဒီအချက်တွေကိုကြည့်

ကြည့်မိလျှင်

ထိုသူ၏နှလုံးသားကို

ထိုးဖောက်မြင်ပါချေမည်။

ထို့ကြောင့်လည်း ကားလ်မတ်စ်သည် ကွန်မြူနစ်ဝါဒကို တွေး ခေါ်ရုံတွေးခေါ်ခဲ့သော်လည်း မီကီမိုတိုသည် လက်တွေ့ကျင့်ကြံခဲ့သူ ဖြစ်သည်ဟု ပြောဆိုခဲ့ကြခြင်းဖြစ်၏။

မီကီမိုတိုသည် သုဓာတိရပ်ရွာကို ကမ္ဘာသိအောင် ဖော်ထုတ်ခဲ့ ၏။ ထိုကျွန်းလေးက ခေတ်သစ်ဂျပန်နိုင်ငံကို ထူထောင်ရာတွင် ရာပေါင်းများစွာ အထောက်အကူပြုခဲ့၏။ မီကီမိုတို၏ဘဝသည် မွေးပုလဲများနှင့် ရေငုပ်သမားများသာလျှင်ဖြစ်၏။ သူ့ဘဝတစ်လျှောက်



မွေးမြူရရှိသောပုလဲများမှ အကျိုးစီးပွားမြောက်မြားစွာကို မီကီမိုတို သည် အလုပ်သမားများအတွက် သုံးစွဲခဲ့သည်။

ကမ္ဘာပေါ်တွင် အံ့ဖွယ်ခုနစ်ခုရှိခဲ့ပါ၏။ ရှစ်ခုမြောက်သော ကမ္ဘာ့အံ့ဘွယ်ရာနေရာကား ဂျပန်နိုင်ငံရှိမီကီမိုတို၏ မွေးပုလဲကျွန်းပင် ဖြစ်၏။

လူဖြစ်ပါလျက် ချမ်းသာကြွယ်ဝအောင်

မကြိုးစားသူသည် လူမပီသသူဖြစ်၏။

ချမ်းသာကြွယ်ဝပါလျက်

အကူအညီလိုသူများအား ဖြန့်ဝေပေးကမ်းခြင်း မပြုသူ

သည် လူမဆန်သူဖြစ်၏။

ထိပ်တန်းသို့ရောက်လိုပါသလား

တစ်ခုတည်းသော သင့်စိတ်ဆန္ဒကို

အရှိန်မပြတ် အပြင်းစားမီးထိုးပေးပါ။

အားလုံးသောအခက်အခဲများသည်

အရည်ပျော်၍

သင်သည် မုချရတနာပုံဆိုက်ရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ဟောင်ကောင် ကျောက်မျက်နှင့် နာရီ ပြပွဲတွင် မွေးပုလဲဆိုင် အမြောက်အမြား ခင်းကျင်းပြသ ရောင်းချလျက်ရှိရာ မွေးပုလဲများသည် အလွန်မှ လှပါ၏။ အရောင်အသွေးများမှာလည်း ရက်ရက်စက်စက် ကောင်းမွန်ပါ၏။ တစ်နေကုန် ကြည့်နေသော်လည်း ပုလဲသွယ်များ၊ ပုလဲ လုံးလေးများ အနားမှ မခွာနိုင်အောင် ပုလဲ၏အလှအပက ဆွဲဆောင်လျက်ရှိပါ၏။ မွေးပုလဲ အရောင်းဆိုင်များတွင် ကျွန်တော်သည် တစ်ဝကြီးကြည့်ပြီးတိုင်း "ခင်ဗျားတို့ မီကီမိုတိုဆိုသော အမည်ကို ကြားဘူးပါသလား" ဟု မေးမိပါ၏။ ၁၉၉၆ ခု၊ စက်တင်ဘာ ဟောင်ကောင် ကျောက်မျက်ပြပွဲမှ ပုလဲရောင်းချသူ အားလုံးသည် မီကီမိုတိုဟူသော အမည်ကို ကြားရတိုင်း ထိုင်နေရာမှ ခြေစုံရပ်ကာ "မီကီမိုတိုဆိုတာ ပုလဲတွေကို ဖန်ဆင်းခဲ့တဲ့ ပုလဲ ဖန်တီးရှင်တစ်ဦးပါ၊ ကျွန်ုပ်တို့နှင့် ဘယ်လိုမှ မနှိုင်းယှဉ်အပ်တဲ့ ကျေးဇူးရှင်ပါ။ ခွဲ၊ လုံ့လအရာတွင် စံပြတစ်ဦးပါ။ အလုပ် တစ်ခုကို ပြီးမြောက်အောင်လုပ်သူပါ။ မိမိ၏ ချမ်းသာကြွယ်ဝမှုကို မျှဝေခံစားသူပါ။ ဤပုလဲ ရတနာများသည် မီကီမိုတို၏ ခွဲ၊ လုံ့လကို အသိအမှတ်ပြု၍ သဘာဝတရားကြီးက ပေးအပ်ခဲ့သော ဆုလာဘ်များပါ။ မီကီမိုတိုသည် မိမိအားထုတ်မှုအတွက် ရရှိလာသော ဆုလာဘ်များကို မိမိတစ်ဦးတည်းမယူဘဲမျှဝေခံစားသူပါ။ မီကီမိုတိုဟာ ကျွန်ုပ်တို့ရဲ့ ကြီးမြတ်သော ဆရာသခင်ပါ" ဟု ဆိုကြပါ၏။

အခန်း– ၄

# သင့်ရှေ့တွင် အောင်ပွဲရှိသည်

ဤစာအုပ်သည် လူ့ဘဝ လူ့လောကသဘာဝ၏ အဖိုးတန် ရတနာသိုက်ကြီးများကို မည်သို့မည်ပုံ ဖော်ထုတ်ရယူနိုင်သည် ဆိုသော လျှို့ဝှက်ချက်ကို သင့်အား အလွန် အဖိုးနှုန်းချိုသာစွာဖြင့် နည်းလမ်း ပေးအပ်သော စာအုပ်ဖြစ်ပါ၏။

ဤလောကတွင် ရတနာသိုက်များ ရှိသည်။

မရေမတွက်နိုင်အောင် ရှိသည်။

ထိုရတနာသိုက်ကြီးများ Acres Of Diamonds ကို သဘာဝတရားကြီးက လူသားတိုင်းအတွက် ဖန်ဆင်းထားရာ အရေ

www.burmeseclassic.com

www.burmeseclassic.com



အတွက်အားဖြင့် သန်း ၇၀၀၀ မကျော်ပင် ရှိ၏။ ထိုရတနာသိုက်များကို တူးဖော်သူတိုင်းအတွက် တစ်ဦးလျှင် ရတနာသိုက်တစ်ခုစီ ရရှိနိုင်၏။ သို့သော် တော်ရုံဇွဲနှင့်ကား မရ။

လူ့ဘဝဆိုသည်မှာ လိပ်ဥဝှက်တမ်းကစားသလို ပုလဲရတနာနှင့်တူသော လိပ်ဥကိုဖွက်ထားပြီး ဇွဲကိုမီးထိုး၍ ရှာဖွေသူတို့အား ရတနာသိုက် Acres Of Diamonds ကို သဘာဝတရားက ဖွင့်၍ပေးပါ၏။

လူ့ဘဝလူ့အဖြစ်သို့ မနုဿလူသားများ ရောက်ရှိလာခြင်း၏ အဓိက ရည်ရွယ်ချက်မှာ သဘာဝတရားက လျှို့ဝှက်စွာထားရှိသော ရတနာများကို ရှာဖွေဖော်ထုတ်ရန်ဖြစ်၏။

ယနေ့ကမ္ဘာတွင် လူဦးရေ သန်းပေါင်း ၆၀၀၀ ကျော်ရှိ၏။ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် သန်းပေါင်း ၆၅၀၀ ရှိလာမည်ဖြစ်၏။ ထို့ကြောင့် မည်သူမဆို ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြံရည်ဖန်ရည်ရှိသူတိုင်းသည် ဤကမ္ဘာမြေပေါ်၌ လျှို့ဝှက်စွာ တည်ရှိနေသော ရတနာသိုက် တစ်ခုစီ ဝေစုရရှိနိုင်၏။ ပို၍ကြိုးစားသူများကို သဘာဝတရားကြီးက ပို၍ ပေးပါ၏။ အယ်ဒီဆင်ကဲ့သို့သော ပုဂ္ဂိုလ်ကြီးများကိုဆိုလျှင် သဘာဝ တရားကြီးက မြောက်မြားစွာသော ရတနာသိုက်များကို ပုံ၍ ပေးခဲ့၏။

သဘာဝတရားသည် ရတနာသိုက်များစွာကို ဇွဲ၊ လုံ့လနှင့် ကြံရည်ဖန်ရည် ရှိသူတို့အား ပေးအပ်ရန် ဖန်တီးသိုဝှက်ထားခြင်း



ဖြစ်၏။ ထိုရတနာများကို မည်သူမဆို ကြံရည်ဖန်ရည်ရှိ၍ ဇွဲလုံ့လကိုအရင်းတည်သူတိုင်း ရယူပိုင်ဆိုင်နိုင်ခွင့်ရှိပါ၏။

ထိုသို့ဆိုသော် သင်သည် လူ့ဘဝတွင် လူလာဖြစ်ပါလျက်နှင့် လျှို့ဝှက်သည့်ရတနာသိုက် ဘယ်နှစ်ခုကို သင်ဖော်ထုတ်၍ ပြီးခဲ့ပါသလဲ။

**တစ်ခုလား**

**နှစ်ခုလား**

**သုံးခုလား**

**ရဲရဲဖြေကြည့်စမ်းပါ . . . .**

* **အောင်မြင်မှုမရှိသူကို အောင်မြင်သူလို့ ဘယ်သူက ခေါ်မလဲ။**
* **စနစ်တကျ စီမံကိန်းရေးဆွဲ လုပ်ဆောင်အကောင်အထည် မဖော်နိုင်သူကို စီမံကိန်းရေးဆွဲ လုပ်ဆောင်သူလို့ ဘယ်သူက ခေါ်မလဲ။**
* **သင်သည် လုပ်ငန်းတစ်ရပ်၌ စီမံအုပ်ချုပ်မှုမအောင်မြင်လျှင် သင့်ကို ဘယ်သူကအုပ်ချုပ်ရေးမှူးလို့ ခေါ်မှာလဲ။**
* **ကျွန်တော်တို့သည် လူ့ဘဝလူ့အဖြစ်တွင် အောင်ပွဲကို ရယူနိုင်ရမည်။**

www.burmeseclassic.com

www.burmeseclassic.com



* စီမံကိန်းကို အကောင်အထည် ဖော်နိုင်ရမည်။

* ဘဝတိုက်ပွဲကို အကောင်အထည် ဖော်နိုင်ရမည်။

* ဘဝတိုက်ပွဲကို စီမံအုပ်ချုပ်နိုင်ရမည်။

* မိမိတို့ဘဝ၌ မိမိသည် ဘဝလမ်းပြကောင်းတစ်ဦး ဖြစ်ရမည်။

ထိုသို့ဖြစ်ရန် အရေးကြီးသော လျှို့ဝှက်ချက်မှာ သင့်ယုံကြည်ချက် Belief တစ်ခု Just One Idea ပီပီပြင်ပြင် ရှိရမည်။ ထိုယုံကြည်ချက် စိတ်ဆန္ဒဇော Burning Desire ကို အကောင်းဆုံးသော လောင်စာဖြင့် အပြင်းစား အဆက်မပြတ် မီးထိုးပေးရမည်။

ထိုအခါ သင့် စိတ်ဆန္ဒစိတ်ဇောသည် မီးထိုးထားသော စိတ်ဆန္ဒဇော Burning Desire ဖြစ်လာမည်။ မီးထိုးထားသော စိတ်ဆန္ဒဇောသည် အရာရာကို ရယူနိုင်ပါ၏။

သင်သည် မိကီမိုတိုလို ပုလဲဘုရင်ကြီးတစ်ပါး ဖြစ်နိုင်သူဖြစ်၏။

သင် မယုံဘူးလား။

ထိုသို့ဆိုလျှင် ကျွန်တော်သည် အိုဗဲလ်နှင့် ဝေဘာရိုက် Orville and Wilbur တောသားညီအစ်ကိုနှစ်ယောက် အကြောင်းကို



ပြောပါမည်။ ကျွန်တော်၏ အခြားစာအုပ်များတွင်လည်း သူတို့အကြောင်းကို ပြောခဲ့ပြီး ဖြစ်ပါ၏။ သူတို့အကြောင်း ပြောရသည်မှာ မြိန်ရေယှက်ရေရှိလှ၍ ထပ်ပြောပါရစေ။ ထိုညီအစ်ကိုနှစ်ယောက်၏စိတ်ထဲတွင် တစ်ခုတည်းသော ရည်မှန်းချက် Just One Idea ကို ခွဲခွဲလမ်းလမ်း မျက်ခြည်မပြတ် အကောင်အထည်ဖော်ခဲ့ကြသူများ ဖြစ်၏။ ထိုတစ်ခုတည်းသောအရာမှာ အာကာသဝေဟင်တွင် လူကို တင်၍ပျံသန်းနိုင်သောစက်ကိရိယာတစ်ခု တီထွင်ရန်ဖြစ်သည်။

**သင့်မှာဖြစ်နိုင်သည့် အတွေးတစ်ရပ်ရှိခဲ့လျှင်**

**ပြင်ဆင်စွန့်စားလုပ်ဆောင်ပါ။**

**If You Have A Workable Idea,**

**Be Prepared And Take Risk**

ပြင်ဆင်စွန့်စား လုပ်ဆောင်ပါ။

ပြင်ဆင်စွန့်စား လုပ်ဆောင်ပါ။

ပြင်ဆင်စွန့်စား လုပ်ဆောင်ပါ။

ရိုက်ညီအစ်ကိုသည် ကောင်းကင်၌ ပျံသန်းသွားလာနိုင်သော စက်ကိရိယာတီထွင်ရေးအတွက် သွားလည်းဒီစိတ်၊ စားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ်ဖြစ်၏။ ဆန္ဒ မီးတောက်မီးလျှံများ ဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com



ထိုစိတ်သည် သူတို့၏ ရင်တွင်း၌ ပြင်းပြစွာ မီးရှို့ထားပါ၏။ အပြင်းစားမီး တိုက်ထားပါ၏။ သူတို့ညီအစ်ကိုသည် သူတို့၏ပြင်းပြ သောစိတ်ကို ရုပ်လုံးဖော်ကြည့်ရာ အကြိမ်ပေါင်းတစ်ထောင်ကျော် ပျက် စီး ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရ၏။ ဘယ်အရာမဆို တန်ရာ တန်ကြေး ပေးရ၏။

ယနေ့ကမ္ဘာ့ကောင်းကင်ယံတစ်ခုလုံးကို လေယာဉ်များက ကြီးစိုးထား၏။ ကမ္ဘာ့လေဆိပ်ကြီးများတွင် မိနစ်တိုင်း လေယာဉ်အဝင် အထွက် ရှိ၏။ လေယာဉ်ကြီးများသည် မြောက်မြားစွာသောတာဝန်များ ကို ထမ်းဆောင်နေကြ၏။ လူသားတို့ အချိန် လျင်မြန်စွာနှင့် သက်သောင့်သက်သာ ခရီးသွားလာရေး၊ ကုန်ပစ္စည်းများ အလွယ်တကူ သယ်ယူပို့ဆောင်ရေး၊ ရာသီဥတုထောက်လှမ်းရေး၊ စစ်ထောက်လှမ်း ရေး၊ အာကာသစူးစမ်းရှာဖွေရေး၊ သိပ္ပံပညာဆိုင်ရာစူးစမ်းလေ့လာရေး အပျော်ပျံသန်းရေး စသည်ဖြင့် ဤကမ္ဘာကောင်းကင်ယံတွင် လေယာဉ် ကြီးများသည် လူ့သမိုင်းလူ့ဘောင်အတွက် အရေးကြီးသောတာဝန်များ ကို တာရစပ် ထမ်းဆောင်နေကြ၏။

ကမ္ဘာပေါ်တွင် လေဆိပ်ပေါင်းများစွာ၊ လေယာဉ်ထုတ်လုပ် သည့် ကုမ္ပဏီပေါင်းများစွာ၊ လေယာဉ်ခရီးသွားလုပ်ငန်းပေါင်းများစွာ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းပေါင်းများစွာတို့သည် ပျားပန်းခတ် လုပ်ဆောင်လျက်ရှိကြရာ လေယာဉ်ဆိုင်ရာ စီးပွားကုန်သွယ်မှုသည် အလွန်မှကြီးကျယ်လှပါ၏။

ယနေ့ ကမ္ဘာ့လူသားတို့သည် လေယာဉ်နှင့်မကင်းသော လုံးဝ နေတတ်တော့မည်မဟုတ်။ ယနေ့ လေယာဉ်ပျံသန်းမှုကို ကမ္ဘာပေါ်တွင် ရပ်လိုက်ပါက လူ့အဖွဲ့အစည်းကြီးသည် အရုပ်ကြိုးပြတ် ဖြစ်ရှာ တော့မည် ဖြစ်၏။

သို့သော် ရိုက်ညီနောင်က လေယာဉ်ပျံကို တီထွင်၍ပျံသန်းရန် ကြိုးစားနေကြောင်းသတင်းကို အမေရိကန်သမ္မတနှင့် အမေရိကန် ထိပ်တန်းအရာရှိကြီးများအား ပြောကြားသောအခါ ယင်းတို့သည် သရော်ရုံသာမက ဟားတိုက်၍ရယ်ကြ၏။

ဟားတိုက်ရယ်ရုံသာမက ပထမဆုံး ရိုက်ညီနောင်၏ လေ ယာဉ် စမ်းသပ်ပျံသန်းသည့်ပွဲသို့ တက်ရောက်ရန် သမ္မတကြီးအား ရိုသေလေးစားစွာ ဖိတ်ကြားခဲ့သော်လည်း ထိုကိစ္စကို သမ္မတကြီးက မဖြစ်နိုင်သောကိစ္စတွင် အချိန်ကုန်မခံလို၍ "လေထဲမှာလူပျံသန်းနိုင် မယ့်တီထွင်မှုဟာ မဖြစ်နိုင်တာဘဲ" ဟုဆိုပြီး ထိုလုပ်ရပ်ကို သူရူးများ ၏ လုပ်ငန်းအဖြစ်သတ်မှတ်၍ ဖိတ်ကြားချက်ကို ငြင်းပယ်ခဲ့ပါ၏။

သမ္မတတစ်ဦးကငြင်းပယ်၍ မဖြစ်နိုင်ဟု မဦးမချွတ်နုတ်လွှန် လက်လွှန်ပြောရုံဖြင့် ရိုက်ညီနောင်သည် စိတ်ဓာတ်ကျမည့်လူစား မဟုတ်။ သူတို့သည် တစ်ခုတည်းသောသူတို့ရည်မှန်းချက်ကို အပြင်းစားမီးတိုက်၍ထားရာ မီးအရှိန်သည် တညီးညီးတောက်လောင် လျက်ရှိ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တညီးညီးတောက်လောင်ခဲ့သည့် ဓောကပ်ထားသည့် ထိုမီး အားကြောင့် ၁၉၀၃ ခုနှစ်တွင် ယနေ့ လေယာဉ်ပျံခေတ်၏အစအဦးဖြစ် သော လေယာဉ်ပျံတစ်စီးသည် ကောင်းကင်သို့ထိုး၍ တက်သွားခဲ့၏။

လူ၏စိတ်တွင် တောက်လောင်သောဆန္ဒမီးသည် အဘယ်မျှ ပြင်းအားရှိပါသနည်း။ ထိုဓောဆန္ဒသည် သံတုံးသံခဲကြီးတစ်ခုကို လေထဲသို့ စနစ်တကျထိုး၍ တက်သွားစေခဲ့ပါ၏။ ရိုက်ညီအစ်ကိုတို့ သည် အခက်အခဲများ၊ ကျဆုံးမှုများ၊ အပျက်အစီးများကို စိတ်ပျက်၍ လေယာဉ်တီထွင်မှုကို ရပ်နားခဲ့ပါက လကမ္ဘာပေါ်သို့ လူဆင်းသက်မှု အပါအဝင်၊ နေစကြဝဠာတွင်းသို့ လူစေလွှတ်ရေး အပါအဝင် လူသား များအား လက်တွေ့အကျိုးပြုနေသော ဂြိုဟ်တုများ၊ ဒုံးပျံများ၊ အာကာသယာဉ်များပေါ်ပေါက်လာမှုသည်လည်း လူ့သမိုင်းတွင် နှေးကွေးသွားမည်ဖြစ်ပါ၏။

အိုဗဲလ်နှင့် ဝေဘာရိုက် ညီနောင်၏လုပ်ရပ်သည် သမ္မတ တစ်ဦးထက်ပို၍ ကြီးကျယ်ပါ၏။ ထိုစဉ်က ရိုက် ညီနောင် ဖိတ်ကြား ချက်ကို ငြင်းဆိုသော သမ္မတ၏အမည်ကို ကမ္ဘာပေါ်ရှိ လူသားများက မေ့လျော့နေပြီဖြစ်သော်လည်း ရိုက်ညီနောင်ကိုကား ဤကမ္ဘာပေါ်မှ ကမ္ဘာလူသားအားလုံးသည် ကမ္ဘာပျက်သည်အထိ မေ့ပျောက်ကြမည် မဟုတ်ပါ။

ယနေ့ခေတ်သည် အာကာသခေတ်ဖြစ်၏။



ယနေ့ကမ္ဘာသည် အာကာသကမ္ဘာဖြစ်၏။

အာကာသခေတ်၊ အာကာသကမ္ဘာတွင် ရိုက်ညီနောင်၏ အပြင်းစားသံမဏိစိတ်ဓာတ်ကို ကျွန်တော်တို့ စံနမူနာ ထားကြရမည် ဖြစ်ပါ၏။ ထိုစိတ်ဓာတ်ကို ကျွန်တော်တို့ လေးစားကြရမည်ဖြစ်ပါ၏။

**ဒီမှာမိတ်ဆွေ**
**တောသားတွေဖြစ်တဲ့**
**ရိုက်ညီအစ်ကိုကြောင့်**
**သံတုံးသံခဲကြီးတွေ**
**ကောင်းကင်မှာ ပျံနေကြပြီ။**
**ရိုက်ညီနောင်ဟာ ကမ္ဘာ့ကျေးဇူးရှင်တွေပဲ။**
**လေယာဉ်နဲ့ခရီးသွားတိုင်း**
**ကျေးဇူးရှင်ကို မမေ့ပါနဲ့။**
**အထူးသဖြင့်**
**ကျေးဇူးရှင်ကြီးများရဲ့စိတ်ဓာတ်ကို**
**နှလုံးသွင်းပါ။**

ရိုက်ညီနောင်သည် လေယာဉ်ဟူသောရတနာသိုက်ကြီးကို လျှို့ဝှက်ထားသော သဘာဝတရားမှ ဖော်ထုတ်ခဲ့၏။ ထိုသို့ဖော်ထုတ် ရာတွင် သာမညဖွဲ့၊ သာမညလုံ့လဖြင့် ဖော်ထုတ်ခဲ့ခြင်းမဟုတ်။ အကြိမ်တစ်ထောင်ကျော်မှားပြီးမှ သဘာဝတရား၏လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ခဲ့ရာ သဘာဝတရားသည် ရိုက်ညီနောင်အား လေယာဉ်ပျံ

www.burmeseclassic.com



ကို သာမက ဂြိုဟ်တုများ၊ ဒုံးပျံများနှင့် အာကာသယာဉ်များကိုပါ အဆစ်လက်ဆောင်ပေးခဲ့ပါ၏။

ယခုအထိ ကျွန်တော်တင်ပြခဲ့သော အရာနှစ်ခုရှိပါ၏။ တစ်ခုမှာ Just One Idea စိတ်ကူးစိတ်သန်းဖြစ်သည်။ အခြားတစ်ခုမှာ သင့်တွင် စိတ်ကူးစိတ်သန်းတစ်ခုရှိပြီဟုဆိုပါက မီးတိုက်လုပ်ဆောင်ရန် ဖြစ်၏။ ကျွန်တော် ဆက်ပြောမည့် ကိစ္စမှာ ထိုသို့ မီးတိုက် လုပ်ဆောင်ရာတွင် အခက်အခဲများ တွေ့ရမည်။ အူမေဆုံးပါးမှုမျိုး နှင့်လည်း ရင်ဆိုင်ရမည်။ ထိုသို့ဆိုလျှင် ဆက်လုပ်ပါ။ ထိုအခြေအနေသည် အောင်ပွဲနှင့် နီးကပ်လာသော အခြေအနေဟု မှတ်ယူပါ။

စကော့တလန်မှ မစ္စတာဂျွန်ဘာဒ် Mr John Baird သည်လည်း စိတ်အကြံတစ်ခု Just One Idea ရှိသူဖြစ်သည်။ သို့သော် ထိုအကြံအစည်သည် ဖြစ်နိုင်ခြေရှိရမည်။ မစ္စတာဂျွန်ဘာဒ်၏ စိတ်အကြံမှာ ရုပ်ရှင်ရုံသို့သွား၍ ပိတ်ကားအဖြူကြီးထောင်ကာ လူတွေစုဝေးပြီး ရုပ်ရှင်ကြည့်ရသည်ကို စိတ်မရှည်နိုင်သဖြင့် မိသားစုများသည် မိမိတို့အိမ်တွင် ဖန်သားပြင်တစ်ခုပေါ်၌ အရုပ်များသာမက အသံကိုကြားစေနိုင်မည့် ရုပ်မြင်သံကြားစက်များကို တပ်ဆင်ပေးရန် စိတ်အကြံဖြစ်ပါ၏။ မစ္စတာဂျွန်ဘာဒ်၏အကြံအစည်ကို ရှင်းရှင်းလင်းလင်း



ပြောရပါက သူသည် တယ်လီဗေးရှင်း Television ကို တီထွင်လိုသောဆန္ဒဖြစ်ပါ၏။

ဂျွန်ဘာဒ်သည် ရုပ်မြင်သံကြားစက်ကို တီထွင်ရန်အကြံရှိ စိတ်ကူးရသည်မှစ၍ မိမိ၏ဆန္ဒကို ပြင်းပြင်းထန်ထန် မီးတိုက်ပေးပါတော့၏။ ဆန္ဒဇောမီးအားသည် တညီးညီး ကူးကာ ကြီးစွာသော ဆင်းရဲဒုက္ခရောက်မှု၊ အခက်အခဲအထွေထွေ ပြဿနာအရပ်ရပ်ကို လောင်စာများအဖြစ် ဝါးမျိုလိုက်ပြီး ၁၉၆၂ ခုနှစ်တွင် သူသည် တယ်လီဗေးရှင်းကို အောင်မြင်စွာ တီထွင်နိုင်ခဲ့၏။

ယခုတော့ နေအိမ်တိုင်း၊ နေအိမ်တိုင်း၊ ရုံးပြင်ကနား၊ အဆောက်အဦနှင့် ခရီးသွားစဉ် လေယာဉ်၊ မီးရထား၊ မော်တော်ကားနှင့် သင်္ဘောများပေါ်၌ပင် ရုပ်မြင်သံကြားစက်များ တပ်ဆင်ထားကြပြီး ဖြစ်ပါ၏။ ဂျွန်ဘာဒ်ရုပ်မြင်သံကြားစက်ပေါ်လာသဖြင့် ရုပ်ရှင်ရုံများစွာလည်း ပိတ်ခဲ့ရ၏။ ဘယ်တော့မှ တီဗွီမရိုက်ပါဟု ကိုသူတို့ကလည်း ဘီဗွီရိုက်ခဲ့ကြရ၏။

ဂျွန်ဘာဒ်၏ အပြင်းစားအပူတိုက်မှုကြောင့် ရုပ်မြင်သံကြားအသံလွှင့်ရုံများ၊ ထပ်ဆင့်အသံလွှင့်ရုံများ ပေါ်ပေါက်လာရာ ရုပ်မြင်သံကြားသည် ဖျော်ဖြေရေးအတွက်သာမက ထောက်လှမ်းရေးနှင့် မှတ်တမ်းတင်ရေးကဲ့သို့သော ကိစ္စများနှင့် အခြားသောကိစ္စများတွင်ပါ တွင်တွင်ကျယ်ကျယ် အသုံးပြုလျက် ရှိပါ၏။

www.burmeseclassic.com



ဂျွန်ဘာဒ်သည် သူ၏ဖြစ်နိုင်ခြေရှိသောဆန္ဒတစ်ခုကို အပြင်းစားမီးတိုက်မှုမရှိပါက ရုပ်မြင်သံကြားသည် ယခုလောက် မြန်မြန်ဆန်ဆန် ဘယ်အကြောင်းနှင့်မျှ ပေါ်ပေါက်လာစရာအကြောင်းမရှိပါ။ ဂျွန်ဘာဒ်သည် ရုပ်မြင်သံကြားစက် ပေါ်ပေါက်လာရေးကို အကြိမ်ကြိမ်အထပ်ထပ် စမ်းသပ်တီထွင်စဉ်က သူ့ဆွေမျိုးသားချင်းတို့က ဘာဒ်ရူးသွားပြီဟု ဆိုကြပါ၏။

ဆန္ဒဇောသည် ဘာဒ် မရူးကြောင်း သက်သေပြခဲ့၏။

ယခုတော့ ရုပ်မြင်သံကြားမကြည့်ရလျှင် မနေနိုင်သော ရုပ်မြင်သံကြားစက်၏ ဖန်သားပြင်နှင့် မိမိတို့၏ မျက်စိကို မခွာကြသည့် ရုပ်မြင်သံကြားအရူးများ များစွာရှိနေပြီဖြစ်၏။ ယခုအခါ ကမ္ဘာပေါ်တွင် မိမိမျက်စိကို အကွယ်ခံ၍ ရုပ်မြင်သံကြားကို ကြည့်သူများပင် ရှိနေ၏။

ကဲ–မိတ်ဆွေ . . . သင်သည် ဆန္ဒတစ်ခုကို အပြင်းစားမီးတိုက်လျှင် ဘာမဆိုဖြစ်နိုင်သည်ဟုဆိုသောအချက်ကို သင် ယုံပါသလား။

သင်သည် မယုံကြည်သေးဟုဆိုပါက အကြံအစည်တစ်ခုကို အပြင်းစားမီးတိုက်၍ အောင်မြင်အောင်ကြိုးစားဖို့အတွက် ဤကမ္ဘာမြေတွင် တကယ်ဖြစ်ပွားခဲ့သော၊ ပုံပြင် မဟုတ်သည့် တကယ့်ဖြစ်ရပ် အမြောက်အမြားရှိသည်ဆိုသော အယူအဆကို သင်လက်ခံလာအောင် ထပ်၍ ဥပမာပြပါဦးမည်။



လွန်ခဲ့သော အနှစ် ၁၀၀ လောက်ဖြစ်သော ၁၈၉၅ ခုနှစ်က ဂျာမနီနိုင်ငံတွင် ဂျာမန်လူမျိုး မစ္စတာအာရ်ဒီဇယ် Mr. R Diesel သည် ကိစ္စတစ်ရပ် **Just One Idea** ကိုဖြစ်နိုင်ခြေရှိကြောင်း စဉ်းစား မိပါ၏။ မစ္စတာဒီဇယ်သည် ထိုသို့ စဉ်းစားပြီး မကြာမီပင် လောင်စာဆီ အပျစ်တစ်မျိုးဖြင့် မောင်းနှင်နိုင်သော အင်ဂျင်ပုံစံသစ်တစ်မျိုးကို ထုတ်လုပ်ရန် အစီအစဉ်ရှိကြောင်း သတင်းစာမှ ကြေညာလိုက်ပါ၏။ ထိုအင်ဂျင်သည် ဓာတ်ဆီအင်ဂျင်နှင့်မတူဘဲ ထူးခြားသော ပုံစံအစီအစဉ်ဖြင့် ထုတ်လုပ်မှာဖြစ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့ပါ၏။

ထိုနေ့က ဂျာမနီနိုင်ငံတစ်ခုလုံးသည် အလွန်ပြောင်မြောက်သော ဟာသသတင်းတစ်ပုဒ် သတင်းစာတွင်း၌ ပါလာသည်ဟုဆိုကာ ထိုသတင်းကို ရယ်စရာလုပ်ပစ်ခဲ့ကြပါ၏။ သူ၏ကြေညာချက်ကို ရင်းနှီးသောမိတ်ဆွေများအပါအဝင် လူများစွာက ဟာသလုပ်ရုံသာမက သရော်ပြောင်လှောင်မှုများလည်း ပြုကြပါ၏။

ဂျာမနီတစ်နိုင်ငံလုံး၌ ဟာသဖြစ်နေချိန်တွင် မစ္စတာဒီဇယ်သည် သူ၏စိတ်ကူးအကြံအစည်သစ်အတွက် ဇောကပ်၍ မီးတိုက်ပါတော့၏။ သူသည် အင်ဂျင်သစ်တစ်လုံးဖြစ်ပေါ်လာရေးအတွက် သရဲမရဲ စီးနေပါတော့၏။ စိတ်ဇောစျာန်ဝင်နေမိပါ၏။ သူသည် ဘာကိုမှလည်း မစဉ်းစားဘဲ မိမိအကြံအစည်သစ်၊ အကြံဉာဏ်သစ်ကို အပြင်းစား မီးထိုး၍ ထားပါတော့၏။ ဒီဇယ်သည် သူတကာ၏ ဝေဖန်ချက်ကို ကြုံ့ကြုံ့ခံကာ တွေဝေမှုများကို နားယောင်မှုမရှိဘဲ သူလုပ် ရမည့်ကိစ္စ

www.burmeseclassic.com



များကို တစ်ဆင့်ပြီးတစ်ဆင့် လုပ်သွားပါ၏။ ထိုကဲ့သို့ မီးထိုးပြီး ဖောကပ်လုပ်ဆောင်မှုကြောင့် တစ်ကမ္ဘာလုံးရှိ မနုဿ လူသားတို့အတွက် အင်ဂျင်စက်တစ်လုံး ပေါ်ပေါက်လာတော့၏။ ထိုအင်ဂျင်စက်သစ်သည် ဆီအပျစ်နှင့် အသုံးပြုရ၍ ထိုအင်ဂျင်စက်ကိုလည်း တီထွင်သူ မစ္စတာဒီဇယ်အား ဂုဏ်ပြုကာ သူမွေးထုတ်ပေးလိုက်သည့် စက်ကို ဒီဇယ်အင်ဂျင် Diesel Engine ဒီဇယ်စက်ဟုအမည်ပေး ခေါ်ဝေါ်ခဲ့ ကြပါ၏။

ကျွန်တော်တို့ မိသားစုသည်လည်း မစ္စတာ ဒီဇယ်ကို ကျေးဇူးတင်လျက်ရှိပါ၏။ ကျွန်တော်တို့မိသားစုသည် ဂျပန်လုပ် ဒီဇယ်ကား တစ်စီးကို ဝယ်ယူခဲ့ပါ၏။ သို့သော်လည်း ဒီဇယ်အင်ဂျင်မှာ ဓာတ်ဆီ အင်ဂျင်လို မကောင်း၍ ပြင်လျှင် ဈေးပိုပေးရသည်ဟု ဆို၍ ကျွန်တော်တို့ ဇဝေဇဝါ ဖြစ်ခဲ့ရသည်။

သို့သော် ဓာတ်ဆီဈေး အဆမတန် တက်ချိန်တွင် ဒီဇယ်က ဈေး သိပ်မတက်၊ ဒီဇယ်တစ်ဂါလံသည် ဓာတ်ဆီ နှစ်ဂါလံလောက် ခရီး ပေါက်ရာ ဒီဇယ်အင်ဂျင်၊ ဒီဇယ်ဆီက အလွန်မှ ဆီစားသက်သာပေရာ တစ်နှစ်ကျော်ကြာသည့်တိုင် ဒီဇယ် အင်ဂျင်သည် ကျွန်တော်တို့ မိသားစုကို ဘာဒုက္ခမှ မပေးသေးသောကြောင့် ကျွန်တော်တို့ မိသားစုသည် မစ္စတာ ဒီဇယ်ကို ကျေးဇူးတင်နေခြင်းဖြစ်ပါ၏။

အိန္ဒိယနိုင်ငံသို့ ဘုရားဖူးသွားကြသော မြန်မာ ဘုရားဖူးအဖွဲ့ များကလည်း မစ္စတာ ဒီဇယ်ကို ကျေးဇူးတင်ကြပါသည်။ အိန္ဒိယ ဘုရား



ဖူးများသည် သံဝေဇနီယ လေးဌာနသို့ ဘုရားဖူးထွက်လျှင် ဓာတ်ဆီကားကို ငှားပါက တစ်ကီလိုမီတာကို ၅ ရူပီး ပေးရပါ၏။ သို့သော် ဒီဇယ်သုံး အင်ဘာဆာဒါကားများကို ငှားပါက တစ်ကီလိုမီတာကို ၄ ရူပီးသာ ပေးရ၍ ခရီးတစ်ပါတ်ဆိုလျှင် ရူပီး ၃၀၀၀ မျှ သက်သာပါ၏။

ယခုအချိန်တွင် ဒီဇယ်ဟုဆိုပါက ဆီအပျစ်တစ်မျိုး ဖြစ်ကြောင်း လူတိုင်းသိကြပါ၏။ ထိုဒီဇယ်အပျစ်ကို အသုံးပြု၍ ဤကမ္ဘာမြေပေါ်တွင် သန်းပေါင်းများစွာသော ဒီဇယ် မော်တော်ကားများသည် လူသားတို့၏ တာဝန်များကို ထမ်းဆောင်လျက်ရှိပါ၏။ သင်ဘာပြောမည်နည်း။ ဖြစ်နိုင်ခြေရှိသော အကြံဉာဏ်တစ်ခုကို အပြင်းစားမီးတိုက်လျှင် မဖြစ်နိုင်တာမရှိဟုဆိုသောအချက်ကို သင်ယုံပြီလား။

မစ္စတာဒီဇယ်ကဲ့သို့လည်းကောင်း၊
မစ္စတာမီကီမိုတိုကဲ့သို့လည်းကောင်း၊
ရိုက်ညီနောင်ကဲ့သို့လည်းကောင်း၊
အယ်ဒီဆင်ကဲ့သို့လည်းကောင်း၊

အမှုကိစ္စတစ်ခုကို ကြံစည်စိတ်ကူးပြီး ထိုအကြံစိတ်ကူးကို ဖောကပ်ကာ အပြင်းစားအပူပေး လောင်မြိုက်စေကာ လူ့သမိုင်းတွင် လူသားစစ်စစ် ဟု အမည်တွင်ရစ်စေခဲ့သော လူများ၏စာရင်းကို ဤစာအုပ်၏ အဆုံးတွင် အပြည့်အစုံထည့်သွင်းဖော်ပြထားပါ၏။ **(စာမျက်နှာ ၁၇၀)**

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထိုစာရင်းသည် အပြင်းစားစိတ်ဆန္ဒရှိသူများ၏စာရင်း၊ တစ်စုံတစ်ခုသော ဖြစ်နိုင်ခြေရှိသည့်အရာကို ဇောကပ်ကာ ဖွဲ့ရှိရှိဖြင့် ဆက်တိုက်လုပ်ဆောင်ခဲ့သူများ၏ စာရင်းဖြစ်ပါ၏။

လူတစ်ယောက်သည် အောင်ပွဲတစ်ရပ်ကို ရရှိလိုပါက စွန့်စားမှုကို နောက်ဆုံးတစ်ပြားတစ်ချပ်သာ ကျန်သည်အထိ ကြိုးစားရမည်ဖြစ်ပါ၏။ ထို့နောက် ယင်း တစ်ပြားတစ်ချပ်ကို ထပ်မံရင်းနှီးကာ ထပ်ကြိုးစားရဦးမည် ဖြစ်ပါ၏။

ဘာကြိုးစားရန် ကျန်သေးသနည်း။ ကျန်ရှိသမျှသော ကြိုးစားရမည့်အရာများကို တစ်စမကျန် အားထုတ်ရမည် ဖြစ်ပါ၏။ သဘာဝတရားသည် ဖွဲ့နှင့်အားမာန်ရှိသူများကိုသာ သူ၏လျှို့ဝှက်မှုများကို ဖော်ပေးတတ်သောကြောင့် နောက်ဆုံးစခန်းအထိ ဖွဲ့ရှိရန်လိုပါ၏။

တစ်စုံတစ်ရာကို ရှာဖွေရာတွင်၊ အမှုတစ်ခုကို ပြုလုပ်ရာတွင် မိုးရွာခြင်း၊ နေပူခြင်း၊ လေထန်ခြင်း၊ ရန်သူနှင့်တွေ့ခြင်း၊ သားရဲတိရစ္ဆာန်တို့နှင့် ကြုံတွေ့ခြင်းစသော အတားအဆီးများကို ကြုံရသည့်တိုင် လက်မမြှောက်နောက်မဆုတ် လက်မတွန့် အရှုံးမပေးဘဲ မိမိယုံကြည်မှုအပေါ် ယုံယုံကြည်ကြည် စွဲစွဲလမ်းလမ်းဖြင့် အားလုံးကို ရင်ဆိုင်ကျော်ဖြတ်ကာ ပန်းတိုင်သို့ အပြီးတိုင်ချီတက်မည်ဟု အခိုင်အမာဆုံးဖြတ်သူတိုင်းသည် ပန်းတိုင်သို့ရောက်ရှိပါ၏။



တကယ်တော့ လူတိုင်းတွင် အကြံအစည်များရှိကြ၏။

လူဆိုသော အဓိပ္ပာယ်မှာ အခြားသော သတ္တဝါ၊ တိရစ္ဆာန်များထက် ပိုမို၍ အသိဉာဏ်ရှိသူဖြစ်၏။ သတ္တဝါတစ်ကောင်သည် လူ၏ပုံသဏ္ဍာန်ရှိသော်လည်း အသိဉာဏ် မရှိပါက ထို သတ္တဝါကို လူဟု မဆိုနိုင်။ လူဆိုလျှင် အသိဉာဏ် ရှိရမည် ဖြစ်ပါ၏။ ဗုဒ္ဓဘာသာ၏ အလိုအရ လူ့ဘဝသည် အလွန်မှပင် ရခဲပါ၏။ ရခဲသော လူ့ဘဝဆိုသည်မှာ အသိဉာဏ်ရှိသော ဘဝဖြစ်သည်။ လူတွင် အသိဉာဏ်ရှိ၍ ထိုးထွင်း သိမြင်ကြံဆနိုင်သော သဘောရှိ၍ အခြားသော သက်ရှိများထက် ပိုမို၍ တန်ဖိုးရှိနေခြင်းဖြစ်ပါ၏။

ခရစ်ယာန်ဘာသာ၏ အလိုအရ ဘုရားသခင်သည်လူကို ဖန်ဆင်းရာတွင် အသိဉာဏ်ကို ထည့်သွင်းဖန်ဆင်းထားခြင်း ဖြစ်၏။ ဘုရားသခင်သည် လူကို အခြားသတ္တဝါများနှင့် မတူဘဲ ထူးခြားစွာ ဖန်တီးထားပါလျက် ထို ထူးခြားစွာဖန်တီးမှုကို အသုံးမပြုပါက အသုံးမပြုသူ လူသား၏ အသုံးမကျမှု ညံ့ဖျင်းမှုသာလျှင်ဖြစ်ပါ၏။

ခရုဟူသော သတ္တဝါတွင် အဆန်ရှိသလို မနုဿလူသားသည် အကြံနှင့် အသက်ရှင်နေသူဖြစ်၏။ အကြံမရှိလျှင် လူမဟုတ်၊ လူဆိုလျှင် ကြံရည်ဖန်ရည် ရှိရမည်ဖြစ်ပါ၏။

လူတိုင်းတွင် အကြံအစည်ရှိပါလျက် အချို့သောသူများ အောင်မြင်မှုရှိပြီး အချို့သောလူများသည် အဘယ့်ကြောင့် မအောင်မြင်ကြသနည်း။

www.burmeseclassic.com

www.burmeseclassic.com



အချို့သောလူများတွင် အကြံအစည်များတော့ ရှိကြပါ၏ သို့သော် လူများစွာတို့သည် ယင်းအကြံဉာဏ်များကို အကောင်အထည် ဖော်ရန် မဝံ့မရဲဖြစ်နေကြ၏။

မဝံ့မရဲဖြစ်ရာမှ မိမိအကြံအစည်ကို ပေါ့ပေါ့ဆဆ လျှော့တ လျှော့ရဲ လုပ်ရာမှ အကြံအစည်များသည် လေထဲတိုက်အိမ်ဆောက် သလို စိတ်ကူးကန္တာရအတွင်း၌ လွင့်စင်ပပျောက်သွားတတ်ပါ၏။

ထို့ကြောင့် လူဖြစ်ပါက လူတွင် အကြံအစည်ရှိရမည်။ လ သည် အကြံအစည်ရှိရုံသာမက ထိုအကြံအစည်ကို အကောင်အထည် ဖော်ရမည်။ လူသည် အကြံအစည်ကို အကောင်အထည် ဖော်နိုင်သူ ဖော်ဝံ့သူ၊ ဖော်နိုင်စွမ်းရှိသူဖြစ်ဖို့ လိုပါ၏။

လူဖြစ်ပါလျက် အကြံအစည်မရှိ၊ အကြံအစည်ကို အကောင် အထည် မဖော်နိုင်ကြလျှင် သူတို့၏ဘဝသည် လူ့ဘဝဟု ဆိုပင် ဆိုငြ သော်လည်း ထိုဘဝသည် မပီမပြင် မှုန်တိမှုန်ဝါးဖြင့် လူ သာမန်များသာ ဖြစ်လာကြရ၏။ ယင်း လူ သာမန်များကိုလည်း ယင်းတို့သေလွန်ပြီး မကြာမီတွင် ယင်းတို့အား လူသားကမ္ဘာကြီးက မေ့ပစ်ခြင်းကို ခံခဲ့ကြ ပါ၏။

လောကတွင် မဖြစ်နိုင်တာ မရှိ။

လောကတွင် မဖြစ်တာဟူ၍ မရှိ။



အကြံအစည်တစ်ခုကို မဖြစ်နိုင်ဟု သံသယရှိရုံဖြင့် မစွန့်လွှတ်သင့်။ ထိုအကြံအစည် ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုသောအချက်ကို သုတေသနပြုလုပ်ရန် လိုအပ်၏။ မှန်ကန်သော သုတေသနပြုချက်များသည် ကောင်းကင်သို့ လူပျံတက်ရန် ဘယ်တော့မှမဖြစ်နိုင်ဟူသော ကိစ္စရပ်များကို ဖြစ်နိုင်ကြောင်း သက်သေပြခဲ့ကြ၏။ ခက်ခဲသောစိတ်ကူးများသည် ပြင်းထန်သော လေမုန်တိုင်း၊ ကြမ်းတမ်းခက်ထန်သည့်ရာသီဥတု၊ လှိုင်းများ၊ လေများအကြားတွင် အပြင်းအထန် သုတေသနပြုရာ အမှားများစွာကို သင်ခန်းစာအဖြစ် ရယူပြီးနောက် လူသားတို့၏ စိတ်ကူးသည် အကောင်အထည် ပေါ်လာရစမြဲဖြစ်၏။

ကျွန်တော်တို့သည် စိတ်ကူးကို အကောင်အထည်ဖော်ရာတွင်

- **ကြံ့ကြံ့ခံရမည်။**
- **ဇွဲရှိရမည်။**
- **စိတ်ရှည်ရမည်။**
- **စိတ်ကိုပိုင်းဖြတ်ထားရမည်။**
- **ဆက်တိုက် လုပ်ဆောင်ရမည်။**
- **သတ္တိလည်း ရှိရမည်။**
- **ဘယ်တော့မှ လက်မလျှော့ပါက**

  **သင့်ရှေ့တွင် အောင်ပွဲရှိသည်။**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း– ၅

# ယုံကြည်ချက် မျှော်လင့်ချက် တောင့်တချက်

ကျွန်တော်တို့သည် မြားအစင်းတစ်ရာကို တစ်ပြိုင်နက်မပစ်လွှတ်နိုင်ပါ။ ပစ်မှတ်တစ်ခုအားချိန်ရွယ်၍ မြားတစ်စင်းတည်းကိုသာ ပစ်လွှတ်ရပါ၏။ ထိုအခါ မြားသည်ပစ်မှတ်ဆီသို့ တည့်တည့်သွားရောက်ကာ ပစ်မှတ်အတွင်းသို့ စူးစိုက်ဝင်သွားပါ၏။

ကျွန်တော်တို့သည် ငယ်စဉ်အခါက လူငယ် ဘဝသမီးရည်းစားထားကြရာတွင် ချစ်သူရည်းစားတစ်ဦးတည်းကိုသာ ထားကြပါ၏။ သို့သော်ငယ်စဉ်က ရည်းစား သုံးလေးဦး တစ်ပြိုင်နက်ထားကြသူများကို တွေ့ကြုံဖူးရာ ယင်းတို့ ကြီးလာသောအခါ သူတို့၏အိမ်ထောင်ရေးသည် တည်ငြိမ်မှုမရှိသော ဘဝသို့ ရောက်ရှိသည်ကို တွေ့ဖူးရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ငယ်စဉ်က အဘိုးဖြစ်သူသည် ပျိုးထောင်တော့မည်ဟုဆိုပါက ပျိုးထောင်မည့်စပါးကို အသေအချာရွေးချယ်ပါ၏။ ပျိုးစပါးသည်သီးခြားရိတ်သိမ်းထားသောစပါးဖြစ်ပါသည်။ ထိုစပါးသည် စပါးတစ်မျိုးတည်းဖြစ်သည်။ ရောနှောနေသော မျိုးစပါးများမဖြစ်စေရပါ။ အရောအနှောစပါးများကို ဘယ်သူမှ မျိုးစပါးအဖြစ် ပျိုးမထောင်ကြပါ။

လူ့ဘဝတွင် ဖြစ်လိုသည့် ဆန္ဒများ ထွေပြားနေပါက ဘာမျှမယ်မယ်ရရမဖြစ်ဘဲ မိမိဘဝသည်လည်း ဝေဝေဝါးဝါးရှိတတ်ပါ၏။ ဘုရားသခင်သည် လူတစ်ယောက်ကို အကောင်းဆုံးတစ်ခုသာ ပေးသည်ဟု ဆိုပါ၏။ ထိုတစ်ခုသည် သင်လိုချင်တာရရှိနိုင်သည်ဆိုတာကိုတော့မမေ့ပါနှင့်။ ဘုရားသခင်က လူ့လောကရတနာသိုက်များ **Acre of Diamonds** အနက် သင့်အား ဘယ်ရတနာသိုက်ကို လိုချင်ပါသလဲဟုမေးပါ၏။

သင်ကဘယ်ရတနာသိုက်ကြီးကို လိုချင်ပါသည်ဆိုသောကိစ္စကိုကား တိတိကျကျတော့ပြောရပါမည်။ သင်ကဘယ်အရာကို၊ ဘယ်ရတနာသိုက်ကိုလိုချင်သည်ဟု ပြောပြီးပါက ဘုရားသခင်က သင်လိုချင်သောအရာကိုရက်ရောစွာဖြင့် "ထိုရတနာသိုက်ကို သင့်ယူတော့" ဟုပေးပါ၏။

သို့သော် သင်က မိုးကုတ်ကပတ္တမြားတွင်းကြီးရော ဖားကန့်ကကျောက်စိမ်းတွင်းကြီးရောလိုချင်ပါသည်ဟုဆိုလျှင် ဘုရားသခင်က



သင့်အား ဘယ်အရာပေးရမည်ကို စဉ်းစားနေရဦးမည်ဖြစ်၏။ သင်သည်တစ်ခုသောရတနာသိုက် **Just One Idea** ကိုလိုချင်သည်ဟု ပြောပါ။

ဘုရားသခင်ကသင့်အားသင်လိုချင်သော တစ်ခုကိုပေးပါမည်။ သို့သော် ထိုတစ်ခုကို သင့်ဟာသင်တော့ယူရပါမည်။

တဖန် သင်သည် သင်လိုချင်တာတစ်ခုကို ရရှိပြီးပါက နောက်တစ်ခုကို ထပ်၍ကြိုးစားပါ။ ဘုရားသခင်သည် သင့်အား နောက်တစ်ခု ထပ်၍ ပေးပါ၏။ တစ်ခုပြီးမှတစ်ခု တောင်းယူပါ၊ သင် တောင်းသလောက်၊ သင်ကြိုးစားသလောက် သဘာဝ တရားကြီးထဲမှ သင်ကြိုက်သော အရာများကို ရွေးယူ၍ ရပါ၏။

ဘုရားသခင်သည် ငှက် သတ္တဝါတို့အတွက် စားစရာများကို ဖန်တီးထားပါ၏။ သို့သော် အသိုက်ထဲအထိကား ထည့်မပေးပါ။

သင်သည် တစ်ခုကိုသာ လုပ်ဆောင်ပါ၊ တစ်ခုကိုသာ တောင်းဆိုပါဟု ဆိုရာတွင် ထိုတစ်ခုသောဆန္ဒ **Just One Idea** ဆိုတာ ဘာလဲ? ထိုဆန္ဒဆိုသောအရာသည် ဘာလဲဟု ဆိုပါက ထိုအရာသည် သင်ယုံကြည်သောအရာတစ်ခု ဖြစ်ရမည်။ ထိုအရာကို သင်ယုံကြည်ရမည်ဖြစ်ပါ၏။

ယုံကြည်ချက်ဆိုတာကရော . ဘာလဲ?

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ချက်ဆိုသည်မှာ တစ်စုံတစ်ခုသောရည်ရွယ်ချက် ပန်းတိုင်ကို အကျိုးအကြောင်းရှေ့နောက်ဆီလျော်စွာ ဆက်စပ်လက်ခံထားသော အမှန်အကန်တစ်ခုကိုခေါ်ပါ၏။

**BELIEF MEANS TRUST, HAVING CONFIDENCE AND ACCEPTING THINGS AS THEY EXIST AS BEING TRUE.**

သင်သည် မနုဿလူသားတစ်ဦး ဖြစ်ပါက သင့်ထံတွင် ယုံကြည်မှုတစ်ခု ရှိရမည် ဖြစ်ပါ၏။ အထက်အခန်းများတွင် ပြောခဲ့သောစိတ်ဆန္ဒဆိုသည်မှာလည်း သင့်ယုံကြည်ချက်ဖြစ်ပါ၏။ သင့်ဘဝတွင် ယုံကြည်တာနှင့် မယုံကြည်တာနှစ်မျိုးရှိနိုင်၏။ သင်သည် ယုံကြည်တာတစ်ခုကို အပြင်းစားမီးထိုး၍ လုပ်ဆောင်ပါ။ သင် မယုံကြည်တာကို ဘယ်တော့မှမလုပ်ပါနှင့်။

လူတိုင်းတွင် ယုံကြည်ချက်တစ်ခုရှိရမည်။ ဘာကိုယုံကြည်ရမည်နည်း။ ဘယ်သူ့ကိုယုံကြည်ရမည်နည်း။ ဘုရားသခင်ကိုယုံကြည်ရမှာလား။ မဟုတ်ပါ။

မိမိကိုယ် မိမိ ယုံကြည်ရန်ဖြစ်၏။

မိမိအစီအစဉ်ကို မိမိယုံကြည်ရန်ဖြစ်၏။

မိမိစွမ်းဆောင်မှုကို မိမိယုံကြည်ရန်ဖြစ်၏။

**BELIEVE IN YOUR PLANNING**

**BELIEVE IN YOUR CAPABILITIES**

ဤစကားကြီးသုံးခွန်းသည် တိုးတက်ကြီးပွားရေးလမ်းကြောင်းကို လျှောက်လှမ်းသူများ ထာဝစဉ် လက်ကိုင်ထားရှိရမည့် လက်သုံးစကားဖြစ်၏။

ထာဝစဉ်ထားရှိရမည့် စေ့ဆော်မှုဖြစ်ပါ၏။

မိမိကိုယ်မိမိ မယုံကြည်လျှင် အခြားဘယ်သူ့ကိုယုံကြည်ရမည်နည်း။ မိမိကိုယ်သာအားကိုးရာဟုဆိုပါ၏။ မိမိယုံကြည်မှုအတွက် အခြားတစ်ပါးသူကို အားမကိုးပါနှင့်။

အတ္တာဟိ အတ္တာနော နာထော

ငါသာလျှင်ငါ့အတွက် အားကိုးစရာဖြစ်ပါ၏။

မိမိစီမံကိန်းကို မိမိယုံကြည်ရမည်ဖြစ်၏။ မိမိစီမံထားသော လုပ်ငန်း၊ မိမိစီစဉ်ထားသောခရီးစဉ်၊ မိမိကိုယ်တိုင်ဖောက်ထားသော လမ်းကို မိမိကမှ မယုံလျှင် ဘယ်သူကယုံကြည်ပါမည်နည်း။

မိမိတွင်လုပ်နိုင်သည်ဟူသော စွမ်းဆောင်ရည်ရှိကြောင်း မိမိကိုယ်တိုင်ယုံကြည်ပါ။ မိမိလုပ်ဆောင်သောအလုပ်သည် အောင်မြင်ရမည်ဟုယုံကြည်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်တစ်ခုကို လုပ်ဆောင်ရာတွင် လမ်းခရီးတွင်မကျော်လွှားနိုင်သော အခက်အခဲများနှင့်ဖြစ်စေ၊ ကျော်လွှားနိုင်သော အခက်အခဲများနှင့်ဖြစ်စေ တွေ့ဆုံရင်ဆိုင်ရပါက . . .

**အရှုံးမပေး**

**လက်မမြှောက်**

**ဒူးမထောက်**

**အညံ့မခံ**

**အားမလျှော့ဘဲ**

**ရဲဝံ့စွာရင်ဆိုင်ပါ။**

**အောင်ပွဲသည် သင့်ရှေ့တွင် အမြဲရှိနေပါသည်။**

အခက်အခဲပြဿနာဟူသည် ချက်ချင်းမကျော်လွှားနိုင်သေးသော အရာများသာဖြစ်၏။ ကျော်လွှားပြီးပါက အခက်အခဲပြဿနာတို့သည် လေထဲတွင်အငွေ့ဖြစ်ကာ ပျောက်သွားတတ်ပါ၏။ မည်သည့်အရာမဆိုအားမလျှော့ဘဲ ဇွဲလုံ့လဖြင့် တစ်ထစ်ပြီးတစ်ထစ်၊ တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားပါ။ တဖြည်းဖြည်းကျော်လွှားနိုင်မည်သာ ဖြစ်ပါ၏။

**ယုံကြည်ချက် ဟူသော အရာသည် မျှော်လင့်ချက်နှင့် တောင့်တမှုအပေါ် အခြေခံ၍ တည်ဆောက်ထားသောအရာ ဖြစ်သည်။**



**BELIEF IS THE FOUNDATION UPON WHICH EXPECTANCY AND HOPE ARE BUILT.**

ထို့ကြောင့် သင်၏ယုံကြည်ချက် **Belief**

မျှော်လင့်ချက် **Hope**

တောင့်တချက် **Expectancy**

တို့သည် တစ်ခုကိုတစ်ခု အပြန်အလှန်အကျိုးပြုနေ၏။ တောင့်တမှုကို မျှော်လင့်၍ ယုံကြည်မှုတစ်ခုကို အခြေခံကာ ကြိုးစားခြင်းဖြင့် ထိပ်ဆုံးသို့ ရောက်အောင်တက်ပါ။

**လက်တွေ့မလုပ်ဘဲ**

**ဘာကိုမှ မယုံပါနှင့်။**

**လက်တွေ့မလုပ်ဘဲ**

**ဘာကိုမှ မတောင့်တပါနှင့်။**

**လက်တွေ့မလုပ်ဘဲ**

**ဘာကိုမှ မမျှော်လင့်ပါနှင့်။**

**စနစ်တကျစီမံကိန်းချ လုပ်ဆောင်သော**

**လုပ်ရပ်မရှိဘဲ**

**မျှော်လင့်တောင့်တနေမှုသည် အချည်းနှီးဖြစ်ပါ၏။**

မိမိတွင် ယုံကြည်မှုတစ်ခုရှိလာပြီဟုဆိုပါက ထိုယုံကြည်ချက်သည် ခိုင်မာပြတ်သားရမည်ဖြစ်ပါ၏။ မိမိယုံကြည်ချက်၊ မျှော်လင့်ချက်၊

www.burmeseclassic.com

www.burmeseclassic.com



ရည် မှန်းချက်များရှိရာ အောင်မြေသို့သွားရာလမ်းခရီးတွင် အခက်အခဲမှန်သမျှကို သတ္တိရှိရှိခွဲသန်သန်ဖြင့် ကျော်လွှားရင်ဆိုင်ရမည် ဖြစ်သည်။

အခက်အခဲဆိုတာ ဘာလဲ?

ကျွန်တော် ထပ်၍ပြောပါရစေ။

အခက်အခဲဆိုတာ ယာယီမကျော်လွှားနိုင်သေးသော ကိစ္စတစ်ရပ်ဖြစ်၏။ မကျော်လွှားနိုင်စရာအကြောင်းမရှိသော ကိစ္စတစ်ရပ်ဖြစ်၏။အခက်အခဲတွင် ဝိသေသနှစ်ခုသာရှိ၏။ ထိုအရာမှာ

၁။ ချက်ချင်းကျော်လွှားဖို့ဖြစ်နိုင်တာနှင့်

၂။ တဖြည်းဖြည်းချင်းကျော်လွှားဖို့ အကြောင်းဖန်လာမှု နှစ်ခု သာဖြစ်သည်။

**ထို့ကြောင့် အခက်အခဲကို အဓိပ္ပာယ်ဖွင့်ရာတွင် အနှေးနှင့် အမြန် ကျော်လွှား၍ရသော အရာဟု ဆိုလိုက်ပါ။**

ဒဿနဗေဒပညာရှင်တစ်ဦးက "လူတစ်ယောက်၏ယုံကြည်ချက်၊ တောင့်တချက်နှင့် သူ၏မျှော်လင့်ချက်များကို နားထောင်ပါ၊ ဗေဒင်သုံးပုံကို ကိုင်စရာမလိုဘဲ ထိုသူဘာဖြစ်မည်ဆိုတာ ကျွန်ုပ်အတပ်ပြောနိုင်သည်" ဟုဆိုပါ၏။



**လောကတွင်အပြုသဘောယုံကြည်ချက်နှင့်**

**အပြုသဘောမျှော်လင့်ချက်တို့ကို**

**ထိရောက်သော လက်တွေ့ လုပ်ရပ်ဖြင့် အကောင်အထည်ဖော်ပါက မည်သူမဆို ကြီးပွား ချမ်းသာမည် ဖြစ်ပါ၏။**

လယ်သမားတစ်ဦးသည် ပထမလယ်မြေကို ညက်ညက်ထွန်ရမည်။ မိမိစိုက်ပျိုးမြေပေါ်မှ ပေါင်းမြက်များကို ပြောင်အောင်ဖယ်ရမည်။ ထို့နောက် မျိုးကောင်းမျိုးသန့်သီးနှံကိုစိုက်ပျိုးရမည်။ နောက်ပေါင်းလိုက်ပြီး မြေဩဇာကျွေးမည်။ ထိုလယ်သမား သီးနှံကောင်းကောင်းရလိမ့်မည်ဟူသောအချက်သည် ဗေဒင်မေးစရာ လိုအပ်ပါသလားခင်ဗျား။ "စိုက်သည့်အတိုင်း ရိတ်ရမည်" ဆိုသော စကားပုံ ရှိပါ၏။

သင်္ဘောမာလိန်မှူးသည် ကျွမ်းကျင်သည့် သင်္ဘောတည်ဆောက်သည့် အင်ဂျင်နီယာက ဤသင်္ဘောသည် ပင်လယ်ရေကြောင်းတွင်ကောင်းစွာခုတ်မောင်းနိုင်သည့် သင်္ဘောဖြစ်ကြောင်းထောက်ခံချက်ပေးပြီးပါက လိုရာခရီးသို့ရောက်အောင် ဘေးမသီရန်မခ ယုံကြည်စိတ်ချစွာခုတ်မောင်းနိုင်ရန် မျှော်လင့်ချက်ထားနိုင်ပါ၏။

စီးပွားရေးလုပ်ငန်းရှင်တစ်ဦးသည် မိမိကိုယ်ပိုင်လုပ်ငန်းတစ်ခုကို စနစ်တကျ စီစဉ်ရေးဆွဲပြီး အဆင့်ဆင့် ထူထောင်သွားပါက

www.burmeseclassic.com

www.burmeseclassic.com



ထိုလုပ်ငန်းရှင်သည် သူ့အလုပ်၏အသီးအပွင့်ကို သူကောင်းစွာခံစားဖို့ ကိစ္စကို ကောင်းစွာမျှော်လင့်နိုင်ပါ၏။

ကမ္ဘာပေါ်ရှိသန်းပေါင်းများစွာသော လူတို့သည် မိမိတို့၏ယုံကြည်ချက်၊ မျှော်လင့်ချက်၊ တောင့်တချက်များကို ဖြစ်မှဖြစ်ပါ့မလား၊ မဖြစ်နိုင်ဘူးထင်ပါတယ်လေ ဟုဆိုကာ နေ့ရွှေ့ညရွှေ့ လုပ်ရာမှ ယင်းတို့၏ ယုံကြည်ချက်၊ ယင်းတို့၏ မျှော်လင့်ချက်များသည် အကောင်အထည်အဖြစ် ပေါ်မလာကြဘဲ လေထဲတွင် လွင့်စင်ပပျောက်ကုန်၏။ တစ်နည်းဆိုရသော် သံဘောင်၊ အုတ်၊ ကွန်ကရစ်တို့ဖြင့် တည်ဆောက်ရမည့် အဆောက်အဦကို ထိုသူများသည် ရွှံ့ဖြင့် တည်ဆောက်ခြင်းကြောင့် ပြိုကျပျက်စီးသွားခြင်း ဖြစ်ပါ၏။

သို့သော် ကမ္ဘာပေါ်ရှိလူတစ်စုသည် မိမိယုံကြည်သော ယုံကြည်ချက်တစ်ခုကို အပြင်းစားမီးတိုက်၍ ဇောကပ်ကာ လုပ်ဆောင်မှုကြောင့် ဤကမ္ဘာမြေပေါ်တွင် အသီးအပွင့်များ ပွင့်ဖူးဝေဆာခဲ့ကြ၏။ ထိုအသီးအပွင့်အဖူးများကို လူသားအားလုံးက မြိန်ရှက်စွာ စားသုံးခဲ့ကြ၏။

အမေရိကန်မှ အယ်ဒီဆင်သည် လျှပ်စစ်မီးလုံးကိုလည်း ကောင်း၊

အမေရိကန်မှ ရိုက်ညီနောင်သည် လေယာဉ်ပျံကိုလည်း ကောင်း၊



အင်္ဂလန်မှဖာရာဒေးသည် ဒိုင်နမိုကိုလည်းကောင်း၊

ပြင်သစ်မှ ကောန်းသည်ဟယ်လီကော်ပတာကိုလည်းကောင်း၊

ဂျာမနီမှဒါးလ်သည် ပျော့ဖတ်မှုစက္ကူကိုလည်းကောင်း၊

အီတလီမှမာကိုနီသည် တယ်လီဂရပ်ကိုလည်းကောင်း၊

အိုင်ယာလန်မှ ဒန်လော့သည် တာယာကိုလည်းကောင်း၊

ဆွီဒင်မှ အင်မင်နူလ်ဝဲနိုဘယ်သည် သုံးထပ်သားကိုလည်း ကောင်း၊

နယ်သာလန်မှ လစ်ပါရှေးသည် တယ်လီစကုပ်ကိုလည်း ကောင်း၊

ပြင်သစ်မှကာစီနီယာသည် ဓာတ်ပုံပညာကိုလည်းကောင်း တီထွင်ခဲ့ကြ၏။

မိမိယုံကြည်သောအရာကို အာရုံဇောကပ်ကာ အပြင်းစားမီးတိုက်မှုကြောင့် လူသားတို့အတွက် အဖိုးမဖြတ်နိုင်သော တီထွင်မှုများကို လူသားကမ္ဘာကြီးတည်ရှိနေသမျှ လူ့သမိုင်း၊ လူ့ဓာတ်ခံ တည်မြဲနေသမျှ လူသားတို့အစဉ်အဆက် သုံးဆောင်နိုင်ရန် တီထွင်ခဲ့ကြ၏။

ဤပုဂ္ဂိုလ်ကြီးများသည် ကမ္ဘာကျော်ရှင်ကြီးများဖြစ်ပါ၏။ သင်သည် ဘဲလ် ဆိုသောပုဂ္ဂိုလ်မည်သူမည်ဝါဖြစ်သည်ကို သိကောင်း

www.burmeseclassic.com

www.burmeseclassic.com



သိမည်ဖြစ်ပါ၏။ ဘဲလ်ကသူ့အားသိရှိစေရန် ရည်ရွယ်၍လည်
မဟုတ်။ သင့်ထံမှ ကျေးဇူးတရားတစ်စုံတစ်ရာကို ရရှိလို၍လည်
မဟုတ်။ ဘဲလ်သည် လူသားကောင်းကျိုးအတွက် သူ့ဘဝတစ်စိတ်
တစ်ဒေသကို ပေးအပ်ကာ သဘာဝတရားအတွင်းမှ ဖော်ထုတ်ခဲ့သော
အရာသည် တယ်လီဖုန်းဖြစ်ပါ၏။

ဤကမ္ဘာမြေသည် ဘဲလ်ကဲ့သို့၊ ဖာရာဒေးကဲ့သို့ ရည်ရွယ်
ချက်ကို ဆန္ဒဇောကပ်လုပ်ဆောင်သူနည်းပါးသောကြောင့်သာ လူသာ
တို့ တီထွင်ခဲ့သော ပစ္စည်းအရေအတွက်သည် လူသားတို့၏ အ
အတွက်နှင့်စာပါကအလွန်တရာနည်းပါးနေခြင်းဖြစ်၏။တကယ်တော့
ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ သည် မိမိတို့၏ တစ်ခုသောရည်မှန်းချက်
ဆန္ဒဇောကပ်ကာ အပြင်းစားမီးတိုက်၍ အားထုတ်မှု ပြုခဲ့ပါလျှ
သဘာဝလောကကြီးက သူ၏လျှို့ဝှက်မှုများစွာ အခုရေ သန်း ၇၀၀
ကို လူသားတို့အတွက် ထုတ်ဖော်၍ပေးမည်မှာ သေချာလှပါ၏။

အောင်မြင်ကျော်ကြားသူတို့သည် သူတို့၏ နိုင်ငံရေးဘ
စီးပွားရေး ဘဝနှင့် ယဉ်ကျေးမှုဘဝများကို သူတို့၏ ခိုင်မာသေ
ယုံကြည်တောင့်တချက်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်၏။ ထိုသို့ တည်
ဆောက်ရာတွင် သူတို့၏ –

**အပြုသဘောအတွေးစိတ်ကူးများ**

**POSITIVE THOUGHTS**

**လုပ်ငန်းစီမံချက်များ**

**PLANNING**



**စိတ်အားထက်သန်မှုများ**

**ENTHUSIASM**

ကို ကျောက်သားအတိဖြင့် တည်ဆောက်ခြင်း ဖြစ်၏။

ဖော်ပြပါ ကမ္ဘာ့ကျေးဇူးရှင်များသည် တစ်နေ့၊ တစ်ရက်၊ တစ်လ၊ တစ်နှစ်စသည်ဖြင့် အချိန်ရှိသမျှ စိတ်ကူးဉာဏ်ထုတ်ဖော်ကာ လူ့ဘောင်လူ့ဘဝ လူလောကသားများ အကျိုးရှိစေသော လုပ်ရပ်များကို ဘယ်သူကမှ မတိုက်တွန်း မနှိုးဆော်ဘဲ ဝေဖန်မှုများကြားမှ အရှုံးကြီးများဟု အခေါ်ခံကာ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်၏။

သူတို့၏စိတ်ဖွဲ့ဆန္ဒကြောင့် သူတို့၏ ယုံကြည်ချက်၊ မျှော်လင့်ချက်များသည် လက်တွေ့ဘဝတွင် အကောင်အထည်ဖြစ်ပေါ်လာခဲ့ကြပါ၏။

ထိုပုဂ္ဂိုလ်ကြီးများ၏ စိတ်ကူး အကြံအစည်များဖြင့် ဖော်ဆောင်ခဲ့သော ရုပ်ဒြပ်ပစ္စည်းများသည် သူတို့တတွေဤလောကကြီးမှ စွန့်ခွာသွားပြီးသည့်တိုင် ဤကမ္ဘာ့အလယ်တွင်တင့်တင့်တယ် တယ်ဖြင့် မကွယ်မပျောက်တည်ရှိနေကြရာ ကျွန်ုပ်တို့သည် ဤနေရာမှ ကမ္ဘာ့ကျေးဇူးရှင်ကြီးများအား လေးစားစွာကြည်ညိုကြပါစို့။

သူတို့လျှောက်လှမ်းခဲ့သောလမ်းကို ကျွန်တော်တို့သည် သူတို့နည်းတူ လျှောက်လှမ်းကာ ကမ္ဘာ့လူသားများအတွက်၊ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံအတွက် သို့မဟုတ် မိမိနှင့်မိမိပတ်ဝန်းကျင်အတွက် ကောင်းမွန်သော ရည်မှန်းချက်တစ်ရပ်ကို အပြင်းစားမီးထိုး၍ ပျိုးထောင်တည်ဆောက်ကြပါစို့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း – ၆

# ဆူပွက်လာသည်အထိ မီးထိုးပါ

မိမိ၏ရည်မှန်းချက်၊ ယုံကြည်ချက်တစ်ခုကို အပြင်းစား မီးတိုက်၍ လုပ်ဆောင်သူတိုင်း ဒုက္ခပင်လယ်ဝေနေသည့်တိုင် အောင်ပွဲရ စမြဲ ဖြစ်ကြောင်း အမှန်တကယ်ဖြစ်ရပ်တစ်ခုကို ကျွန်တော်သည် သက်သေတင်လိုပါသေး၏။

ဇနီးဖြစ်သူသည် သေလုမြောပါးဖြင့် ဆေးရုံခုတင်ပေါ်တွင် ပက်လက်ဖြစ်နေပါသည်။ သူ့အတွက် ဆေးရုံဆရာဝန်၊ ဝန်ထမ်းများက မျှော်လင့်ချက်မရှိတော့ဟု ယုံကြည်နေချိန်တွင် ထိုမိန်းမသားကတော့ မျှော်လင့်ချက်အပြည့်ဖြင့် သူ၏ယုံကြည်ချက်စိတ်ဆန္ဒကို အပြင်းစား မီးတိုက်ထားဆဲဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် လက်ထိပ်ကြိုးတန်းလန်းဖြင့် မျက်နှာထိမျက်နှာထားဖြင့် တင်းကျပ်သောအစောင့်အရှောက်များ ဝန်းရံထားကာ သေတော့မည့် ဇနီးအား နောက်ဆုံး ကြည့်ရှုခွင့် ရရှိရေးအတွက် ဆေးရုံပေါ်သို့ ခင်ပွန်းသည် လင်ယောကျ်ား ရောက်ရှိလာပါသည်။

လက်ထိပ်တန်းလန်းဖြင့် ရောက်လာသော ခင်ပွန်းသည် ချစ်လင်အား တွေ့လိုက်ရသောအခါ ပက်လက်ဖြစ်နေသောဇနီးသည် ထိုခဏမှာ သေမည့်အရေးကို မေ့ပျောက်သွားပြီး ခင်ပွန်းသည်ကို အားတင်း၍ ကြိုဆိုလိုက်ပါ၏။ ဇနီးသည်က ခင်ပွန်းသည်၏ လက်ထိပ်ခတ်ထားသော လက်ကို ကြင်နာစွာ တယုတယကိုင်တွယ်ရင်း "ကျွန်မမှာ အခုလိုမွန်မြတ်တဲ့ အာဇာနည်ခင်ပွန်းကောင်း တစ်ယောက် ရှိနေတာ ဘယ်လောက် ပျော်စရာကောင်းတဲ့ ဘယ်လောက်တောင် ကုသိုလ်ကောင်းတဲ့ဖြစ်ရပ်လဲရှင်။ ကျွန်မခင်ပွန်းဟာ သူ့ရည်မှန်းချက် အောင်မြင်ဖို့ သူ့အသက်၊ စည်းစိမ်၊ သူချမ်းသာသမျှနဲ့ သူ့ သားသမီး သူ့မယားကို စွန့်ပစ်ဖို့အသင့်ဖြစ်နေတဲ့ လူတစ်ယောက် ဖြစ်လေတော့ ကျွန်မအဖို့ ဘယ်လောက်များ ဂုဏ်ယူစရာကောင်းတဲ့ အရာပါပဲရှင်" ဟု မျက်ရည်များ ဖြိုင်ဖြိုင်ယိုစီးနေသည့်ကြားမှ ပြောကြားခဲ့ပါ၏။

ခင်ပွန်းသည်ဖြစ်သူသည် သူ့မျက်လုံးတွင် မျက်ရည်များပြည့်လျှမ်းလျက် "အချစ်ရယ်၊ ငါတို့ခရီးပန်းတိုင်ဟာ မဝေးတော့ပါဘူး။ ငါတို့ရဲ့ရည်မှန်းချက်ကို ငါတို့မြင်နေရပြီလေ။ မငိုပါနဲ့အချစ်ရယ်၊ ခဏလေးအားတင်းထားလိုက်ပါ" ဟုနှစ်သိမ့်စကားဆိုလေ၏။ ထိုခဏ



တွင် ဇနီးဖြစ်သူ၏ ကျနေသော မျက်ရည်များသည် အဝေးကမ္ဘာဆီသို့ လွင့်စင်သွားတော့၏။

သူတို့ဇနီးမောင်နှံသည် ဆေးရုံပေါ်တွင် တွေ့ဆုံပြီး မိမိ၏ယုံကြည်ချက်၊ တောင့်တချက်၊ မျှော်လင့်ချက်များအတွက် မိမိတို့ ယခုလက်ငင်းရင်ဆိုင်နေရသောဒုက္ခနှင့် ဝေဒနာအရပ်ရပ်ကို နေရာမပေးဘဲ သေမင်းအား စောင့်ဆိုင်းနေရန် အမိန့်ပေးထားပြီး အလုပ်စကားများကို ပြောနေခဲ့၏။

ထိုဇနီးမောင်နှံ၏ယုံကြည်ချက်အပေါ် ထားရှိသောသဘောထားကား ပြတ်သားလှသည်။ သူတို့၏ယုံကြည်ချက်၊ တောင့်တချက်များအပေါ် ဘယ်လောက်ခိုင်မာစွာ ရပ်တည်နေသည်ဆိုသည့်အချက်ကသည်း များစွာပေါ်လွင်ထင်ရှားလှပါ၏။ သူတို့သည် သူတို့၏ရည်မှန်းချက်နှင့်ပတ်သက်ပါက အာဇာနည်သူရဲကောင်းများ ဖြစ်ပါ၏။

သူတို့သည် တစ်ခုသောမိမိ၏ရည်မှန်းချက်ကို အပြင်းစားအကောင်းစားမီးတိုက်ထားသည်မှာ ထိုမီးသည် ဘယ်တော့မှ ရပ်တန့်သွားမည့်မီးမဟုတ်။ အရာရာကို အရည်ပျော်အောင်စွမ်းဆောင်နိုင်သည့်အာကပ်ထားသော မီးအရှိန်ဖြစ်သည်။

မိမိတို့၏ရည်မှန်းချက်တစ်ရပ်အပေါ် ထိုမျှအပြင်းစားမီးထိုးထားသော ထိုဇနီးမောင်နှံသည် မည်သူမည်ဝါတို့ဖြစ်မည်ကို စာဖတ်သူလည်း သိလိုမည် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဇနီးမောင်နှံကို စာဖတ်သူသိရှိပြီး ဖြစ်သည်ဟု ဆိုပါက သင်အံ့ဩသွားမည်လော?၊ မအံ့ဩပါနှင့်။

သူတို့ဇနီးမောင်နှံသည် အခြားသူများမဟုတ်၊ အိန္ဒိယနိုင်ငံကြီးကို ဗြိတိသျှ လက်အောက်မှ လွတ်မြောက်ရန် စွမ်းဆောင် ကြိုးပမ်းရာတွင် ဦးဆောင်ခဲ့သူနှင့်

အိန္ဒိယပြည်သူတို့ချစ်မြတ်နိုးသော

သူတို့၏နှလုံးသည်းပွတ်သဖွယ်ဖြစ်သော

အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေး ဖခင်ကြီး မစ္စတာနေရူးနှင့် သူ၏ ချစ်လှစွာသော ဇနီးတို့ဖြစ်ပါ၏။

မစ္စတာနေရူးနှင့် ဇနီးဖြစ်သူတို့သည် သူတို့ချစ်သောနိုင်ငံ လွတ်မြောက်ရမည်ဟူသော ယုံကြည်ချက်အပေါ် ခိုင်မာပြတ်သားသော ဆုံးဖြတ်ချက် ချမှတ်ထားသူများဖြစ်၏။ အိန္ဒိယနိုင်ငံကြီး လွတ်လပ်ရေးရ၍ နိုင်ငံသူနိုင်ငံသားများ သူ့ကျွန်ဘဝကိုလိုနီဘဝမှ လွတ်လပ်စေရမည်ဟူသော သူတို့၏ရည်ရွယ်ချက်အပေါ် ပိုင်းဖြတ် ထားသောစိတ်ဓာမီးအလျှံတို့သည် ဝေဒနာအရပ်ရပ်နှင့် အပြီးပိုင်ခွဲခွာရတော့မည့် သေခြင်းတရားကိုပါမေ့ပျောက်ရလောက်အောင် ပြင်းထန် ခိုင်မာသော စိတ်ဓာတ်ဖြစ်ပါ၏။



ထိုစိတ်ဓာတ်စွမ်းအားကြောင့် သူတို့ဖြစ်ချင်သောအရာများ ဖြစ်ခဲ့သည်။ သူတို့ဇနီးမောင်နှံ ယုံကြည်ရည်မှန်းခဲ့သော အိန္ဒိယနိုင်ငံ၏လွတ်လပ်ရေးသည် သူတို့ယုံကြည်ချက်အတိုင်း ခရီးပေါက်ခဲ့၏။ အိန္ဒိယနိုင်ငံကြီးသည် ၁၉၄၇ ခုနှစ်တွင် ဗြိတိသျှကိုလိုနီတို့၏ ကျွန်သပေါက်ဘဝမှ လွတ်မြောက်ခဲ့ပါ၏။

သူတို့၏ယုံကြည်ချက်သည် အိန္ဒိယနိုင်ငံလွတ်လပ်ရေးရဖို့ မဟုတ်ပါလော။

**အို . . . မိတ်ဆွေ . . .**

**ပြင်းပြင်းတောက်လောင်သော**

**အပြင်းစားစိတ်ဓာတ်သည်**

**ဗြိတိသျှတို့၏နေမဝင်**

**အင်ပါယာကြီးကို**

**ဖြိုချခဲ့သည် မဟုတ်ပါလော။**

**သင့်ထံတွင်**

**ဓာကပ်နေသော**

**ဖြစ်ချင်အောင်မြင်ချင်သော**

**ရည်မှန်းချက်တစ်ရပ်**

**ရှိပါသလား။**

www.burmeseclassic.com

www.burmeseclassic.com



**ထိုဆန္ဒကို**

**မီးထိုး မီးမြိုက်ပေးပါ။**

**အောင်ပွဲရဖို့ သေချာပါ၏။**

အချို့သောသူတို့သည် သူတို့၏ရည်မှန်းချက်နှင့် သူတို့ မျှော်လင့်ချက်အတွက် အသက်ကိုပင် ပေးအပ်ကာ ရယူခဲ့ကြ၏။

ဂျော့ဝါရှင်တန်၏ နှလုံးသားတွင် အမေရိကန်နိုင်ငံသည် ဗြိတိသျှတို့၏ လက်အောက်မှ လွတ်မြောက်ရမည်ဟု အခိုင်အမ ဆုံးဖြတ်ပြဋ္ဌာန်းပြီးဖြစ်ပါ၏။ ထိုရည်မှန်းချက်ကို ဖွဲ့လုံ့လ၊ ရဲစွမ်းသ ဖြင့်ပေါင်းစပ်ကာ လက်တွေ့ကြိုးစားရာ သူလိုချင်သောရည်မှန်းချ သည် ပြည့်ဝခဲ့ပါ၏။

မီးထိုးရာတွင် အပြင်းစားမီးထိုးတတ်သည့် အယ်ဒီဆင်သ တစ်ကမ္ဘာလုံးအား အလင်းရောင်ပေးနိုင်ရမည်ဟူသော မိမိ၏တစ် တည်းသောရည်မှန်းချက်အတွက် အပြင်းစားမီးကို မွေးနိုင်ခဲ့သူ၊ အပြ စားမီးတိုက်ခဲ့သူတစ်ဦး မဟုတ်ပါလော။

ခရစ်ဘိုဖာ ကိုလံဘတ်စ်သည်လည်း ထိုလူစားမျိုးဖြစ် အတ္တလန်တိတ်သမုဒ္ဒရာ၏ တစ်ဖက်ကမ်းတွင် ကုန်းမြေတစ်ခုရှိရမ



ဟု ယုံကြည်ထား၏။ ယုံကြည်သည့်အတိုင်း အတ္တလန်တိတ်သမုဒ္ဒရာကို ဖြတ်ခဲ့သည်။ ကိုလန်ဘတ်စ်သည် ထိုသမုဒ္ဒရာကို ဖြတ်ရာတွင် အခက်အခဲ မရှိဘဲ လေပြေလေညှင်းဖြင့် ဇိမ်ခံသင်္ဘောပေါ်၌ တက်လိုက်သွားသလို သွားခဲ့ရသော ခရီးလား မဟုတ်ပါ။ လှေအချို့ဖြင့် လှုမိုက်များကို တင်ကာဖြတ်ခဲ့ရသော အတ္တလန်တိတ်ခရီးသည် အပြင်းစား ကမ္ဘာကျော် ခရီးဖြစ်ပါ၏။ ထို့ကြောင့်လည်း ကိုလံဘတ်စ်သည် အမေရိကကို တွေ့ခဲ့သည်။ ကမ္ဘာသမိုင်းသည်လည်း ပြောင်းလဲသွားခဲ့သည်။ မည်သည့်အပြင်းစားစိတ်ဓာတ်မဆို ဤကမ္ဘာမြေကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေနိုင်သည်သာ ဖြစ်ပါ၏။

**အလို – မိတ်ဆွေ**

**ဘာလုပ်နေတာလဲ။**

**နားနေတာလား။**

**မုန်တိုင်းငြိမ်အောင် စောင့်နေတာလား။**

**မုန်တိုင်းအတွင်းမှာပင်**

**သူတို့ ခရီးသွားနေကြ၏။**

**မုန်တိုင်းစဲပါက**

**သူတို့ခရီးဆုံးသို့ ရောက်တော့မည်။**

**ဒီလိုဆို**

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ဘယ်တော့ အမီလိုက်နိုင်မှာလဲ။

ကဲ မိတ်ဆွေ

အလင်းရောင်အလာကို မစောင့်ဘဲ

အမှောင်ထဲမှာပဲ ခရီးကိုသွား။

အခွင့်အလမ်းကို မစောင့်ဘဲ

အခွင့်အလမ်းကိုဖန်တီး

တာဝန်ပေးမှာကို မစောင့်နဲ့

ကိုယ်အကျိုးနဲ့ အများအကျိုးအတွက်

အခုပဲ စလုပ်တော့ . . .။

အဲဒါဟာ ဘဝတာဝန်ပဲ

ပူဆွေးမနေနဲ့

နောင်တရမနေနဲ့

သင့်ရှေ့က လုပ်စရာကို

ယခုချက်ချင်း လုပ်ပေတော့။

မစ္စတာကာရီယာ ကရော ဘယ်လိုလူစားနည်း။ မစ္စတာ



ကာရီယာသည် ပူနွေးနေသော သူ့ရုံးခန်းကို အေးအောင်လုပ်နိုင်ရမည်ဟုယုံကြည်ခဲ့သူဖြစ်၏။ သူသည် ထိုယုံကြည်ချက်ကို ယုံကြည်ချက်အတိုင်း မထားဘဲ မီးထိုးပေးခဲ့၏။ သူ၏ပူနေသောအခန်းကို အေးစေလိုသော ရည်မှန်းချက်ကို အပြင်းစားမီးထိုးပေးခဲ့၏။ မကြာမီ မစ္စတာကာရီယာသည် လေအေးစက်ကို တီထွင်ထုတ်လုပ်နိုင်၏။ မစ္စတာကာရီယာအား ဂုဏ်ပြုသောအနေဖြင့် သူတီထွင်သောလေအေးစက်ကိုလည်း CARRIER AIR CONDITIONER ဟု အမည်တွင်စေခဲ့ပါ၏။

ယုံကြည်ချက်ကို မီးထိုးရာတွင် ရာဇဝင်စာတင်လောက်သော ပုဂ္ဂိုလ်တစ်ဦးမှာ မစ္စတာဟူးဂန့်စ် MR. HYUGHENS ဖြစ်၏။ သူ၏ယုံကြည်ချက်ကလည်း ဆန်းပြားပါ၏။ သူက မရပ်မနားသွားနေပြီး အချိန်ကိုညွှန်ပြသည့် စက်ကိရိယာတစ်ခု ထုတ်လုပ်နိုင်မည်ဟု ယုံကြည်ခဲ့၏။ သူ၏ယုံကြည်ချက်ကို ဆန္ဒဇော၊ ဖွဲလုံ့လ ဝီရိယတို့ဖြင့် အရင်းတည်ကာ ရုပ်ဒြပ်ပစ္စည်းအဖြစ် အကောင်အထည်ဖော်ခဲ့၏။ သူအကောင်အထည်ဖော်တီထွင်ခဲ့သောပစ္စည်းသည် ချိန်သီးနာရီ PENDULUM CLOCK ဖြစ်၏။ ထိုနာရီကို မစ္စတာဟူးဂန့်စ်သည် ၁၆၅၇ ခုနှစ်က တီထွင်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံသား မစ္စတာအေပတ် MR. APERT သည် အဖိုးတန်အစားအသောက်များ ကြာကြာမခံဘဲ ယိုယွင်းပျက်စီးသွားခြင်းကို မြင်ရသောအခါ အလွန်စိတ်မကောင်းဖြစ်ခဲ့၏။ စားသောက်

www.burmeseclassic.com

www.burmeseclassic.com



စရာများမှာ အဖိုးတန်၍ နှမြောခြင်းလည်း ဖြစ်မိ၏။ ထိုခံစားမှုကို အရင်းတည်ကာ မစ္စတာအေပတ်သည် အစားအသောက်များ ယိုယွင်း ပျက်စီးမသွားဘဲ ကြာရှည်ထိန်းသိမ်းထားနိုင်သောစက်ပစ္စည်းတစ်ခုကို တီထွင်ပါက ရရှိနိုင်မည်ဟု ယုံကြည်ခဲ့၏။

ထိုရည်မှန်းချက်ကို စိတ်တွင် စွဲမှတ်ကာ မစ္စတာအေပတ်သည် အစားအသောက်များ တာရှည်ခံစေမည့်စက်ကို စတင်တီထွင်ခဲ့သည်။ သူ၏ယုံကြည်ချက်ကို ဖွဲလုံ့လဝီရိယတို့နှင့် မီးမြိုက်ခဲ့သောအခါ သူသည် ၁၈၀၉ ခုနှစ်တွင် အစားအစာများကို ကြာရှည်ထိန်းသိမ်းနိုင် သောစက်ကို တီထွင်၍ ကမ္ဘာသူကမ္ဘာသားတို့အား လက်ဆောင်ပေး ခဲ့ပါ၏။

ကျွန်တော်သည် ထောင်ပေါင်းများစွာသော တီထွင်ထူးချွန် သူအချို့ မိမိတို့၏စိတ်ကူးနှင့် အကြံအစည်ကို ခိုင်မာသော ယုံကြည် ချက်အဖြစ် သတ်မှတ်ကာ ကမ္ဘာသူကမ္ဘာသား မနုဿလူသားတို့ အတွက် သိပ္ပံပစ္စည်းအချို့ ထုတ်လုပ်ခဲ့သည်များကို ဥပမာပေး၍ တင်ပြ ခဲ့ပါ၏။

သူတို့သည် စိတ်ကူးယဉ်အိပ်မက်ကို တကယ်ဖြစ်လာအောင် ဖန်တီးဖော်ဆောင်ခဲ့ကြသော အာဇာနည်များ၊ ဖွဲလုံ့လဝီရိယလုပ်အား ရှင်များ ဖြစ်ပါ၏။



ထိုသို့ဆိုပါက သင်နှင့်ကျွန်တော့်တွင်ရော ဘာရည်ရွယ်ချက် ရှိသနည်း။ သင်ရည်ရွယ်ချက်ကို ချရေးပါ။ ကျွန်တော်၏ ရည်ရွယ် ချက်က ကျွန်တော်မသေမီ မိမိတိုင်းပြည် မိမိလူမျိုးနှင့် လူအများ စိတ်အေးချမ်းသာရေးအတွက် စာအုပ် ၁၀၀ တိတိကို ရေးသားထုတ်ဝေ ရန် ဖြစ်သည်။

ကျွန်တော်ရေးသော စာအုပ်များဖြင့် ကျွန်တော်သည် ကျွန်တော်၏စိတ်ကို ကျွန်တော်မီးထိုးပေးပြီး ရေးသားလာခဲ့သည်။ ဤစာအုပ်သည် ၅၉ အုပ်မြောက်စာအုပ်ဖြစ်ပါသည်။

သင့်ရည်ရွယ်ချက်ကရော ဘာလဲ။

သင်သည် တစ်လတွင် ဝင်ငွေတစ်သိန်း ရယူလိုသောရည်ရွယ် ချက်ရှိပါသလား။ ရှိလျှင် အောက်ပါမျဉ်းကြောင်းတွင် ကျွန်ုပ်၌ တစ်လ ဝင်ငွေတစ်သိန်းရယူလိုသောဆန္ဒရှိသည်ဟု ချရေးလိုက်စမ်းပါ။ ထို့ နောက် ထို ရေးသားချက်အောက်တွင် သင့်နာမည်လက်မှတ်နှင့် လက်မှတ်ရေးထိုးသည့်နေ့စွဲတို့ကိုလည်း ရေးသားလိုက်ပါ။

(------------------------------------------)

လက်မှတ် --------------------

အမည် --------------------

နေ့စွဲ၊ --------------------

www.burmeseclassic.com

www.burmeseclassic.com



သင်သည် ကျွန်တော်ကဲ့သို့ ရည်ရွယ်ချက်နည်းပါးသော စာရေးဆရာနှင့်တွေ့၍သာ တော်ပေသေးသည်။

ကြီးပွားတိုးတက်ရေး ကျမ်းများကို လက်တွေ့ကမ္ဘာလှည့် သုတေသနပြုရေးသားသူ တွန်ဗဲလက်စီနီယာကဲ့သို့သော ပုဂ္ဂိုလ်နှင့် တွေ့ပါက လွယ်ကူမည်မဟုတ်ပါ။ ထိုပုဂ္ဂိုလ်ကြီးက ယုံကြည်ချက်ကို နှိုးဆွပေးမှုနှင့်ပတ်သက်၍ သူ၏အဖြစ်အပျက်နှစ်ခုကို တင်ပြရာ သင်လည်း သိထိုက်၍ ထိုအကြောင်းနှစ်ရပ်ကို ကျွန်တော်ပြောပြလိုပါ၏။

၁၉၇၄ ခုနှစ်က စာရေးဆရာ တွန်ဗဲလက်စီနီယာသည် ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့ရှိ အယ်လီဇဘက်ဘုရင်မဟိုတယ်တွင် တည်းခိုနေစဉ် သူသည် မစ္စတာဂျွန်ဗိုလ်စ်ဝဲ MR. JOHN BOSSWELL ဆိုသူနှင့်တွေ့ဆုံခဲ့၏။ ထိုအခါ တွန်က မစ္စတာဗို့စ် ဘာများလုပ်ကိုင်နေသလဲဟုမေးရာ ဗို့စ်က သူသည် ဂျူးလူမျိုးပိုင် ကုမ္ပဏီတစ်ခုတွင် အင်ဂျင်နီယာအဖြစ် လုပ်ကိုင်နေကြောင်း၊ တစ်လတွင် ဒေါ်လာတစ်သိန်းရကြောင်း၊ တစ်နှစ်တွင် ဘောနပ်စ် နှစ်သောင်းငါးထောင်ရရှိကြောင်းပြောရာ တွန်က “မစ္စတာဗို့စ်ရယ် ခင်ဗျားတစ်လမှာ ဒေါ်လာတစ်သိန်း၊ နှစ်သောင်း ငါးထောင် မရနိုင်လောက်အောင် ဘာအခက်အခဲတွေကများ တားဆီးထားပါသလဲ” ဟုမေးရာ ဗို့စ်က -



“ဟာ ခင်ဗျားပြောတဲ့ငွေပမာဏလောက် လစာရဖို့ဆိုတာက မလွယ်ဘူး” ဟု ပြန်ပြောလေ၏။

“ဘာကြောင့်လဲမစ္စတာဗို့စ်ရ” ဟု တွန်ဗဲလက်က မေးသောအခါ-

“အခု ကျွန်တော်ရနေတဲ့လခလောက်က ကနေဒါမှာ ဘယ်သူမှ ရကြတာမဟုတ်ဘူး” ဟုပြန်ပြောလေ၏။

“အဲဒီလောက်မှ ရဘူးဆိုရင် လခစားမလုပ်ဘဲ ကိုယ်ပိုင်အလုပ် လုပ်ပေါ့ဗျာ။ မစ္စတာဗို့စ်ဘာပြုလို့ ကိုယ်ပိုင်အလုပ် မလုပ်တာလဲ” ဟုမေးသောအခါ ဗို့စ်က ဘာမှမဖြေသေးဘဲ ပြုံး၍ ခဏမျှစဉ်းစားကာ

“ဖြစ်တော့ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် အလုပ်သစ်တစ်ခု စဖို့ဆိုတာက လွယ်တာမဟုတ်ဘူးလေ” ဟုပြန်ပြောပြန်ပါ၏။

ထိုအခါ တွန်က အားမလျှော့သေးဘဲ “ခင်ဗျားလုပ်လို့ဖြစ်မယ် ထင်ရင်၊ အလုပ်အသစ်လုပ်ငန်းအသစ်ဖြစ်ဖို့မလိုပါဘူး။ ကနေဒါမှာပဲ ဖြစ်ဖြစ်၊ ကမ္ဘာနဲ့ဆက်သွယ်ရာမှာပဲဖြစ်ဖြစ် ခင်ဗျား အလုပ်ကသုံးလို့ ရတဲ့အလုပ်မျိုးဖြစ်ဖို့ပဲလိုပါတယ်ဗျာ” ဟုထပ်၍အကြံပေးလိုက်ပါ၏။

တကယ်တော့ မစ္စတာဗို့စ်သည် တိုးတက်ရင့်ကျက်သည့် အရည်အချင်းရှိသော်လည်း ယခုအချိန်တွင် သူ့အားလှုံ့ဆော်မည့်သူ မရှိ၍ ရသမျှကို အများကြီးထင်၍ နှစ်သိမ့်နေသူတစ်ဦးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဗိုဲ့စ်ဝဲလ်နှင့် တွန်ဗဲလက်တို့သည် လုပ်ငန်းကိစ္စနှင့်ပတ်သက်၍ ဗိုဲ့စ်၏ရုံးတွင် တစ်နာရီလောက်ဆွေးနွေးခဲ့ကြ၏။ ဗိုဲ့စ်ဝဲလ်သည် တွန်ဗဲလက်အား မေးခွန်းပေါင်းများစွာ မေးခဲ့ပါ၏။ ဆွေးနွေးပွဲတွင် ဗိုဲ့စ်ဝဲလ်က တွန်ဗဲလက်အား မှန်းဆချက်တစ်ခုကို တင်ပြပါ၏။ ထို မှန်းဆချက်ကို အကောင်အထည်ဖော်ပါက ငွေကြေးမည်မျှကုန်မည်ကိုပါ ခန့်မှန်း ကြည့်ကြပါ၏။

ဆွေးနွေးပွဲပြီးသောအခါ ဗိုဲ့စ်ဝဲလ်သည် ကိုယ်ပိုင်လုပ်ငန်းတစ်ခုထူထောင်ပါက ဖြစ်နိုင်ကြောင်းနှင့် အကျိုးသက်ရောက်မှုလည်း ရှိနိုင်ကြောင်းကို သဘောပေါက်သွားပါ၏။

**အို . . . မိတ်ဆွေ**

**သင်အခုရောက်နေတဲ့ဘဝမှာ**

**တင်းတိမ်မနေပါနဲ့။**

**ထို့ထက်မြင့်မားဖို့အတွက်**

**စိတ်ကူးပါ။**

**မိုးကိုအမြင့်ကြီး ဘုရားသခင်က**

**ဖန်တီးထားခြင်းသည်**

**အထက်သို့တက်စရာ**

**အဆင့်တွေအများကြီး**

**တက်စရာရှိအောင်ပဲ။**

**တက်ရမည့်ကိစ္စအတွက်**

**ဘာမှ တွေဝေမနေပါနဲ့။**

**ထိပ်တန်းသို့တက်စရာဆိုတာ**

**မကုန်ဘူး။**

**သင် ထိပ်ဆုံးသို့ရောက်ပြီလား။**

**ထပ်တက်စမ်းပါ။**

**ထိပ်ဆုံးနောက်တစ်ခုကို ထပ်တွေ့ပါမည်။**

၁၉၇၆ ခုနှစ်၊ ဇူလိုင်လထဲ၌ လန်ဒန်သို့ရောက်စဉ် စာရေးဆရာ တွန်ဗဲလက်သည် မွန်ထရီရယ်ရှိ ဗိုဲ့စ်ဝဲလ်၏ရုံးခန်းသို့ တယ်လီဖုန်း ခေါ်လိုက်ပါ၏။ ထိုအခါ ဖုန်းကိုင်သူက ဗိုဲ့စ်ဝဲဆိုတာ ဤကုမ္ပဏီတွင် မရှိကြောင်း ပြောကြားသောအခါ တွန်က "ဒါဆိုလဲ ဒါရိုက်တာ တစ်ယောက်ဆီ ဖုန်းကလေးလွှဲပေးပါဗျာ" ဟုမေတ္တာရပ်ခံလိုက်ရပါ၏။

ထိုအခါမှာပင် တွန်သည် ဗိုဲ့စ်ဝဲလ် ထိုကုမ္ပဏီတွင် မရှိတော့ကြောင်း သဲသဲကွဲကွဲသိသွားပါ၏။

ဂျွန်ဗိုဲ့စ်ဝဲလ်သည် ထိုမျှလစာကောင်းသောအလုပ်မှ ထွက်စာတင်လိုက်ပြီး လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုကို တည်ဆောက်လိုက်သည်။ ထိုကုမ္ပဏီကို သူသည် အချိန်ပေး၍ ပျိုးထောင်ခဲ့၏။ ကြာမီ ဂျွန်ဗိုဲ့စ်ဝဲလ်၏ လျှပ်စစ်ကုမ္ပဏီသည် အောင်မြင်သောကုမ္ပဏီ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဖြစ်လာခဲ့၏။ ဂျွန်ဗိုဲစ်ဝဲလ်သည် သူ့ကုမ္ပဏီမှ တစ်နှစ်လျှင် ဒေါ်လာသန်းချီ၍ အမြတ်ရရှိလာခဲ့သည်။ သူသည် သူ့နိုင်ငံအတွက် ဒေါ်လာများစွာကို အခွန်အခပေးဆောင်နိုင်သူ ဖြစ်လာခဲ့၏။

တစ်လတွင် ဒေါ်လာတစ်သိန်းရရှိသောလခစားဘဝမှ ဗိုစ်သည် အခွန်ထမ်းဆောင်ပြီး တစ်နှစ်ဒေါ်လာသန်းနှင့်ချီ၍ အမြတ်များစွာရရှိလာပြီး အလုပ်သမားများစွာကိုလည်း အလုပ်ပေးထားကာ အောင်မြင်သောကုမ္ပဏီပိုင်ရှင်တစ်ဦးအနေနှင့် အများ၏လေးစားမှုကိုလည်း ခံယူနိုင်ခဲ့၏။

ထို့ကြောင့် တစ်လတွင် ဝင်ငွေတစ်သိန်းလောက်လိုချင်ပါသည်ဟု တွန်ဗဲလက်အား သင့်ဆန္ဒကို ထုတ်ဖော်ပြောဆိုပါလျှင် တွန်သည် သင့်ဆန္ဒကို ထိုထက်ပိုမိုမြင့်မားအောင် ထားရှိရန်နှင့် ရည်ရွယ်ချက်ကို ဘယ်လောက်ပင်မြင့်မြင့်ထားထား အပြင်းစားမီးတိုက်ပါက မုချအောင်မြင်မည်ဖြစ်ကြောင်း သူကသင့်ကို ပြောကြားမည် ဖြစ်ပါ၏။

ဂျွန်ဗိုဲစ်ဝဲလ်၏အောင်မြင်မှုသည် ရည်မှန်းချက်၊ မျှော်မှန်းချက်တစ်ခုကို မြန်မြန်ချ၍ ဆုံးဖြတ်ရည်မှန်းသည့်အတိုင်း ရဲရဲဝံ့ဝံ့ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်၏။ ဗိုစ်ဝဲလ်၏ ရဲစွမ်းသတ္တိကို ကျွန်တော်တို့ ချီးမွမ်းအတုယူကြရမည်ဖြစ်ပါ၏။ ရည်မှန်းချက်ကို မြင့်မြင့်မားမားနှင့် မြန်မြန်ဆန်ဆန်ချဖို့ တွန်ဗဲလက်က သူ၏သင်တန်းမှ အတွေ့အကြုံတစ်ခုကို တင်ပြပါသေး၏။



တွန်ဗဲလက် ပေးနေသောသင်တန်းတစ်ခုကို လက်ထပ်ပြီးခါစ ဇနီးမောင်နှံနှစ်ဦး သင်တန်းလာ၍ တက်ပါ၏။ သင်တန်းကာလသည် ၁၄ ရက်ဖြစ်သည်။ သူတို့ဇနီးမောင်နှံသည် စက်ရုံတစ်ခု တည်ဆောင်ရန် စိတ်ပိုင်းဖြတ်ထားသည်။ ထိုဇနီးမောင်နှံမှာ ရစ်ချတ်နှင့် ဂျေနပ်တို့ဖြစ်ကြသည်။ ရစ်ချတ်က အာမခံကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်၍ ဂျေနပ်က ဘဏ်တစ်ခုတွင် အလုပ်လုပ်ပါ၏။ နှစ်ယောက်ပေါင်း ဒေါ်လာ ၃၀၀၀ ခန့်ရကြသည်။ ရစ်ချတ်သည် အခြားဗဟုသုတသိပ်မရှိ။ အသက်အာမခံအကြောင်းသာသိ၍ ဂျေနပ်မှာလည်း သူလုပ်သောအလုပ် လောက်သာသိ၏။

ထိုသင်တန်းတွင် သင်တန်းသူ၊ သင်တန်းသားတို့အား အပိုဝင်ငွေကောင်းအောင် ဘာအလုပ်အကိုင် (သို့မဟုတ်) ဘာလုပ်ငန်းလုပ်ရန် ဆုံးဖြတ်ထားပါသလဲ ဟူသောမေးခွန်းကို မေးလေ့ရှိ၏။

သင်တန်းသားတိုင်းက ထိုမေးခွန်းကို ဖြေကြရ၏။

ထိုမေးခွန်းကို မေးပြီးနောက် တွန်ဗဲလက်သည် အဖြေစာရွက်ကိုကိုင်ကာ သင်တန်းသားတစ်ဦးစီအား သူတို့ရည်မှန်းထားသောအလုပ်အကိုင်အကြောင်းကို အတော်အတန်အသေးစိတ်၍ ဆွေးနွေးတတ် ၏။ ထိုသို့ဆွေးနွေးခြင်းမှာ သူတို့၏ရည်ရွယ်ချက်သည် ဘာကြောင့် ရည်ရွယ်ချက်လား။ သူများပြောလို့ရေးချလိုက်တာလား။ သူတို့၏ရည်ရွယ်ချက်အပေါ် သူတို့ ဘယ်လောက် အလေးအနက်ထားသလဲ ဟူသောကိစ္စကို သိလို၍ဖြစ်သည်ဟုဆိုပါ၏။

www.burmeseclassic.com

www.burmeseclassic.com



တွန်သည် ရစ်ချတ်တို့ဇနီးမောင်နှံအား ခေါ်ယူတွေ့ဆုံကာ သူတို့၏ရည်မှန်းချက်ကို စစ်ဆေးသောအခါ ထိုဇနီးမောင်နှံသည် လိုက်ဖက်ညီထွေရှိ၍ မိမိတို့ရည်မှန်းချက်အပေါ် အလေးအနက်ထား သည်ကိုလည်း တွေ့ရှိခဲ့ရ၏။

သူတို့ဇနီးမောင်နှံသည် ယင်းတို့၏ ရည်မှန်းချက်နှင့် ပတ် သက်၍ အောက်ပါအတိုင်းပြတ်သားစွာ ရေးသားထားပါ၏။

၁။ ကျွန်တော်ကျွန်မတို့ဇနီးမောင်နှံသည် အောက်ပါရည်မှန်း ချက်များအတိုင်း ဖြစ်အောင်ကြိုးစားပါမည်ဟု အမိဋ္ဌာန်ပြု ပါသည်။

၂။ ကျွန်တော်ကျွန်မတို့သည် သုံးနှစ်အတွင်း စက်ရုံတစ်ခု ထူထောင်ရန် ပဏာမအရင်းလိုအပ်ငွေ သုံးသိန်းရရှိအောင် စုဆောင်းပါမည်။

၃။ နောက်ထပ်သုံးသိန်းကို ဘဏ်မှချေးယူပါမည်။

၄။ အထက်ပါနှစ်ရပ်ပေါင်း ငွေဖြင့် စိတ်ကူးထားသော စက်ရုံကို တည်ထောင်ပါမည်။

၅။ ရှေးဦးစွာ လူ ၂၅ ဦးဖြင့် စက်ရုံစတင်လည်ပတ်ပါမည်။ ထိုမှတဆင့် အလုပ်သမားကို တိုးခန့်သွားပါမည်။



၆။ ဤဆောင်ရွက်မှုတွင် ကျွန်တော်ကျွန်မတို့သည် မိမိစိတ်ကို မိမိတို့ထိန်းသိမ်း၍ သတိရှိရှိဆောင်ရွက်ပါမည်။

၇။ ထိုလုပ်ငန်းမှအမြတ်ငွေ ၅ ရာခိုင်နှုန်းကို မရှိဆင်းရဲသူများ အား ထောက်ပံ့ပေးလှူပါမည်။

လက်မှတ် ........................ လက်မှတ် ........................

အမည်။ ရစ်ချတ် အမည်။ ဂျေနပ်

ရစ်ချတ်နှင့် ဂျေနပ်တို့ဇနီးမောင်နှံသည် သူတို့၏ရည်မှန်း ချက်အတိုင်း ဆောင်မြင်ခဲ့၏။ သူတို့သည် ရည်မှန်းသည့်အတိုင်း သုံးနှစ် အကြာတွင် စက်ရုံတစ်ရုံကို တည်ထောင်ခဲ့သည်။ ၆ နှစ်အကြာတွင် လူအင်အား ၃၅ ယောက်အထိ တိုးခန့်ထားနိုင်၏။

သူတို့သည် သူတို့၏ရည်မှန်းချက်စီမံကိန်းကာလအတွင်း သူတို့၏ရည်မှန်းချက်စာရွက်ကို အမြဲတမ်း သူတို့၏ရှေ့မှောက်တွင် ချထားသည်။ ဘယ်နေရာသွားသွား မိတ္တူတစ်ခုစီယူသွားသည်။ သူတို့၏ရည်မှန်းချက်ကို အချိန်ရတိုင်း ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲ ဖြစ်ဖြစ်၊ ခရီးသွားရင်းပဲဖြစ်ဖြစ် အခြေအနေပေးလျှင် ပေးသလို ဆုတ်၍ဖတ်သည်။ ထိုသို့ရည်မှန်းချက်ကို မီးထိုးပေးခြင်းဖြင့် သူတို့၏ စက်ရုံစီမံကိန်းထမင်းအိုးသည် ဆူပွက်လာခဲ့သည်။ သူတို့သည် ဆိုထမင်းအိုးကို ကျက်အောင် မီးထိုးပြီး ခူးခပ်စားသုံးခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းချက် အောင်မြင်ခဲ့သော ရစ်ချတ်နှင့် ဂျေနပ်တို့၏ အောင်မြင်မှုလျှို့ဝှက်ချက်မှာ တစ်ခုတည်းသောသူတို့၏ရည်မှန်းချက်အပေါ် စားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ်၊ သွားလည်း ဒီစိတ်ဖြင့် တွေးတောကြံဆကာ အခြားအရာဟူ၍ ဘာကိုမျှ မစဉ်းစားဘဲ အကောင်အထည်ဖော်မှုသည် သူတို့၏အဓိကလျှို့ဝှက်ချက်ဖြစ်၏။

ကိစ္စတစ်ခုကို ကြံစည်စိတ်ကူး၍ ထိုကိစ္စအောင်မြင်စေလိုသောစိတ်ဆန္ဒဓာကို မီးနှင့်တိုက်ပါ။ သင်သည် အဖိုးမဖြတ်နိုင်သော စွမ်းရည်ကို မုချရစေပါမည်။

ကမ္ဘာပေါ်တွင် သန်းပေါင်းများစွာသော လူတွေရှိသည်။ သူတို့မှာရဲစွမ်းသတ္တိတွေလည်း ရှိသည်။ အတတ်ပညာနဲ့ငွေကြေးလည်း ပြည့်စုံသည်။ ဒါပေမယ့် အမှုကိစ္စတစ်ခုကို စွဲစွဲမြဲမြဲ ကြံစည်စိတ်ကူးမှုကတော့ မရှိဘူး။

ဒီလူတွေကို ဒဿနဆန်ဆန်ပြောရရင် သူတို့တတွေဟာ ပွဲကြည့်ပရိသတ်တွေပဲ။ ကိုယ်တိုင်သရုပ်မဆောင်ကြဘူး။ မနုဿလူ့ဘုံကို ရောက်လာပြီး၊ လူသားရယ်လို့အမည်ခံပြီး မိမိအကျိုးနဲ့ အများအကျိုးအတွက် ဘာအကြံအစည်နှင့် စိတ်ကူးမှ မထုတ်ခဲ့သူများဖြစ်ပါ၏။ ထိုသူများသည် ကြံရည်ဖန်ရည်ကိုလည်းမထုတ်၊ ဘဝတစ်သက်တာတွင် သက်သောင့်သက်သာ ပေါ့ပေါ့ပါးပါး နေချင်သူများ၊ စွန့်စားမှုနှင့်ရန်းကန်မှု အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းလိုသည့် ဆန္ဒမရှိကြသူများဖြစ်၏။



တကယ်တော့ ထိုသူများသည် မသိစိတ်နှင့် မိမိကိုယ်မိမိ သတ်သေနေကြသောသူများဖြစ်၏။ သူတို့သည် မိမိကိုယ်မိမိ သေကြောင်းကြံနေကြသူများဖြစ်သည်။ သူတို့စာစာ ဤလောကအတွင်းမှ ထွက်ခွာသွားလျှင် ဤလောကအတွက် ဘာမှထိခိုက်စရာမရှိဘဲ ယင်းတို့အသက်ရှင်နေခြင်းသည် လူ့လောကဘဝတွင် စားနပ်ရိက္ခာများအပိုကုန်၍ ဗီရိယကင်းမဲ့သော ထိုသူများကို ဆန်ကုန်မြေလေးများဟု ခေါ်လျှင်လည်း ထိုသူများနှင့် ထိုအမည်ထိုက်တန်လှပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း– ၇

## ဓာတပ်၍ မီးထိုးလုပ်ဆောင်သောအရာတစ်ခု

ကျွန်တော်သည် ဤစာအုပ်၏အခန်း– ၇ ကို စတင်ရေးသားရန် စာရွက်နှင့်ဘောလ်ပင်ကို ချထားလိုက်စဉ်မှာပင် တယ်လီဖုန်းမြည်လာ၏။ ကျွန်တော်သည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သောအခါ တယ်လီဖုန်းသည် ဂျပန်မှ ဆက်လာသောဖုန်းဖြစ်သည်။

ကျွန်တော်၏ဂျပန်မိတ်ဆွေတစ်ဦးဖြစ်သူ မစ္စတာဆူဇူကီးသည် ကျွန်တော်နှင့်အဆက်အသွယ်ပြတ်နေသည်မှာ အတော်ကြာနေပြီဖြစ်၏။ လွန်ခဲ့သောခြောက်လက အာဖရိကမှ ပို့စကတ်လေးတစ်ခု ပို့လိုက်ပြီးသည့်နောက်ပိုင်းတွင်လည်း ဘာအဆက်အသွယ်မှ မရှိသဲရှိနေရာ ကျွန်တော်သည် မစ္စတာဆူဇူကီး၏အသံကို ကြားရတော့ အတော်ကြီး ဝမ်းသာသွားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာဆူဇူကီး၊ ဘယ်ကနေဆက်နေတာလဲ။ ဘာပြုလို့ဖုန်း မဆက်တာလဲ" ဟုမေးသောအခါ သူသည် သူ၏ထုံးစံအတိုင်း အေးအေး ဆေးဆေး ပြောပြန်ပါ၏။

ဂျပန်နိုင်ငံရှိ အတော်ကလေးဝေးလံသည့်ကျွန်းငယ်တစ်ခု ပေါ်တွင် ရောက်နေကြောင်းနှင့် သူ နေကောင်းကျန်းမာကြောင်း ပြော သောအသံသည် ကြည်လင်နေပါ၏။ ရန်ကုန်မြို့တွင်းမှ ပြောသော အသံထက်ပင် ကြည်လင်၍ ကျွန်တော်တို့စကားတဝကြီးပြောပြီး တယ်လီဖုန်းကို ချလိုက်ကြပါ၏။

ကျွန်တော်သည် မိတ်ဆွေဆူဇူကီးနှင့်စကားပြောလိုက်ရ သဖြင့် ကျေနပ်နေစဉ် နောက်တစ်ကြိမ်ဖုန်းဝင်လာပါသေး၏။

နောက်တစ်ကြိမ် ဝင်လာသော တယ်လီဖုန်းမှာကား ကော့ကရိတ်မှဖြစ်သည်။ ကျွန်တော်၏မိတ်ဆွေ ဦးမန်းသင့်နောင်ထံမှ ဖြစ်၍ သူကလည်း မကြာမီ သူသည် ပင်စင်ယူ၍ ဖားအံသို့ပြန်တော့ မည်ဖြစ်၍ ကရင်ပြည်နယ်သို့ လာရောက်ရန် ဖိတ်ခေါ်ပါ၏။

ကျွန်တော်သည် ကျွန်တော့်စားပွဲပေါ်မှ ထူးဆန်းသော ထိုကိရိယာကို ယခုမှပင်သတိထားမိသည်။ အလွန်မှထူးဆန်းလှသည် တစ်ကမ္ဘာလုံး တောတောင်အထပ်ထပ် အရပ်ရပ်အနယ်နယ်မှ အသံဖြင့် ဆက်သွယ်နိုင်ပြီး တစ်ကမ္ဘာလုံးတွင် တယ်လီဖုန်းစနစ်သည် အလွန်မှ ကောင်းပါ၏။ မြန်မာနိုင်ငံတွင်သာ တယ်လီဖုန်းပျက်ခြင်း၊ ခေါ်



ခက်ခြင်း၊ လိုင်းမကောင်းခြင်း၊ မကြားတစ်ချက် ကြားတစ်ချက်ဖြစ်ခြင်း တို့ဖြစ်သော်လည်း အိန္ဒိယ၊ သီရိလင်္ကာ အစရှိသောနိုင်ငံများ၌ပင် တယ်လီဖုန်းစနစ်သည် အလွန်မှကောင်း၍ တစ်ကမ္ဘာလုံးသို့ ခေါ်၍ ရသည်။ တယ်လီဖုန်းကိရိယာသည် တကယ့်ကို ကမ္ဘာကြီးကို အလွန် အမင်းချုံ့ပစ်လိုက်သောကိရိယာဖြစ်ပါ၏။ မကြာမီ တယ်လီဖုန်းနှင့် တယ်လီဗေးရှင်းတွဲဘက်ကာ ဝေးလံသောကမ္ဘာ့အရပ်ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ပြောဆိုရာတွင် အသံသာမက ရုပ်ကိုပါမြင်ရ တော့မည်ဖြစ်၏။

ဂျပန်တွင်အလုပ်လုပ်နေသော မိမိသားသည် ဘယ်လိုနေသည် ကို ရန်ကုန်မြို့တွင်နေသောမိဘဆွေမျိုးတို့က မိမိအိမ်ဧည့်ခန်းရှိ တီဗွီ ဖန်သားပြင်ပေါ်မှ မြင်နေရတော့မည်ဖြစ်ပါ၏။

တီဗွီနှင့်တယ်လီဖုန်း ပူးတွဲဖော်ဆောင်သည့်ကိရိယာများ ကြောင့် နောင်တစ်ချိန်တွင် လူချင်းတွေ့ဆုံရန် လေယာဉ်ဖြင့် ခရီးသွား ခြင်းများ ဆုတ်ဆိုင်းသွားကာ လေယာဉ်ကြီးများလည်း လှည်းကြမ်းကြီး များလိုဖြစ်သွားနိုင်ပါ၏။ ကနေ့ခါ မွန်ထရီယယ်မြို့မှ ကုန်သည်တစ်ဦး နှင့် ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ သီရိလင်္ကာတို့မှ မိတ်ဖက်ကုန်သည်များ သည် အစည်းအဝေးလုပ်ရာတွင် ယနေ့ကဲ့သို့ စင်ကာပူနိုင်ငံ ချန်ဂီ လေဆိပ်ဧည့်ခန်းမတွင် ချိန်းဆို၍ အစည်းအဝေးလုပ်ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံအသီးသီးရှိ မိမိတို့ရုံးခန်းအတွင်း၌ပင် ထိုင်၍ တယ်လီဖုန်း တီဗွီ ဗွီဒီယိုနှင့် ကွန်ပျူတာများကို အသုံးပြု၍ အစည်းအဝေးများ ကျင်းပ

www.burmeseclassic.com

www.burmeseclassic.com



တော့မည့်ကာလသည် မြန်မာနိုင်ငံ၌ပင် မဝေးတော့ပြီဖြစ်သည်။ သုဝဏ္ဏ စီးပွားကုန်သွယ်မှု လုပ်ငန်း စီမံချက်ပြီးပါက ထို VIDEO CONFRANCIMO ကို သုဝဏ္ဏမြို့တွင် ပြုလုပ်လာနိုင်မည်ဖြစ်သည်။

ယခင်က မဟာအင်အားကြီးနိုင်ငံများသည် မိမိတို့အင်အားကို ပြဆိုကာ အနုမြူလက်နက်ကြီးများနှင့် ခြိမ်းခြောက်၍ စစ်အေးတိုက်ကြရာတွင် မတော်တဆစစ်ဖြစ်ပွားမှုမဖြစ်စေရန် အမေရိကန်သမ္မတနှင့် ဆိုဗီယက်ရုရှားမှ ခေါင်းဆောင်အကြီးအကဲတို့သည် HOT LINE ခေါ် တိုက်ရိုက် တယ်လီဖုန်း ဆက်သွယ်သည့်လိုင်း ထားရှိခဲ့သည်ကို ကျွန်တော်တို့မှတ်မိပါသေး၏။ HOT LINE သို့မဟုတ် REDLINE ခေါ် အရေးကြီးတယ်လီဖုန်းလိုင်းများသည် ယနေ့လည်း ကမ္ဘာပေါ်တွင် တည်ရှိ နေဆဲဖြစ်၏။ ယင်းတယ်လီဖုန်းလိုင်းများကို အသုံးပြု၍ မိုးလေဝသအခြေအနေ၊ အကြမ်းဖက်မှုလုပ်ရပ်နှင့် အခြားအရေးကြီး ကိစ္စများအတွက် အရေးပေါ်ဆက်သွယ်မှုပြုလုပ်ရန် အရေးပေါ် တယ်လီဖုန်းများကို ယခုလည်း အသုံးပြုလျက်ရှိပါ၏။

ကျွန်တော့်စားပွဲပေါ်မှ တယ်လီဖုန်းလေး၏ အသုံးဝင်ပုံ၊ အရေးကြီးပုံနှင့် နောင်သက္ကရာဇ် ၂၀၀၀ ကျော်တွင် တယ်လီဖုန်း ပိုမိုအသုံးဝင်လာမည့်ကိစ္စများကို စဉ်းစားရင်း ကျွန်တော်သည် မစ္စတာအေဂရေဟမ်ဘဲလ်ကို သွားရှုသတိရမိပါ၏။

ဘဲလ်သည် ဆွံ့အနားမကြားသူများကျောင်းမှ ကျောင်းဆရာတစ်ဦးဖြစ်၏။ သူ့တပည့်များထဲတွင် မျက်ဝန်းနက်နက်နှင့် လုံးဝနားမကြားသော မေဘဲလ်ဟာဘတ် အမည်ရှိသော ခပ်ချောချော ကောင်မလေး တစ်ယောက်ရှိ၏။ ဘဲလ်သည် ကျောင်းဆရာလုပ်ရင်း တပည့်မလေး မေဘဲလ်နှင့် မေတ္တာသက်ဝင် ချစ်ခင်ခဲ့မိကြ၏။ မေဘဲလ်၏ဖခင်ကြီး သည် ချမ်းသာသောကုန်သည်တစ်ဦးဖြစ်၏။ သူသည် သမီးငယ်နားကြားလာစေရန် ဘော်စတွန်မြို့ရှိ ဆရာဝန်များအားလုံး ကုန်စင်သည်အထိ ပြသခဲ့သော်လည်း ဆရာဝန်များအားလုံးက လုံးဝ မျှော်လင့်ချက်မရှိကြောင်း ပြောကြားသောအခါ ဘဲလ်က ဆရာဝန်များ၏ပြောကြားချက်ကို လက်မခံဘဲ "မေဘဲလ်နားလဲ ကြားစေရမည်၊ စကားလဲ ပြောတတ်ရမည်" "မေဘဲလ် မင်းနားကြားနိုင်အောင် ငါ တစ်ခုခု တီထွင်ပေးမည်"ဟုဆိုကာ ချစ်သူအတွက် တစ်စုံတရာ တီထွင်ပေးရန် စတင်ဆောင်ရွက်ခဲ့၏။



ထိုသို့လုပ်ဆောင်နေစဉ် သူ၏စိတ်ကို နက်ရှိုင်းစွာ ဆွဲဆောင်သည့်စိတ်ကူးစိတ်သန်းတစ်ရပ် JUST ONE IDEA ကို တွေ့ရှိခဲ့၏။ ထို ကိရိယာကိုတီထွင်သူသည် နာမကျန်းဖြစ်နေသော ဂျာမန်ကျောင်းဆရာတစ်ဦး ဖြစ်ပြီး သူ့အမည်မှာ ဖီလစ်ရိစ်ဖြစ်၏။ ဖိလစ်သည် ဆင်းရဲ နွမ်းပါးသူတစ်ဦး ဖြစ်သည်။ ဆွယ်တာထိုးသည့် သံချောင်းနှင့် ဝါယာကြိုးအစအနများကို အသုံးပြုကာ သုံးထပ်သားပုံးထဲမှ သံချောင်းကို တုန်ခါစေပြီး ကြားနိုင်သောကိရိယာဖြစ်၏။

အလက်ဇန်ဒါဂရေဟမ်ဘဲလ်ကမူ ထိုကိရိယာကို တွေ့လျှင်တွေ့ချင်း အလွန် စိတ်ဝင်စားသွား၏။ ထိုအရာသည် တစ်ချိန်တွင်

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးအား လွှမ်းမိုးစေရမည်ဟု ယုံကြည်ခဲ့၏။ သူသည် ဘက်ထရီ လျှပ်စစ်ကိုသုံးမည့်အစား အကြီးစားစက်ကြီးမှ ထုတ်လုပ်သော လျှပ်စစ် အားကို အသုံးပြုပြီးအသံကို မြည်စေလျှင် ပို၍ကြည်လင်၍ ပိုမိုဝေးကွာ သောအရပ်များသို့ သံကြိုးသံချောင်းမှတဆင့် အသံကို မပို့နိုင်ပေဘူး လားဟု တွေးတောကြံဆမိ၏။

ဘဲလ်က သံချောင်းငယ်သည် တုန်ခါပြီး အသံဖြစ်စေလျှင် အသံတစ်သံကို သံချောင်းငယ်တစ်ခုစီတွင်ထား၍ လျှပ်စစ်သံလိုက်ဖြင့် ဆွဲငင်ကာ အသံဖြင့် တသီးတခြားစီ တုန်ခါစေသည့် သံချောင်းငယ် ပေါင်းမြောက်မြားစွာကို အသုံးပြုပါက ပို၍မကောင်းပေဘူးလားဟု လည်း စဉ်းစားမိ၏။

ထိုအကြံဉာဏ်ကို အကောင်အထည်ဖော်ရန် တကယ်တော့ ဘဲလ်တွင် ငွေကြေးတစ်ပြားမှမရှိပေ။

ဘဲလ်သည် မိမိချစ်သူအတွက် စကားပြောသံကြားနိုင်သော ကိရိယာကို တီထွင်ကြံဆနေသည့်အချိန်မှာပင် ကမ္ဘာလူသားတစ်ရပ် လုံးအတွက် ဝေးကွာသောတစ်နေရာဆီမှနေ၍ သံကြိုးသံချောင်းများမှ တဆင့် စကားပြောသံကြားစေသည့် ကိရိယာကို တီထွင်ရန် စိတ်ဆန္ဒ ပြင်းထန်လာပါ၏။ သူသည် ဘယ်ဟာကို စလုပ်ရမည်နည်း။

မိမိချစ်သူဆွံ့အနားမကြားဖြစ်နေသည့် သနားစရာမေဘဲလ် အတွက် စလုပ်ရမည်လား။ တစ်လောကလုံးရှိ လူသားတို့အတွက် စတင်လုပ်ရမည်လား။



အစပိုင်းတွင် ဘဲလ်သည် ထိုအရာနှစ်ခုစလုံးအတွက် စမ်း တဝါးဝါးစတင်သုတေသနပြုခဲ့၏။ သို့သော် ထိုသို့လုပ်ဆောင်ရင်း သူ သည် လျှပ်စစ်နှင့်ပတ်သက်သောပညာ မိမိထံ၌လိုအပ်နေသည်ကို သိရှိ လာခဲ့၏။ ထို့ကြောင့် ဘဲလ်သည် လျှပ်စစ်ပညာကို စနစ်တကျ လေ့လာ ဆည်းပူးရပြန်၏။

အထူးသဖြင့် ဘဲလ်သည် ဟင်ဟို့ဇ်အမည်ရှိ ဂျာမန်ရူပဗေဒ ပညာရှင်ကြီး၏နည်းကိုမှီးကာ စမ်းသပ်လုပ်ကိုင်ကြည့်ခဲ့၏။ ထိုသို့စမ်း သပ်ခဲ့ပြီးနောက် ၁၈၇၃ ခုနှစ်၊ နွေဝင်ဘာလတွင် ဘဲလ်သည် မေဘဲလ်အတွက် သူစိတ်ကူးယဉ်ခဲ့သော နားအတုကို စတင်ဖန်တီးနိုင်ခဲ့ ၏။ ထိုသို့ လုပ်ကိုင်နေရင်း သူသည် အသံဖြင့်ပြုလုပ်သော ဒိုင်ယာ ဖရမ်ခွက်ကို ဝိုင်ယာကြိုးဖြင့် ရစ်ပတ်ပြီး ထာဝရသံလိုက်အနီးတွင် တုန်ခါစေလျှင် လျှပ်စစ်သည် ဝါယာကြိုးခွေထဲသို့ စီးဝင်သွား သည်ကို သုတေသနပြုခဲ့၏။ ထိုအသိအမြင် သည် အလွန်ကြီးကျယ်သော အမြင် ကြီးကို ဘဲလ်ရရှိလိုက်ခြင်းဖြစ်၏။ ထိုအသိအမြင်ကြီးသည် အနာဂတ် လူသားကမ္ဘာ၏ မြေကြောလေကြောရေကြောကို ချုံ့ပစ်မည့် ကြီးမား သော အတွေးအမြင်သစ်ဖြစ်၏။

ထိုအချိန်မှစ၍ ဘဲလ်သည် မျက်ဝန်းနက်ကလေးဖြင့်ချောမော လှပပြီး သနားစရာကောင်းသော ချစ်သူမေဘဲလ်အတွက် စကားကို ကြားအောင်ပြုလုပ်သည့် ကိရိယာစမ်းသပ်မှုကို စွန့်လွှတ်ကာ သူတစ်ခါ အိဒင်ဘာရာတွင်တွေ့ခဲ့ရသော ဖိုလ်စ်ရိစ်က တယ်လီဖုန်းဟု သမုတ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော သဘောတရားနောက်သို့ အတင်းအဓမ္မစွတ်၍လိုက်ပါတော့၏။ ဘဲလ်သည် သူ့ခေတ်သူ့အခါက ဘယ်သူမှမလျှောက်ဖူးသေးသောလမ်းကို ချစ်သူအားစွန့်ကာ သူ၏လက်ထောက် သောမတ်အေဝပ်ဆင်နှင့်အတူ လျှောက်ခဲ့ရာ အကွေ့အကောက်ပေါင်းများစွာကို သူသည် တက်သုတ်ရိုက်၍ ဖြတ်ကျော်ခဲ့၏။

သူသည် တစ်မြို့မှတစ်မြို့၊ ဝေးလံသောဒေသတစ်ခုမှတစ်ခုသို့ လျှပ်စစ်စီးဝင်နေသော ဝါယာကြိုးမှတဆင့် ကြည်လင်ပြတ်သားစွာ စကားပြောနိုင်ရမည်ဟု ယုံကြည်သည်။ ထိုကိရိယာကို ဘဲလ်ကတီထွင်ဖော်ထုတ်နိုင်မည်ဟု ယူဆသည်။

ထိုအရာသည် သူ၏တစ်ခုတည်းသောရည်ရွယ်ချက်ဖြစ်သည်။ သူသည် ထိုရည်ရွယ်ချက်ထမြောက်စေရန် မိမိ၏စိတ်ဓာတ်၊ လက်ထောက်ဖြစ်သူ ဝပ်ဆင်နှင့်အတူ အပြင်းစား မီးထိုးခဲ့၏။

ဘဲလ်နှင့်ဝပ်ဆင်သည် အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ခဲ့၏။ အသက် ၃၀ ပင်မပြည့်သေးသောဘဲလ်သည် အလွန်ကြီးကျယ်သောကိစ္စတစ်ရပ်ကို သူတီထွင်နိုင်မည်ဟု ယုံကြည်နေ၏။ သို့သော် သူသည် ရည်မှန်းချက်ပန်းတိုင်သို့သွားရာတွင် ခြေလှမ်းများကား တစ်လှမ်းချင်း တရွေ့ရွေ့သာသွားခဲ့ရ၏။ သူသည် လုပ်စရာ၊ ကိုင်စရာ၊ ဖန်တီးစရာများကို စဉ်းစားဝေဖန်ရ၏။ စမ်းသပ်ကြည့်ရ၏။ နောက်တစ်ဆင့်တက်ကြည့်ရ၏။ လက်ခံသင့်သောအရာများကို လက်ခံကာ ပယ်သင့်သောအရာများကို ပယ်ရသည်။



အမျိုးမျိုးသောစက်ကိရိယာအစိတ်အပိုင်းများကို ဘယ်လိုပြုလုပ်ရမည်ကို စဉ်းစားရ၏။ စဉ်းစားရသမျှကို စမ်းသပ်ရသည်။ သို့သော် ထင်တိုင်းပေါက်သည်ကားမဟုတ်။ တစ်ခုခုလွဲလျှင်လည်း ဖတ်ဖတ်မောရ၏။ ထိုကဲ့သို့ ခဲရာခဲဆစ်လုပ်ကိုင်နေရသောဘဲလ်၏ ကြိုးပမ်းမှုကို လူများစွာတို့သည် နားစွန်နားဖျားကြားရုံဖြင့် ဘဲလ်အား အရူးလေးဟု ကင်ပွန်းတပ်လိုက်ကြ၏။

သမီးအတွက် နားကြားစေမည့်ကိရိယာကို တီထွင်ပေးမည်ဟု ဆိုသဖြင့် ငွေကုန်ကြေးကျခံခဲ့သော ယောက္ခမလောင်းကြီးကမူ "ဘဲလ်၏ကြံစည်မှုသည် အိပ်မက်ဆိုးကြီးနှင့် တူနေပြီ" ဟုထုတ်ဖော် ပြောခဲ့၏။

သို့သော် ဘဲလ်သည် သက္ကရာဇ် ၁၈၇၅ ခု၊ ဇွန်လ ၂ ရက်နေ့ နေအတော်ပူပြင်းသည့် မွန်းလွဲပိုင်းအချိန်၊ သူ၏အသက် ၂၈ နှစ်အရွယ်တွင် အလွန်ကျဉ်းမြောင်းသော စက်မှုနယ်ပယ်လမ်းကြောင်းတစ်ခုအတွင်းသို့ လိုက်ရင်းလိုက်ရင်းဖြင့် ပိန်းပိတ် မှောင်နေသောလမ်းခရီးကိုဖြတ်ကာ နောက်ဆုံးလမ်းကျဉ်းလေး၏ ဆက်လက်မကျဉ်းနိုင်တော့သည့်အဆုံးတွင် အောင်မြင်သောလမ်းမကြီးကို တွေ့ရှိလာကာ ကမ္ဘာ့ လူသားအားလုံးအတွက် တယ်လီဖုန်းဆိုသောကိရိယာကို တီထွင်နိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆက်လျှောက်လျှင် ဘဲလ်လို လမ်းကျယ်ကြီးတစ်ခုကို တွေ့ရှိမည်။ ထိုလမ်းကျယ်ကြီးတွင် လူသားအားလုံး ဝိုင်းဝန်း လျှောက်လှမ်းလာကြလိမ့်မည်။

အလက်ဇင်ဒါဂရေဟမ်ဘဲလ်သည် ကမ္ဘာ့လူသားတစ်ရပ်လုံးအတွက် အလွန်အသုံးဝင်သော တယ်လီဖုန်းကို မိမိ၏ဇောကို အပြင်းစားမီးထိုး၍ ထုတ်ဖော်ပေးနိုင်ခဲ့သော်လည်း ချစ်သူအား ပေးထားသည့် ကတိကိုမူ အကောင်အထည်မဖော်နိုင်ဘဲရှိခဲ့ပါ၏။ သို့သော် မေဘဲလ်သည် တစ်ယောက်နှင့်တစ်ကမ္ဘာလဲခဲ့သော သူ့ခင်ပွန်း၏ စိတ်ထားကို သိရှိကာ ယင်းကိစ္စကို ခွင့်လွှတ်လျက် “တစ်ကမ္ဘာလုံးလူသားတွေ ရာစုနှစ်ပေါင်းများစွာ ခရီးမိုင်ပေါင်း မည်မျှဝေးစေကာမူ အလွယ်တကူ ကြားနေရမည့် ဒီလောက်ကြီးကျယ်သော ကိစ္စရပ်ကြီးအတွက် ကျွန်မတစ်ယောက် နားမကြားရတာဟာ ဘာမှမပြောလောက်ပါဘူး။ ကျွန်မချစ်လင်ယောကျ်ားရဲ့လုပ်ရပ်ထက် မှန်ကန်တဲ့လုပ်ရပ် ဘာရှိဦးမည်နည်း။ ဒီလုပ်ရပ်အတွက် ကျွန်မသူ့ကိုချစ်ရုံတင်မကပါဘူး။ ကြည်ညိုလို့လဲမဆုံးပါဘူး။ ဘုရားသခင်ပြီးရင် ကျွန်မယောကျ်ားကို ကျွန်မအကြည်ညိုရဆုံးလို့ ပြောရမှာပါ ပဲ ။ ဘာပြုလို့လဲဆိုတော့ ဘုရားသခင်စေလွှတ်လိုက်တဲ့လူသားတွေထဲမှာ ကျွန်မခင်ပွန်းဟာ လူသားတွေ ရာစုနှစ်ပေါင်းများစွာ အသုံးကျနေမယ့်အရာတစ်ခုကို ဘုရားသခင်ဆီက အမိန့်ခံပြုတောင်းယူပြီး ပေးခဲ့တယ်လေ” ဟုပါးစပ်မှထုတ်ဖော်ပြောဆိုရန် ကိရိယာကို ဘဲလ်က မတီထွင်ခဲ့သဖြင့် ပါးစပ်မှမပြောနိုင်



သော ထိုစကားများကို မေဘဲလ်သည် သူ့နှလုံးသားအတွင်းမှပြောဆိုကာ သူ့ချစ်လင်အား ထာဝစဉ်သစ္စာထား၍ ကြည်ညိုနေခဲ့ပါ၏။

အလက်ဇင်ဒါဂရေဟမ်ဘဲလ် တီထွင်ခဲ့သော တယ်လီဖုန်းသည် ယခုအခါ ကမ္ဘာကြီးအား တိုသည်ထက်တိုအောင် ကျဉ်းသည်ထက်ကျဉ်းအောင် ဆောင်ရွက်ခဲ့ပြီဖြစ်၏။ ကမ္ဘာပေါ်တွင် နေရာတိုင်း၌ တယ်လီဖုန်းများ ရှိနေပြီဖြစ်၏။ ဗီယက်နမ်နိုင်ငံတွင် လူ ၁၂၀ တွင် ဖုန်းတစ်လုံးရှိနေ၏။ ကမ္ဘာပေါ်၌ တယ်လီဖုန်းအများဆုံးသုံးသောနိုင်ငံသည် ထိုင်းနိုင်ငံဖြစ်ပြီး ထိုင်းနိုင်ငံတွင် နောက်ထပ်တယ်လီဖုန်းလိုင်းပေါင်း ၁ဒသမ ၁သန်း တပ်ဆင်ရန် စီစဉ်နေပါ၏။

ကမ္ဘာပေါ်တွင် ဆယ်လူလာဖုန်းများကို တပ်ဆင်ရန် စီစဉ်နေပါ၏။ ကမ္ဘာပေါ်တွင် ဆယ်လူလာဖုန်းများကို တပ်ဆင်တီထွင် အသုံးပြုခဲ့ကြပြီး ဂျပန်သည် စကားပြောခွက်ကို လက်ဖြင့်ကိုင်မထားရဘဲ ပြောနိုင်သော တယ်လီဖုန်းများကို တိုးချဲ့တီထွင်ကာ ယခုအခါ မိုင်ပေါင်း ၄၅၀၀၀ အကွာအဝေး တွင်ရှိသော လူတစ်ဦးနှင့်တစ်ဦးသည် ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် တယ်လီဖုန်းဖြင့် စကားပြောနိုင်ပြီဖြစ်ရာ ဤအကျိုးကျေးဇူးသည် တစ်ချိန်က ဂရေဟမ်ဘဲလ်သည် အကျဉ်းအကျပ်ဆုံးနေရာတွင် မိမိ၏ စိတ်ကို ဇောကပ်၍ မီးထိုးပေးခဲ့သောလုပ်ရပ်၏ ရလဒ်တစ်ခုပင် ဖြစ်ပါ၏။

www.burmeseclassic.com

## အခန်း– ၈

# စွန့်စားစရာရှိလျှင် စွန့်စားလိုက်ပါ

ကျွန်တော်သည် အိန္ဒိယနိုင်ငံသို့ တစ်နှစ်တွင် နှစ်ခေါက်လောက် ခရီးထွက်သူဖြစ်၏။ တစ်ခါတစ်ရံ ဘုရားဖူးများကို လိုက်ပို့၍ တစ်ခါတစ်ရံတွင်တော့ အိန္ဒိယနိုင်ငံ၏ထူးဆန်းထွေပြားမှုများကို လွတ်လွတ်လပ်လပ်လေ့လာရန် တမင်အပျော်ခရီးထွက်ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသို့ ခရီးထွက်ခြင်းသည် စရိတ်စကသက်သာ၍ စရိတ်စကနှင့် မကာမိလောက်အောင် အတွေ့အကြုံဗဟုသုတများ ရရှိပါ၏။

တစ်ခါက ကျွန်တော်သည် မော်လမြိုင်ဘက်မှ မိသားစုတစ်စုကို ခရီးသွားလမ်းညွှန်အဖြစ် အိန္ဒိယနိုင်ငံသို့ လိုက်ပို့ပါ၏။ လေယာဉ်

www.burmeseclassic.com

www.burmeseclassic.com



စရိတ်၊ စားစရိတ်အပါအဝင် ကျွန်တော်၏ကုန်ကျစရိတ်အားလုံးကို သူဘိုကခံ၍ ကျွန်တော်သည် လိုက်ပို့ခသက်သက် ငွေတစ်သိန်းခွဲ ရရှိ ပါ၏။ အိန္ဒိယတစ်ပတ် အမြန်ဆုံးလည်ပတ်လျှင် တစ်လတော့ကြာ သည်။

ခရီးသွားရာတွင် အိန္ဒိယလေကြောင်း၊ နီပေါလေကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်လေကြောင်းများသည် အချိန်မမှန်တတ်ပါ။ ထိုအခါက ကျွန်တော်တို့သည် ကာလကတ္တားလေဆိပ်၌ တစ်နာရီကျော်အထိ လေယာဉ်စောင့်နေသော်လည်း လေယာဉ်ကမလာဘဲ ရှိနေသည် လေယာဉ်နောက်ကျမည်ဆိုတာကိုတော့ ကြေညာထားပါ၏။ သို့သော် ဘယ်အချိန်ရောက်မည်မသိ။ ကျွန်တော်တို့သည် လေယာဉ်စောင့်ရင်း ထွေရာလေးပါးစကားများပြောသည်မှာ ပါးစပ်ညောင်းသလောက် အကြောင်းအရာကုန်စင်သလောက် ရှိလာ၏။

ကျွန်တော့်ကို ခရီးသွားလမ်းညွှန်အဖြစ် ငှားလာသော မိတ်ဆွေ ထံတွင် အရွယ်ရောက်နေသောသမီးနှစ်ယောက်ရှိ၏။ နှစ်ယောက်စလုံး ဘွဲ့ရပြီး၍ ဖခင်၏ငွေရေးကြေးရေးကို ဝင်ရောက်ထိန်းသိမ်းရင်း မိဘ များနှင့်အတူနေကြ၏။ ကျွန်တော်တို့ခရီးတွင် လိမ္မာရေးခြားရှိသော ထိုသမီးနှစ်ယောက်စလုံးပါရှိပြီး သမီးနှစ်ယောက်စလုံးမှာလည်း ရှက်ကြမ်းရေကြီးအဆင့်မက ချောချောမောမော လှလှပပလေးများ ဖြစ်၏။ သူတို့သည် နုနယ်သောအလှအပများကြောင့် ယင်းတို့၏ အသက်ကို ခန့်မှန်းရခက်သဖြင့် ကျွန်တော်သည် ဖခင်ဖြစ်သူအားပ



သူတို့၏အသက်များကို မေးကြည့်မိ၏။ အကြီးမလေးက ၃၁ နှစ် ရှိ၍ အငယ်မက ၂၉ နှစ်ထဲသို့ ရောက်နေပြီဟု ဆိုပါ၏။

ထိုအခါ ကျွန်တော်က ဘာမဆိုင် ညာမဆိုင် ထိုပုဂ္ဂိုလ်အား "သမီးတွေလဲကြီးပြီပဲ၊ ဘာပြုလို့ အိမ်ထောင်မချသေးတာလဲ" ဟု ရုတ်တရက်မေးလိုက်မိ၏။ ကျွန်တော်က ရုတ်တရက်အလောသုံးဆယ် မေးလိုက်သော်လည်း မိတ်ဆွေက ထိုကိစ္စကိုဖြည်းဖြည်းဆေးဆေး လေးလေးနက်နက်ဖြေကြားပါ၏။

"သားရေးသမီးရေးကိစ္စမလွယ်ဘူးဗျ၊ အခုလိုခေတ်မျိုးမှာ ပိုမလွယ်သေးတယ်။ လင်ကောင်းသားကောင်းရနိုင်ဖို့ဆိုတာ အခက် ဆုံးပဲ"

ထိုကိစ္စကို ဖခင်ဖြစ်သူက ကာလအတန်ကြာကပင် တစ်ဦး တည်း အကြိမ်ကြိမ်စဉ်းစားခဲ့ပြီး ဖြစ်ဟန်တူ၏။ ထို့ကြောင့်လည်း ယင်း အမေးကို ကျွန်တော်က မေးလိုက်သောအခါ သူကစဉ်းစားထားပြီး စကားများကို အထက်ပါအတိုင်း ပြောလိုက်ခြင်းဖြစ်ပါသည်။

"လင်ကောင်းသားကောင်းရဖို့မလွယ်ဘူးဆိုတော့ သမီးတွေ ကို အိမ်ထောင်မချဘဲ နေတော့မှာလားဗျာ။ ဒီခေတ်မှာ ပိုမလွယ်ဘူး ဆိုတော့ ကျွန်တော်တို့က သမီးတွေလက်ထပ်ဖို့ သတို့သားလောင်းကို ကုန်းဘောင်ခေတ်မှာ သွားရှာရမှာလားဗျာ၊ ကုန်းဘောင်ခေတ်၊ အင်းဝ ခေတ်က ကျွန်တော်တို့ရှာလာတဲ့ သတို့သားလောင်းကိုရော သူတို့က

www.burmeseclassic.com

www.burmeseclassic.com



လက်ခံမတဲ့လားဗျာ" ဟုကျွန်တော်က ဒိုးခနဲဇတ်ခနဲ ပြောလိုက်သော အခါ သူက ဘာပြန်ပြောရမှန်း မသိဘဲဖြစ်နေ၏။

သမီးချောအလိမ္မာလေးများအတွက် ဖခင်ကြီးသည် စိတ်မ ဖြစ်နေသည်မှာ အမှန်ဖြစ်၏။ စိတ်မချလို့ရော ဒီအတိုင်းထား ရပါမည်လား။ ရေခဲသေတ္တာအတွင်း၌ ကာလတာရှည်စွာထားရှိသေ အဖိုးတန်အသားများလို စားမရ၊ သုံးမရဖြစ်ကုန်တော့ရော ဘာအကျိ ရှိပါမည်နည်း။

အဖေဖြစ်သူသည် သူဂရုတစိုက်ရှာဖွေထားသောပစ္စည်းများ ဆွေမတော်မျိုးမစပ် သားမက်များကသုံးဖြုန်းပစ်မှာကိုလည်း စိုးရိမ်ဟ ရှိ၏။ စိုးရိမ်မည်ဆိုပါကလည်း စိုးရိမ်စရာကောင်းသောကိစ္စ ဖြ ပါသည်။ သို့သော် ထိုကိစ္စသည် စိုးရိမ်ရသည်ဟုဆိုကာ မပြုလုပ်ဘဲထာ ၍ ရသောကိစ္စမဟုတ်ပါ။ မတော်တဆ မိမိကမစီစဉ်မီ သူတို့ဟ သူတို့စိတ်ကြိုက်ရှာပြီး လင်နောက်လိုက်သွားပါက ပို၍ပင်ဆိုးမည့်ကိ ဖြစ်ပါ၏။

နောက်ကိစ္စတစ်ရပ်ကို တင်ပြလိုပါ၏။ ထိုကိစ္စမှာ ကလေ မွေးသည့် ကိစ္စဖြစ်ပါ၏။ ကလေးမွေးသည့်လုပ်ငန်းသည် စိုးရိမ်စွန့်စာ ရသောကိစ္စ ဖြစ်ပါ၏။ စိုးရိမ်စွန့်စားရသည်ဟုဆိုကာ ကလေးကို မမွေ ဘဲ ထား၍ရပါသလား၊ မရပါ။ စိုးရိမ်စရာများ လျော့ပါးအော ကြိုတင်ကာကွယ်၍ ကလေး မွေးရမည့်အချိန်တွင် မွေးကိုမွေးရမည ဖြစ်ပါ၏။



ထို့အတူ ကျွန်တော်တို့စောင့်နေသောလေဆိပ်တွင် ကျွန်တော် တို့လေယာဉ်မဆိုက်သေးသည့်တိုင် အခြားလေယာဉ်များ မကြာခဏ အဆင်းအတက်ပြုလုပ်နေပါ၏။ ကာလကတ္တားလို လေဆိပ်မျိုးမို့သာ နာရီဝက်တွင်တစ်ကြိမ် လေယာဉ်အဆင်းအတက်လုပ်နေသော်လည်း ဗန်ကောက် ဒုံမောင်းလို၊ စင်ကာပူ ချန်ဂီလိုလေဆိပ်များတွင် မိနစ် တိုင်း လေယာဉ် အဆင်း အတက်ရှိနေ၏။ ဟောင်ကောင်လေဆိပ်တွင် တစ်ရက်တွင် အဆင်း လေယာဉ် (၄၀၀) ရှိ၍ အတက် လေယာဉ် (၆၀၀) ရှိပါ၏။

အမေရိကန်နိုင်ငံ ကနေဒီလေဆိပ်လို လေယာဉ်ကွင်းများတွင် ကား လေယာဉ်အဆင်းအတက်များသည် ပျားပန်းခတ်မျှရှုပ်ထွေးနေ ပါ၏။

ယနေ့ကမ္ဘာပေါ်တွင် ခရီးသွားနေသူလူဦးရေသန်းပေါင်းများ စွာရှိပါ၏။ လေယာဉ်အမှုထမ်းပေါင်းများစွာတို့သည်လည်း ထိုအဆင်း အတက်ပြုလုပ်နေသော လေယာဉ်များနှင့်အတူ သွားလာနေကြသည်။

ဝေဟင်တွင် လေယာဉ်ဖြင့် ပျံသန်းသွားလာခြင်းသည် အန္တရာယ်ရှိသောလုပ်ငန်းဖြစ်ကြောင်း ခရီးသည်များရော လေယာဉ် အမှုထမ်းများပါ သိကြပါ၏။ သို့သော် အန္တရာယ်ရှိ၍ စိုးရိမ်ရ၍ လေယာဉ်စီးခြင်းကို စွန့်စားရမှုဖြစ်သည်ဟုဆိုကာ လေယာဉ် မစီး ဘဲနေကြပါသလား?

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်နှင့် ခရီးသွားခြင်းသည် စွန့်စားရမှု ဖြစ်သည်။ အန္တရာယ်ရှိသည်ဟုဆိုကာ ကျွန်တော်တို့သည် ကမ္ဘာ့အရပ်ရပ်၌ လေယာဉ်နှင့် ခရီးသွားလာမှုကို ရပ်ဆိုင်းပစ်ကြပါသလား?

ဘယ်သူမှ ရပ်ဆိုင်းမပစ်ကြပါ။ အန္တရာယ်ရှိသည်၊ စွန့်စားရသည်ဟုဆိုသော ကြားမှပင် လေယာဉ်စီးခရီးသည်များသည် တိုး၍တိုး၍ လာရာ လေကြောင်းလိုင်းများသည် လေယာဉ်ခရီးစဉ်များကို တိုးချဲ့၍ မလောက်နိုင်အောင်ပင်ရှိ၏။

လေယာဉ်စီးခြင်းသည် အန္တရာယ်ရှိတာတော့ မှန်ပါ၏။ သို့သော် ထိုလေယာဉ်မထွက်မီ လေယာဉ်ကို စိစစ်ခြင်း၊ ချွတ်ယွင်းမှုမရှိအောင် ကြိုတင်ကာကွယ်ခြင်း၊ ချက်ချင်းပြင်ဆင်ခြင်း၊ အမှားအယွင်း အပြစ်အနာအဆာမရှိအောင် စိစစ်ပြီးမှ လေယာဉ်ခရီးစဉ်များကို ပျံသန်းကြခြင်းဖြစ်၏။ လေယာဉ်ခရီးစဉ်များသည် အန္တရာယ်ရှိကြောင်း သိရှိ၍ လေကြောင်းကုမ္ပဏီကြီးများသည် အလွန်တိကျကောင်းမွန်သော စီမံခန့်ခွဲအုပ်ချုပ်မှုများနှင့် အလွန်သတိကြီးစွာထား၍ လုပ်ဆောင်ကြရာ လေယာဉ်စီးရတာကိုပင် ခရီးသည်များသည် အန္တရာယ်မရှိဟု ထင်ကာ လေယာဉ်အမှုထမ်းများက အချက်ပြမီး မငြိမ်းမီ ခါးပတ်ကို မဖြုတ်ပါနှင့်ဟု သတိပေးနေပါလျက် ခါးပတ်မပတ်သည့်ခရီးသည်များ လေယာဉ်တစ်စီးတွင် ဆယ်လေး-ငါး-ခြောက်ယောက်တော့ ရှိပါ၏။

အလားတူပင် အန္တရာယ်ရှိသော လေယာဉ်ကိုပင် ကျွန်တော်တို့ကဲ့သို့ စီးရန် စွန့်စားစီးရန် စောင့်စားနေသော ကျွန်တော့်မိတ်ဆွေ



သည် သမီးနှစ်ယောက် အိမ်ထောင်ချရေးကိစ္စတွင် စွန့်စားရန်အတွက် အတော်ကြီး ဝန်လေးနေပါ၏။

မည်သည့်အရာတွင်မဆို စွန့်စားရမှုရှိပါသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေသတွင် ဘယ်အရာတွင်မဆို ရင်းနှီးမြှုပ်နှံ ခြင်းဆိုပါက စွန့်စားမှုကင်းသောရင်းနှီးမြှုပ်နှံမှုဟူသည် မရှိဟုဆိုပါ၏။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းဆိုသည်မှာလည်း စွန့်စားမှုကိုအခြေခံရပါ၏။

အနာခံမှ အသာစံရမည်။

အနာမခံလျှင် အသာမစံရပါ။

NO RISK NO GAIN.

ဤသည်မှာ အစားပေးနိယာမသဘောဖြစ်ပါ၏။

အစားပေးနိယာမသဘောမှာ မည်သည့်အရာမဆို တန်ရာ တန်ကြေးပေးရသည်။ တန်ရာတန်ကြေးမပေးပါက အစားပေးနိယာမ တရား၏တရားစီရင်မှုကို ခံရမည်ဖြစ်ပါ၏။

သင်သည် သင့်ထံတွင် အလုပ်လုပ်နေသောအလုပ်သမားများ အား ပေးသင့်ပေးထိုက်သောအလုပ်သမားခကို ပေးရန်ပျက်ကွက်ပါက သင်သည် တစ်နေ့ရာတွင် ထိုအလုပ်သမားခထက်ပိုမိုကြီးမားသော ငွေကြေးပမာဏများ ဆုံးရှုံးရတတ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ အစားပေးနိယာမတရားဖြစ်ပါ၏။

အသွားရှိမှ အလာရှိသည်။

နေပူကို နေရိပ်မှစောင့်ရသည်။

ဟူသောစကားများရှိပါ၏။

သင်သည် စွန့်စားပါ။ ကြီးကြီးကျယ်ကျယ်စွန့်စားလျှင် ကြီးကျယ်ကျယ် ခံစားရသည်သာ ဖြစ်ပါ၏။ သို့သော် စွန့်စားမှုသ ကောင်းမြတ်သောအရာ တရားမျှတသောအရာကို စွန့်စားရန် ဖြ သည်။ ဘဏ်တိုက်တစ်ခုကို ဖောက်ထွင်းရန် ကြီးကြီးကျယ်ကျယ် စွ စားလျှင် ထောင်ကျသောအခါ ကြီးကြီးကျယ်ကျယ်ကျတတ်ပါ၏။

**စွန့်စားစရာရှိလျှင် စွန့်စားလိုက်ပါ။**

**မရှောင်ပါနှင့်။**

**အချိန်မဆွဲပါနှင့်။**

စိုးရိမ်မှုဖြင့် ယောက်ျားပေးစားရန်အချိန်ဆွဲနေပါက သမီးမှာ မှိုတက်ရုံသာရှိပါမည်။ မဟုတ်တာ မဖြစ်၊ မမှားသင့်တာ မမှားရအောင် စီမံ ခန့်ခွဲ၍ မိမိရည်မှန်းချက်တစ်ရပ်အတွက် စွန့်စားရမည်ဆို ကလည်း စွန့်စားလုပ်ဆောင်ရန် လိုအပ်ပါ၏။



သင့်ထံတွင် စိတ်ကူးတစ်ခုရှိပါက စွန့်စားစွန့်လွှတ်ဖို့ အသင့်ပြင်ထားပါ။

ကျွန်တော်သည် မလေးရှားနိုင်ငံသို့ မကြာခဏသွားသူဖြစ်ပါသည်။ မလေးရှားနိုင်ငံမှ စွန့်စားလုပ်ဆောင်သူတစ်ဦး၏ အကြောင်းကို ကျွန်တော်လက်ဆောင်ပေးလိုပါ၏။ ထိုပုဂ္ဂိုလ်ကဲ့သို့ စွန့်စားမှုမျိုးကို သင်ရော၊ ကျွန်တော်ပါ လုပ်ဆောင်နိုင်ပါသည်။

သူ့အဖြစ်အပျက် ဇာတ်လမ်းက စိတ်ဝင်စားစရာ ကောင်းပါ၏။

၁၉၅၉ ခုနှစ်တွင် မလေးရှားနိုင်ငံသည် ဗြိတိသျှတို့၏ကိုလိုနီဘဝတွင်သာရှိပါ၏။ တစ်နေ့တွင် ပုဂ္ဂိုလ်တစ်ဦးသည် မလေးရှားရွာလေးတစ်ရွာသို့ သွားရောက်ရာ ကုန်စုံဆိုင်တစ်ခုတွင် စီးကရက်တစ်ဘူးဝင်၍ဝယ်ပါ၏။ စီးကရက်ဝယ်သည့် ထိုပုဂ္ဂိုလ်က ကုန်စုံဆိုင်ပိုင်ရှင်အား ဘယ်နှယ့်လဲ စီးပွားရေးပြေလည်ရဲ့လားဟုမေးကြည့်ရာ "ကလေးက ကိုးယောက်နဲ့ တစ်နေ့ ဝင်ငွေနဲ့ တနေ့ ထွက်ငွေ မမျှနိုင်အောင်ပါဘဲဗျာ၊ ကုန်စုံဆိုင်ကလည်း တစ်ခါတစ်ရံ ကုန်မစုံလို့ ငွေချေးပြီး ကုန်တင်ရတယ်။ ဒီတော့လည်း ရတာနဲ့ ကြွေးဆပ်ရတာနဲ့ စားစရာတောင်မရှိတဲ့ အခါများ ရှိနေလို့ သေရင်တောင် ကောင်းမလားလို့ စဉ်းစားနေရတယ်" ဟုဆိုင်ရှင်က ပြန်ဖြေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်၏အဖြေကို နားထောင်ရင်း ထိုပုဂ္ဂိုလ်ကြီးက ဆိုင်ရှင်အား အမြင်ကပ်ကပ်ရှိလာသည်နှင့် "သေဖို့ဆိုရင်တော့ ဘာပြဿနာမှ မရှိဘူး။ နေမယ်ဆိုရင်တော့ လူတစ်ယောက်မှာ အလုပ်ဖြစ်စေတဲ့အကြံ တစ်ခု ရှိဖို့လိုတယ်။ သေချင်ရင်တော့ အကြံလဲမလိုပါဘူး။ အိပ်ဆေးများများပဲဖြစ်ဖြစ်၊ ဆွဲကြိုးချပြီးတော့ပဲဖြစ်ဖြစ် သေလိုက်ရင် ပြီးတာပဲ" ဟုပြောလိုက်ပါ၏။

ထိုအခါ ဆိုင်ရှင်က "ဟုတ်ကဲ့ ခင်ဗျားပြောတာ မဆိုးဘူး၊ သေမယ်လို့တော့ ပြောတာ၊ အကြံကောင်းလေးတစ်ခု ရရင်တော့ ကျုပ် မသေချင်သေးဘူး၊ အကြံကောင်းများရှိရင်တော့ ကျုပ်ဖြင့် လိုချင်ပါ့ဗျာ" ဟုဆိုလေ၏။

"ဒါကအလွယ်လေးပဲ၊ ကိုယ့်ဆိုင် လေးကဝင်ငွေနဲ့ ခင်ဗျားမိသားစု မစားလောက်ရင် ဘာပြုလို့ပိုပြီး ဝင်ငွေကောင်းတဲ့အလုပ် အသစ်တစ်ခုကို မရှာတာလဲ" ဟုပြောကာ ထိုပုဂ္ဂိုလ်ကြီးသည် ဆိုင်ထဲမှ ထွက်သွားပါ၏။ ယင်းပုဂ္ဂိုလ်ပြောကြားလိုက်သော အကြံပေးစကားသည် အလွန်ရိုးစင်းသောသဘောထားဖြစ်ပါ၏။

**အခုအလုပ်က ဆင်းရဲရင် ဝင်ငွေနည်းနေရင်**

**ဒီဝင်ငွေနဲ့မစားလောက်ရင် ဒီအလုပ်ကိုဘာပြုလို့**

**ဆက်လုပ်နေမည်နည်း? အခြားအလုပ်တစ်ခုကို**

**ပြောင်းလုပ်ရုံသာ ရှိပါ၏။**



တကယ်တော့ ထိုဆိုင်ရှင်နေထိုင်သောပတ်ဝန်းကျင်တွင် ရော်ဘာစိုက်ခင်းများ ရှိပါ၏။ ထိုစိုက်ခင်းများကို ရော်ဘာကုမ္ပဏီက ရောင်းချရန် ကြံစည်နေပါ၏။

ထိုအချိန်တွင် ဆိုင်ရှင်သည် ရော်ဘာစိုက်ခင်းမန်နေဂျာထံသို့ သွားရောက်ကာ ကုမ္ပဏီပိုင်ရော်ဘာခင်းများနှင့်ပတ်သက်၍ ကုမ္ပဏီက မည်သို့ မည်ပုံအစီအစဉ်ရှိပါသလဲဟုမေးရာ ယင်းရော်ဘာပင်များကို ကုမ္ပဏီမှရောင်းချရန် အစီအစဉ်ရှိကြောင်း ပြောကြားလိုက်ပါ၏။

ဘယ်လောက်နှင့်ရောင်းမှာလဲဟုမေးရာ ဒေါ်လာဆယ်သန်းနှင့် ရောင်းချရန် စီစဉ်ထားရှိသည်ဟု ပြောလိုက်ပါ၏။ ရောင်းချရာတွင် နှစ်လအတွင်း ရောင်းဈေးရဲ့ ၁၀ ရာခိုင်နှုန်းကို ပေးချေရမည်။ ကျန်ငွေကို အရောင်းအဝယ်စာချုပ်လက်မှတ်ရေးထိုးသည့်ရက်မှ ခြောက်လအတွင်း ပေးချေရမည်ဟု ဆိုပါ၏။

ဆိုင်ရှင်သည် ထိုသဘောထားများကို ရယူကာ မိမိသည် ရော်ဘာကုမ္ပဏီမှ ရော်ဘာခြံအားလုံးကို ဝယ်ယူမည်ဟုဆုံးဖြတ်လိုက်ပါ၏။ မိမိ၏ဆုံးဖြတ်ချက်ကို အိမ်သားများအားလည်း အသိပေးလိုက်ပါ၏။ ထိုအခါ ဇနီးနှင့် သားသမီးတို့က ဈေးရောင်းမကောင်း၍ သတ်သေမည်ဟုပြောသောအဖေသည် အမှန်တကယ်ရူးသွားပြီဟုဆိုကာ စိတ် ရောဂါကုဆရာဝန်နှင့်ကုသရန် စီစဉ်ကြ၏။ ထိုအခါ ဆိုင်ရှင်သည် ပို၍ ဒေါသထွက်လာပြီး "ဒီရော်ဘာကုမ္ပဏီကပိုင်တဲ့ ရော်ဘာခြံ အကုန်လုံးကို ငါဒေါ်လာဆယ်သန်းနဲ့ဝယ်မှာ" ဟု ဟစ်အော်ပြောဆို

www.burmeseclassic.com



လိုက်သော အခါ မိသားစုသည် သူတို့၏အဖေဖြစ်သူ၊ ခင်ပွန်းဖြစ်သူ တကယ်ရူး လေပြီဟု ထင်မှတ်သွားကြ၏။

ထိုသတင်းစကားသည် ချက်ချင်းတော၌မီးလောင်သလို တစ်ရွာလုံးပျံ့သွားပြီး ဒီလူ ဂယောင်ချောက်ချားဖြစ်၍ စိတ်မမှန်တော့ဟု ယူဆကာ စုတ်တသပ်သပ်ဖြင့် လူမှုရေးအရ လာရောက်သတင်းမေးကြရင်း မိသားစုကို ၁ည်း အားပေးကြပါ၏။ ထိုသို့ တစ်ရွာလုံးက သတင်းလာမေးကြလေ သူက ဒေါသပိုလေ။ သူ့ကို အရူးဟုပို၍ ထင်ကြလေဖြစ်ရာ သူသည် သူ့မိသားစုနှင့် ရွာသားများကြောင့် စိတ်ပျက်စိတ်ညစ်ကာ တကယ်ပင် ဂယောင်ချောက်ချားဖြစ်ပြီး အရူးတစ်ယောက်၏ အခြေအနေသို့ ရောက်သွားပါ၏။

သူသည် ရော်ဘာခြံအရူးကြီးတစ်ယောက်ဖြစ်ခဲ့ပါ၏။

ထိုသူသည် ဒီရွာသူရွာသားတွေနဲ့တော့ မဖြစ်ပါဘူးဟုဆိုကာ သူ့အိမ်နှင့်ရွာမှထွက်လာပြီး ပထမ သူနှင့် တွေ့ဆုံအကြံပေးခဲ့သော ပုဂ္ဂိုလ်ထံသို့သွား၍ မိမိ၏အဖြစ်အပျက်နှင့်အစီအစဉ်ကို ပြောပြပါ၏။ ထိုသူက ဆိုင်ရှင်၏အကြံအစည်သည် ဖြစ်နိုင်သည်ဟု ယုံကြည်ကာ ငွေအနည်းငယ်ချေးယူဖို့အတွက် ထောက်ခံပေးလိုက်ပါ၏။ ဆိုင်ရှင်သည် ငွေအချို့ကို ချေးယူကာ သူ့ရွာနှင့်နီးကပ်သောမြို့လေးတစ်မြို့တွင် ရုံးခန်းလေးတစ်ခုကို ဖွင့်လိုက်ပါ၏။

ထို့နောက် ရော်ဘာခြံများကို ဦးရာလူစနစ်ဖြင့် ရောင်းရန်ရှိ



ကြောင်း၊ ဝယ်ယူလိုသူများ စရန်ပေးထားနိုင်ကြောင်းဖြင့် ရော်ဘာစိုက်ခင်း မြေပုံကြီးကိုချ၍ မြေများကို ရောင်းရန်အတွက် စရန်စတင်လက်ခံလိုက်ရာ တစ်လမပြည့်မီ ကုမ္ပဏီသို့ပေးချေမည့်ငွေ ၁၀ ရာခိုင်နှုန်းကို ပေးချေနိုင်ပြီး ဇာတ်လမ်းကို အတိုချုပ်ပြောရပါက ထိုဆိုင်ရှင်သည် ခြောက်လအတွင်း လူ ၃၄၁ အား ကုမ္ပဏီပိုင်ရော်ဘာခြံများကို ရောင်းပေးလိုက်ရာ ဒေါ်လာနှစ်သန်း အမြတ်ရလိုက်ပါ၏။

ကျွန်တော်ထပ်၍ အရသာရှိရှိ ပြောပါရစေ။

သေချင်နေသော ကုန်စုံဆိုင်ပိုင်ရှင်သည် ရော်ဘာစိုက်ခင်း အရောင်းအဝယ်လုပ်ငန်းမှ ဒေါ်လာနှစ်သန်းတိတိအမြတ်ရကာ သူချမ်းသာဖြစ်သွားပါ၏။

**ကဲ . . . မိတ်ဆွေ**

**မိတ်ဆွေက ကျုပ်ကတော့**

**ဆင်းရဲမွဲတေစွာနဲ့ မွေးလာတဲ့**

**သူလို့ပြောမလား။**

**ဒီလိုဆို ဘယ်သူကများ**

**ဖဲမွေ့ရာရွှေကော်ဇောနဲ့**

**ရွှေဇွန်းကိုက်ပြီး မွေးလာကြလို့လဲ?**

www.burmeseclassic.com

www.burmeseclassic.com



**ဘဝတစ်ခုဟာ**

**ဘယ်လိုမွေးလာတယ်ဆိုတာ**

**အရေးမကြီးပါဘူး။**

**သူ အသက်ရှင်နေစဉ်အတွင်း ဘာလုပ်တယ်ဆိုတဲ့ ကိစ္စက**

**အရေးကြီးတာ။**

**အခု မိတ်ဆွေရှေ့မှာရှိနေတဲ့**

**အခွင့်အလမ်းကိုကြည့်ပါ။**

**အဲဒီအခွင့်အလမ်းကို**

**အမိဖမ်းဖို့နဲ့**

**ဖမ်းဖို့အတွက်**

**လက်မနှေးဖို့က**

**အရေးအကြီးဆုံးပါ မိတ်ဆွေ။**

ထိုကိစ္စသည် မလေးရှားနိုင်ငံတွင် တကယ်ဖြစ်ခဲ့သောကိစ္စ ဖြစ်၏။ ထိုပုဂ္ဂိုလ်ကြီးသည် သူ၏စိတ်ကူးဉာဏ်ကို ကိုးလအတွင်း အကောင်အထည်ပေါ်အောင် ဆောင်ရွက်နိုင်ခဲ့သည်။



ထိုသူသည် နောက်ပိုင်း၌ ဟိုတယ်လုပ်ငန်း၊ ချည်ထည်လုပ်ငန်းနှင့် သံဖြူလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ခဲ့ရာ ကျွန်တော်မလေးရှားနိုင်ငံသို့ ပထမအကြိမ်ရောက်ရှိသွားသော ၁၉၉၁ ခုနှစ်တွင် သူသည် လုပ်ငန်းခွဲအမျိုးမျိုးကို ပိုင်ဆိုင်ကာ ဝန်ထမ်းတစ်ထောင်ကို ထမင်းကျွေးထားကာ အနည်းဆုံးဒေါ်လာသန်း ၅၀ ကျော်ကြွယ်ဝချမ်းသာသော သူဌေးကြီးဖြစ်နေပါ၏။

ထိုသူဌေးကြီးသည် ယခုအခါ အရင်ကထက်ပို၍ ကြွယ်ဝနေပြီဖြစ်၏။

မလေးရှားနိုင်ငံ တိုးတက်ဖွံ့ဖြိုးလာခဲ့ရာတွင် ကုန်စုံဆိုင်ပိုင်ရှင် သူဌေးသူကြွယ်ကြီးအတွက် ပို၍ပို၍ ချမ်းသာလာဖို့ဖြစ်လာ ရပြန်ပါ၏။

ထိုသူဌေးကြီးသည် တကယ်တော့ကျောင်းမနေဖူးပါ။ အတန်းပညာ ကျောင်းပညာ တတ်သူတစ်ဦးမဟုတ်ပါ။ ဘယ်သူ့ထံကမှလည်း ငွေကြေးအမြောက်အမြားအထောက်အပံ့ ရရှိသူတစ်ဦး မဟုတ်ပါ။ သူသည် ကုန်စုံဆိုင်မဖွင့်ခင်က ထမင်းချက်အကူလုပ်ခဲ့သူဟု ဆိုပါ၏။

ဘယ်သူလဲ?

သူ့အကြောင်းကို သင်မလေးရှားရောက်တော့ မေးကြည့်ရန် အမည်ကိုချန်ထားခဲ့ပါ၏။ ဤကြီးပွားတိုးတက်ရေးကျမ်းဖတ်ရှုပြီးသောသင်သည် မလေးရှားနိုင်ငံသို့ သူဌေးကြီးတစ်ဦးအနေနှင့် ဖြစ်အား

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ကျော်ကြားသူတစ်ဦးအနေနှင့်ဖြစ်စေ မကြာမီရောက်ရှိလိမ့်မည်ဟု ကျွန်တော်မျှော်လင့်ထားပြီး ဖြစ်ပါသည်။ မလေးသို့ ရောက်လျှင် မအောင်မြင်သူ ကုန်စုံဆိုင် ပိုင်ရှင်ဘဝမှ သံဖြူ သူဌေးကြီး ချည်ထည်လုပ်ငန်းရှင်ကြီး၊ ဟိုတယ်ပိုင်ရှင်ကြီး ဖြစ်လာသူသည် ဘယ်သူပါလဲဟု မေးကြည့်စမ်းပါ။

သင်လဲ သူ့လိုအကြံအစည်တစ်ခုကို သူတကာတွေဘယ်လို ပြောပြော စွဲစွဲမြဲမြဲ အချိန်မဆွဲဘဲလုပ်ပါ။

သင် မုချချမ်းသာအောင်မြင်စေရပါမည်။

## အခန်း– ၉

## ရွှေသရုပ္ပဆောင်းပို့အရေး စရိုးမဓေး

ကျွန်တော်သည် လူတိုင်း လူတိုင်း ကြီးပွားချမ်းသာအောင်မြင်ဖို့အတွက် ပုံသေနည်းရှိသည်။ ထိုပုံသေနည်းအတိုင်းလုပ်၊ ထိုသူသည် ဘယ်အရပ်မှာပဲမွေးမွေး၊ ဘယ်လို မျိုးရိုးမှာပင် ပေါက်ဖွားပေါက်ဖွား ဘယ်နေရာ ဘယ်ဒေသတွင်မဆို မုချကြွယ်ဝချမ်းသာအောင်မြင်နိုင်သောကျိမ်းသေနည်းရှိသည်ဟုကျွန်တော့်စာအုပ်များတွင် အကြိမ်ကြိမ်ရေးသားခဲ့ပါ၏။

- **သင်သည် သမားရိုးကျနည်းလမ်း၊ သမားရိုးကျဘဝမှ ခွဲထွက်ပါ။**

- **သမားရိုးကျဘဝတွင် မွေ့လျော်မနေပါနှင့်။**

www.burmeseclassic.com

www.burmeseclassic.com



- ချမ်းသာရာနည်းဆယ်ပါးကို လက်စွဲထားပါ။
- ဆင်းရဲဖို့အကြောင်းတရားလေးပါးကို စွန့်လွှတ်ပါ။
- သောကကို နှိမ်နင်း၍ သောကကို အတတ်နိုင်ဆုံး ချေ ဖျက်ပါ။
- ပညာတတ်ဖြစ်အောင်ကြိုးစားပါ။
- ရည်မှန်းချက် တစ်ရပ်ထားရှိပါ။
- ထိုရည်မှန်းချက်ကို အပြင်းစားမီးထိုးပေးပါ။
- ထိုရည်မှန်းချက်အတွက် သတ္တိ၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိပါ။
- ဘယ်တော့မှ အချိန်မဆွဲပါနှင့်။
- ဘယ်တော့မှ နားမနေပါနှင့်။

ထိုသို့ဆိုပါလျှင် ယနေ့တောင်းစားနေသူဖြစ်ပါစေ။ မကြာမီ ကောင်းစားစေရမည်ဖြစ်ပါ၏။ ယခု ဤစာအုပ်ဖြင့် ကျွန်တော်သည် သင့်အား သင်၏ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ မျှော်လင့်ချက်တစ်ရပ် သတ္တိရှိရှိဖြင့် မီးထိုးပေးဖို့ တင်ပြနေခြင်းဖြစ်ပါ၏။

သင်သည် ဘာဖြစ်ချင်သနည်း။ ဖြစ်ချင်တာဖြစ်စေရမည် ဖြစ်၏။ သင်သည် သင့်အိမ်ရှေ့မှ တောင်ကုန်းကို ရွှေ့ပစ်ချင်ပါသလား ထိုရွှေ့ပစ်ချင်သောဆန္ဒကို ဇောကပ်၍ အမြဲအာရုံထားပါ။ သင့်အိမ်ရှေ့ ကတောင်ကုန်းသည် အလိုလိုရွှေ့သွားမည်ဖြစ်ပါ၏။



စိတ်အစွမ်းသတ္တိသည် ထိုမျှ အားကောင်းပါ၏။

ကျွန်တော့်မိတ်ဆွေလင်မယားရှိပါသည်။ သူတို့သည် ပြည်မြို့တွင် နေကြရာ သူတို့အိမ်ရှေ့မှာ တောင်ကုန်းတစ်ကုန်းရှိ၍ ရွှေဆံတော်ဘုရား တွေ့မြင်ဖူးမျှော်ရန် ကွယ်နေပါ၏။ ဇနီးဖြစ်သူက "ကျွန်မတို့ခြံကတော့ မဆိုးပါဘူး။ ဟောဟိုက တောင်ကုန်းသာမရှိရင် ဘုရားကို ကျွန်မတို့ အိမ်ကနေဖူးမျှော်လို့ရရင် ဘယ်လောက်များကောင်းလိုက်လေ" ဟု ဆိုပါ၏။

ထိုအခါ ကျွန်တော်က "ခင်ဗျားဘုရားမှာ ဆုတောင်းပေါ့ဗျာ၊ ဒီတောင်ကြီး ဟိုဘက်ကို ရွှေ့သွားပါစေ၊ ရွှေဆံတော်စေတီကို မိမိတို့ အတိုင်းသားဖူးတွေ့ရပါစေ" ဟုပြောခဲ့သောအခါ ဇနီးဖြစ်သူသည် ထိုစကားကို တကယ်ယုံကြည်စွာဖြင့် ဘုရားရှိခိုးပြီးတိုင်း မိမိတို့အိမ်ရှေ့မှ တောင်ကုန်းကို ထိုးဖောက်၍အာရုံပြုကာ ထိုတောင်ကုန်းရွှေ့သွားစေရန် ဆုတောင်းခဲ့သည်ဟု ဆိုပါ၏။

ထိုသို့ပြောပြီး သုံးနှစ်ခန့်ကြာသောအခါ ကျွန်တော်သည် ပြည်မြို့သို့ ထပ်မံရောက်ရှိသွားရာ တောင်ကုန်းသည် ယခင်အတိုင်း ရှိသော်လည်း မိတ်ဆွေ၏ဇနီးဖြစ်သူသည် ဆုတောင်းမြဲ ဆုတောင်းနေသည်ဟု ဆိုပါ၏။

သို့သော် ပြီးခဲ့သောနှစ်က ပြည်သို့ရောက်ရှိသွားသောအခါတွင် ထိုတောင်ကုန်းသည် ပထမနေရာတွင်မရှိတော့ဘဲ ထိုတောင်ကုန်း

www.burmeseclassic.com

www.burmeseclassic.com



ကို ရောဝတီမြစ်ကူးတံတား ဆောက်လုပ်ရေးစီမံချက်တွင် မလွတ်၍ အင်ဂျင်နီယာများက တူးရှော့ပစ်ခဲ့သည်ဟု ဆိုပါ၏။

"ဘုရားရေ ကျွန်တော့်မိတ်ဆွေ၏ ဖနီးဖြစ်သူ၏ဆုတောင်းမှာ အမှန်တကယ်ပြည့်ခဲ့ပါကောဟု" ဟုကျွန်တော်ကဆိုမိပါ၏။ တကယ် လည်း ခရစ်ယာန်ကျမ်းတော်၌ ဖော်ပြထားခဲ့သည်မှာ ခရစ်တော်၏ "သင်သည် ဘုရားသခင်အား ယုံကြည်မှုရှိလျှင် ဒီတောင်ကြီးကို ဟိုနေရာမှ ဒီနေရာသို့ရွှေ့ပေးပါဟု ပြောလိုက်သည်နှင့် သင်ပြောသည့် အတိုင်း တောင်ကြီးကလိုက်နာပြီး ရွှေ့ပေးမှာပဲ" ဟုမြွက်ကြားတော်မူခဲ့၏။

ယုံကြည်ချက်၊ တောင့်တချက်၊ မျှော်လင့်ချက်တို့က လုပ်ငန်း စီမံကိန်းဖြင့် ထိရောက်စွာလက်တွေ့အကောင်အထည်ဖော်လျှင် ဘယ် တောင်တန်း ဘယ်တောင်ကြားကို မဆို လိုရာသို့ရွှေ့နိုင်သည်။

မိမိ၏စိတ်နှလုံးတွင် ယုံကြည်ချက်၊ တောင့်တချက်၊ မျှော်လင့် ချက်များရှိခြင်းမှာ အမြဲကောင်းပါ၏။ သို့သော် ယင်းတို့ကို လုပ်ငန်း အစီအစဉ်ချ၍ လက်တွေ့အကောင်အထည်ဖော်ရမည်။ သို့မှသာ သင်၏ယုံကြည်ချက်၊ တောင့်တချက်၊ မျှော်လင့်ချက်များသည် အသီး အပွင့်များ ဖြစ်ထွန်းလာမည်ဖြစ်၏။

လူတစ်ယောက်၏စိတ်ဆန္ဒသည် ဖြစ်ရမည်ဟုဆိုပါက တကယ့်ကို ဖြစ်တတ်ပါ၏။



လက်လျှော့လိုက်ပါမူ ဖြစ်ချင်သော အရာများအားလုံး ဤလောကလူ့ဘဝမှ ပျောက်ကွယ်၍ သွားတတ်ပါ၏။ ဘဲလ်သည် မလျှော့သောစွဲဖြင့် ကျဉ်းမြောင်းသောလမ်းကြောင်းမှ သေးသွယ်သော ကြေးနန်းကြိုးလေးများဖြင့် ကမ္ဘာတည်သရွေ့ တည်တံ့နေမည့် ကြီးကျယ်သောတီထွင်မှုကြီးကို လုပ်ဆောင်ရာတွင် သူသည် ခက်ခဲ သည်၊ ကျဉ်းမြောင်းလွန်းနေပြီဟုဆိုကာ ရပ်တန့်နေပါက လမ်းပိတ် သွားမည်ဖြစ်၏။ ရပ်တန့်နေသောနေရာတွင် ရှေ့ဆက်၍သွားရန် လမ်းပိတ်သွားမည် ဖြစ်၏။

**မိမိရပ်တန့်သော နေရာတွင် လမ်းသည် ပိတ်သွားစမြဲဖြစ် ၏။ မိမိ ဆက်လျှောက်လျှင် ဆက်လျှောက်သလောက် လမ်းရှိနေ ပါ၏။**

ထို့ကြောင့် ရည်မှန်းချက်ကို ဖော်ဆောင်ရာတွင် ဘယ်တော့မှ မလျှော့ပါနှင့်။ ထိုသို့စွဲလျှော့ပါက မစ္စတာအေစီမစ်ဆန်၏ နောင်တ တရားမျိုးကို သင်ကြုံတွေ့စေရမည် ဖြစ်၏။ မစ္စတာအေစီမစ်ဆန်သည် ကုန်သွင်းကုန်လုပ်ငန်းဖြင့် ကြီးပွားချမ်းသာနိုင်သည်ဟု ယုံကြည်မှု ရှိခဲ့သူ လူတစ်ယောက်ဖြစ်ပါသည်။ သူ့တွင် ထိုလုပ်ငန်းကို လုပ်ဆောင် ရန် ငွေအရင်းအနှီး ဒေါ်လာတစ်သန်းအသင့် ရှိပါ၏။ သူသည် နယူးယောက်မြို့ရှိ မဟာတန် Man Hattan ရပ်တွင် ရုံးခန်းတစ်ခုကို ငှားရမ်း၍ အလုပ်စတင်ဆောင်ရွက်ပါ၏။ မစ္စတာ အေစီမစ်ဆန်သည် ကုန်သွင်းကုန်လုပ်ငန်းကိုစတင်ပြီး မကြာမီပင် အမေရိကန်နိုင်ငံလုပ် ပစ္စည်းများကို ရောင်းချရန်နိုင်ငံ ၅၀ ကျော်နှင့် အဆက်အသွယ်

www.burmeseclassic.com

www.burmeseclassic.com



ရလိုက်ပါ၏။ သူသည် အလုပ်ကြိုးစားသူဖြစ်၍ လုပ်ငန်းသည် အစတွင် တဖြည်းဖြည်းတက်လာပါသည်။

သို့သော် သူ့တွင် စီမံခန့်ခွဲမှုဆိုင်ရာချွတ်ယွင်းချက်များရှိရာ အမြတ်သည် ကုန်ကျစရိတ်ကို မကာမိဘဲရှိနေခဲ့၏။ ချွတ်ယွင်းချက်ကို သိသိသာသာမပြင်ဘဲ မစ္စတာမစ်ဆန်သည် သူ့အလုပ်ကိုဆက်၍ စခန်းသွားခဲ့ရာ နှစ်နှစ်ကြာသောအခါ အတော်လေးဒုက္ခဖြစ်လာခဲ့၏။ အခက်အခဲအတော်များများကိုလည်း ရင်ဆိုင်လာခဲ့ရ၏။ လုပ်ငန်းစတင်ထူထောင်စဉ်က သူမျှော်မှန်းထားသလောက် စီးပွားဖြစ်လာဖို့ကိုလည်း မျှော်လင့်၍မရဟုထင်လာခဲ့ပါ၏။ သူရင်းနှီးထားသောငွေများမှာလည်း တဖြည်းဖြည်းကုန်ခန်းလာခဲ့သည်။ ကြီးပွားချမ်းသာဖို့ ချမ်းသာရန်ဟူသောယုံကြည်မျှော်လင့်ချက်တို့မှာလည်း မှေးမှိန်ပြုလာ၏။ ဝန်ထမ်းလစာပေးရန် ငွေမရှိ၍ အပေါင်းအသင်း မိတ်ဆွေများထံမှ ငွေလှည့်ရသောအခါ သူ့လုပ်ငန်းအပေါ် သူ လက်မြှောက်ရ ကောင်းမည်ဟု တွေးထင်လာခဲ့၏။

သည်လုပ်ငန်းကို ရှေ့လည်းမဆက်နိုင်၊ ရွှေ့အောင်လည်း မတိုးနိုင်ဘဲ စိတ်ဓာတ်ပါ ကျဆင်းလာကာ အခြားနည်းလမ်းရွေးစရာ မရှိဟု ယုံကြည်ကာ ထိုလုပ်ငန်းကို သူသည် အခြားသူတစ်ဦးအား ဒေါ်လာ ငါးထောင်ဖြင့် ရောင်းချလိုက်ပါ၏။

မစ္စတာအေစီမစ်ဆန်သည် အလုပ်ကို အရှုံးပေးလက်မြှောက်ကာ သူ၏မွေးရပ်မြေ ကာလီဖိုးနီးယားသို့ ကြေကွဲဝမ်းနည်းသော စိတ်များဖြင့် ပြန်လာခဲ့ပါ၏။



သူ့လုပ်ငန်းကို ဝယ်ယူသူသည် လုပ်ငန်းကို ဝယ်ယူပြီးနောက် အချိန် ဆိုင်းမနေဘဲ ပို့ကုန်လုပ်ငန်း ကျွမ်းကျင်သူတစ်ဦးအား အလုပ်ခန့်လိုက်ပါ၏။ ထို့နောက် ယခင်က မစ္စတာမစ်ဆန် ဆက်သွယ်ထားသောကုန်သည်များနှင့် အဆက်အသွယ်ပြန်လည်ခိုင်မာအောင် အစွမ်းကုန်ကြိုးစားခဲ့၏။ ထိုသို့ဆောင်ရွက်လိုက်သည်ဆိုလျှင်ပင် အမေရိကန်မှ ထုတ်လုပ်သောကုန်ပစ္စည်းများအတွက် အမှာစာများ အလုံးအရင်းနှင့် ဝင်လာခဲ့ပါ၏။ မကြာမီပင် သူ့ဝန် သူ့အားနှင့် မနိုင်နိုင်လောက်အောင်ပင် အလုပ်များရရှိလာကာ နောက်ထပ်ကျွမ်းကျင်သူတစ်ဦးကို ထပ်၍ခန့်အပ်ခဲ့ရပြန်၏။

တစ်နေ့ပြီးတစ်နေ့ မစ္စတာမစ်ဆန်၏ လုပ်ငန်းဟောင်းသည် တိုးတက်လာရာ တစ်နှစ် နှစ်နှစ်အတွင်း ထိုလုပ်ငန်း ပို့ကုန်အခြေအနေသည် အမြင့်မားဆုံးတန်းဝင်လုပ်ငန်းတစ်ခုအဖြစ် ရောက်ရှိလာခဲ့၏။ ငါးနှစ်အတွင်း ပိုင်ရှင်အသစ်သည် အမြတ်ငွေဒေါ်လာ ၁၁ သန်း ရရှိသွားခဲ့၏။ မစ္စတာမစ်ဆန်သည် သူ၏လုပ်ငန်း ဟောင်းအကျိုးဖြစ်ထွန်းနေသည်ကို သိသွားခဲ့၏။ ထိုအခါမှပင် သူ၏ အမှားပေါင်းများစွာကို သူမြင်လာခဲ့သည်။

မစ္စတာမစ်ဆန်၏ အမှားတို့မှာ သူသည် သူ၏ပစ္စည်းများကို ဝယ်သူတို့နှင့် ဆက်သွယ်ရာတွင် ပို့ကုန်အရည်အသွေးစံနှုန်းကို မထိန်းနိုင်ခြင်းနှင့် အတွေ့အကြုံရှိ ဝါရင့်မန်နေဂျာနှင့် အတွေ့အကြုံရှိ ဝန်ထမ်းများမရှိခြင်းတို့ကြောင့်ပင်ဖြစ်၏။ ထိုအရာများကို ပြုပြင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါက အောင်မြင်မှုသည်လမ်းခင်းပြီးသား ဖြစ်ပါလျက် မစ္စတာမစ်ဆန်သည် အမှားကိုမပြင်ဘဲ လုပ်ငန်းကို အရှုံးပေးခြင်းသည် အမှားတကာ့ အမှားတွင် အမှားဆုံးပင် ဖြစ်ပါ၏။

ရှေးအခါက ကြက်ပျံမကျစည်ကားသော မင်းနေပြည်တော်ကြီးများသည် ညံ့ဖျင်းသောဘုရင်၏စီမံခန့်ခွဲမှုကြောင့် ပျက်သုဉ်းခဲ့ဘူးသည်။

ကမ္ဘာ့သမိုင်းတွင် အမြော်အမြင်နည်းသော ခေါင်းဆောင်စစ်ဗိုလ်ချုပ်ကြောင့် စစ်ရှုံးခဲ့ရသောဖြစ်ရပ်များလည်းရှိ၏။

များစွာသော စီးပွားရေးလုပ်ငန်းများသည် မိမိတို့လုပ်ငန်းအပေါ် စိတ်ထားထက်သန်မှု ဝါယမစိုက်ထုတ်မှု မရှိသောကြောင့် မနေ့ဦးစွာများ ပျက်စီးဆုံးရှုံးခဲ့ကြ၏။

လူငယ်ကျောင်းသားများစွာတို့သည် မိမိတို့၏ကျောင်းသင်ခန်းစာကို စနစ်တကျ စိတ်ဝင်စားမှုမရှိဘဲ ဂရုတစိုက်မရှိသောကြောင့် စာမေးပွဲကျရှုံးခဲ့ကြသည်။

လူများစွာတို့သည် ဘယ်လိုစိုက်ပျိုးရမည်ဆိုတာကို ကျွမ်းကျင်သော်လည်း လူအနည်းငယ်သည်သာ ဘယ်လိုရိတ်သိမ်းရမည်ဆိုတာကို သိနားလည်ကြ၏။

မစ္စတာမစ်ဆန်သည် ဘယ်လိုလူစားပါနည်း။ သူသည် စိတ်ရှည်သည်းခံ ပြီး အမှားကို ပြင်ဆင်ရင်း လှိုင်းတံပိုးမုန်တိုင်းများ ထန်နေ



သည့်အချိန်ကို ကျော်လွှန်အောင် စောင့်ရမည့်အစား မုန်တိုင်းအတွင်း မိမိ၏လှေကို စွန့်ခွာသွားချိန်တွင် ထိုလှေအား အခြားတစ်ယောက်က ဦးစီးပြီး မောင်းနှင်ရာ မုန်တိုင်းလည်းစဲ ကမ်းခြေသို့လည်း ရောက်ရှိခဲ့သည့်သတင်းကို နောက်မှကြားသိရသော ထောင်ပေါင်းများစွာသော သူများထဲမှ တစ်ဦးသာလျှင် ဖြစ်ပါ၏။

သင်သည် လုပ်ငန်းတစ်ရပ်ရပ်တွင် အခက်အခဲတွေ့နေပြီလား။ တွေ့နေပြီဆိုပါက အောက်ပါစာတမ်းကို ဖတ်ပါ။

- ထွက်မပြေးပါနဲ့။
- မစွန့်လွှတ်ပါနဲ့။

DON'T QUIT.

- ဘယ်တော့မှ မစွန့်လွှတ်ပါနဲ့။

NEVER QUIT.

- သင်ဆောင်ရွက်နေသည့်ကိစ္စ မှားသွားတဲ့အခါ ထိုအရာသည် ရံဖန်ရံခါ မှားတတ်တဲ့သဘာဝလို့ မှတ်ပါ။

WHEN THINGS GO WRONG, AS THEY SOMETIMES WILL.

www.burmeseclassic.com

www.burmeseclassic.com



● မိတ်ဆွေလျှောက်လှမ်းရတဲ့ခရီးဟာ အတက်ချည်းပဲဖြစ်နေတဲ့အခါ

WHEN THE ROAD YOU'RE TRUDGING SEEMS ALL UPHILL,

● လုပ်ရင်းကိုင်ရင်း ကြွေးလည်းပင်းနိုက်လာတဲ့အခါ

WHEN THE FUNDS ARE LOW AND DEBTS ARE HIGH

● ပြုံးချင်ပေမယ့် သက်မချရတဲ့အခါမျိုးနဲ့

AND YOU WANT TO SMILE, BUT YOU HAVE TO SIGH

● သင့်ကို သောကတရားက ဖိစီးနေတဲ့အချိန်မျိုးမှာ အကယ်၍ အနားယူဖို့လိုမယ်ဆိုရင် အနားယူလိုက်ပါ။ ဒါပေမယ့် ဘယ်တော့မှ မစွန့်လွှတ်ပါနဲ့။

ဘယ်တော့မှ ထွက်ခွာမသွားပါနဲ့။

WHEN CARE IS PRESSING YOU DOWN A BIT REST IF YOU MUST, BUT
DON'T QUIT,
NEVER QUIT.



● ဘဝဆိုတာ အတက်အကျအကွေ့အကောက်ရှိတတ်တဲ့ သဘောကို ကျွန်တော်တို့ကိုယ်စီကိုယ်င မကြာခဏတွေ့ရတတ်တဲ့သဘောပါ။

LIFE IS QUEER WITH ITS TWISTS AND TURNS AS EVERYONE OF US SOMETIMES LEARNS.

● ဒါ့အပြင် ဘဝမှာ ခွဲရှိရှိ ဝီရိယကောင်းကောင်း စိတ်ရှည်ရှည်နဲ့ဆောင်ရွက်ရင် အောင်မြင်နိုင်ပါလျက် အဲဒီလိုမလုပ်နိုင်လို့ ကျဆုံးခဲ့တာတွေလဲ အများအပြားတွေ့ရတတ်တာကြောင့်

AND MANY A FELLOW TURNS ABOUT WHEN HE MIGHT HAVE WON HAD HE STUCK IT OUT.

● ခရီးမတွင်ဘူးဆိုရင်တောင် လက်မလျှော့ပါနဲ့။

DON'T GIVE UP THOUGH THE PACE, SEEMS SLOW,

● နောက်တစ်ချီကြိုးစားရင် အောင်မြင်သွားနိုင်ပါတယ်။

YOU MAY SUCCEED WITH ANOTHER BLOW.

www.burmeseclassic.com

www.burmeseclassic.com



● ပန်းတိုင်ဆိုတာ ထုံထိုင်းဖင့်လေးပြီး သူရဲဘောကြောင်တဲ့ သူတွေ ထင်ထားတာထက်ပိုပြီး နီးတယ်လေ။

OFTEN THE GOLD IS NEARER THAN IT SEEMS TO A FAINT AND FALTERING MAN,

● သူဟာ အောင်မြင်မှုသရဖူကို ရယူနိုင်ပါလျက် မိုးချုပ်ပြီး ညအမှောင်ကျသွားပြီလို့ ပူဆွေးနောင်တရခဲ့တယ်။

WHEN HE MIGHT HAVE CAPTURED THE VICTORS CUP, AND HE LEARNED TOO LATE WHEN THE NIGHT CAME DOWN.

● သင်ဟာ ရွှေသရဖူဆောင်းဖို့ ဘယ်လောက်နီးနေပြီလဲ။

HOW CLOSE HE WAS TO THE GOLDEN CROWN.

● တကယ်တော့ အောင်မြင်ခြင်းနဲ့ ရှုံးနိမ့်ခြင်းဟာ ခေါင်းနဲ့ ပန်းလို ကပ်လျက်ပဲ

SUCCESS IS FAILURE TURNED INSIDE OUT,

● ဘဝဆိုတာက တိမ်တောင်သဖွယ် မင်းရေးကြွယ်သလို အကဲခတ်ရတော့ခက်တယ်။

LIFE IS THE SILVER TINT OF CLOUDS OF DOUBT,



● ဒါကြောင့် သင်နဲ့အောင်မြင်ခြင်း ဘယ်လောက်နီးကပ်နေပြီ ဆိုတာ ဘယ်သူကလာပြီး ပြောနိုင်မှာလဲ။

AND YOU NEVER CAN TELL HOW CLOSE YOU ARE.

● ပန်းတိုင်ဟာ ဝေဝါးလာတယ်လို့ထင်ပေမယ့် အနီးလေးကျန် တော့တာလဲ ဖြစ်နိုင်တယ်။ ၊

IT MAY BE NEVER WHEN IT SEEMS AFAR,

● အပြင်းဆုံးလက်သီးချက် အမိခံလိုက်ရချိန်မှာတောင် အဲဒီ သတ်ပွဲကို ဖွဲ့နဲ့ဖိချ

STICK TO THE FIGHT WHEN YOU'RE HARDEST HIT.

● အဆိုးဆုံးအချိန်ရောက်တဲ့တိုင်လဲ မစွန့်လွှတ်နဲ့.

IT'S WHEN THINGS SEEM WORST THAT YOU MUSTN'T QUIT.

ဒွန်ဘော်စကို၏ မယ်တော်မာရီကျောင်းတော်မှ

*From the shrine of* ***Don Bosco, Madonna***

မစွန့်လွှတ်ပါနဲ့.

ဘယ်တော့မှ မစွန့်လွှတ်ပါနဲ့.

နောက်မဆုတ်ပါနဲ့.

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကြိုးစားအားထုတ်ရှာဖွေခဲ့တဲ့ ရတနာသိုက် ACRES OF DIAMONDS ရောက်ဖို့ လိုင်းတစ်လုံးပဲခြားကာမှ အကျိုးအကြောင်း ဆီလျော်မှုမရှိဘဲ ဘာကြောင့် စွန့်ပစ်ခဲ့ရမှာလဲ၊ ဒီလို ဆိုရင် ကျွန်တော်တို့အတွက် ဘာအကျိုး ခံစားရမှုမှမရှိဘဲ မစွတာ မစ်ဆန်လို သူတစ်ပါးအတွက် ဖြစ်သွားမှာပေါ့။

မီးထိုးပေးပါ။

အပြင်းဆုံးမီးကို နောက်ဆုံးအချိန်အထိ တရစပ်ထိုးပါ။

လေတို့ မုန်တိုင်းတို့ဆိုသည်မှာ အချိန်တန်လျှင် ငြိမ်သက်သွားစမြဲဖြစ်၏။ မုန်တိုင်းကျပြီးတိုင်း လောကကြီးဟာ ဘာမှမဖြစ်သလို ငြိမ်သက်နေတတ်သည်။

**နေ့ပြီးလျှင်ည၊ ညပြီးလျှင်နေ့ဖြစ်၏။**

**သူ့အလှည့်နှင့်သူ ပြောင်းလဲပြီး နေရာယူထားကြပါသည်။**

**သမုဒ္ဒရာတိုင်းမှာလည်း အကန့်အသတ်အပိုင်းအခြားရှိ၏။**

**ကုန်းမြေတောင်တန်းများမှာလည်း အကန့်အသတ် ရှိ၏။**

**အရှုံးမှာလည်း အပိုင်းအခြားအကန့်အသတ်ရှိပါသည်။**

**အရှုံးရဲ့ကန့်သတ်မျဉ်းဟိုဘက်မှာ အောင်ပွဲမုချရှိသည်။**

BURMESE CLASSIC .com



**ကန့်သတ်မျဉ်းဟိုဘက်မှာ အောင်ပွဲမုချရှိသည်။**

သင့်မှာယုံကြည်ချက်ရှိရမည်။ ထိုယုံကြည်ချက်အပေါ် အာရုံစိုက်ရမည်။ ယုံကြည်ချက်အောင်မြင်ရေးအတွက် ဆန္ဒဖောကပ်ထားရမည်။ ထို့နောက်တော့ ဖွဲသန်သန် ဝီရိယရှိရှိနဲ့ စိတ်ရှည်သည်းခံပြီး ဆောင်ရွက်မှုမှန်သမျှသည် အောင်ပွဲကိုသွားရာလမ်းကြောင်း ဖြစ်၏။

သင်သည် အရှုံးကို လက်ခံစကားပြောနေပါက အရှုံးသာလျှင် ရလိမ့်မည်။ အရှုံးသည် ဘယ်တော့မှ အောင်ပွဲဖြစ်လာမည်မဟုတ်။ အရှုံးဆိုလျှင် ယင်းကိုမီးရှို့ပြီး ပြာများကိုပါ မြေမြှုပ်ပစ်လိုက်ပါ။

ကြိုးပမ်းမှုအတွက် အစားပေးနိုယာမတရားက အောင်ပွဲအသီးအပွင့်ကို ဆုလာဘ်အဖြစ် သင့်အားပေးလိမ့်မည်။

သင့်ဘဝလမ်းခရီးကို သင်ရွေးချယ်၍ လျှောက်ပါတော့။

ထိုသို့ လျှောက်ရာဟွင် လျှောက်ရင်း လျှောက်ရင်း အခက်အခဲများနှင့် တွေ့လာသော . . .

**မဆုတ်တမ်း .**

**မနစ်တမ်း ..**

**မလျှော့တမ်း ...**

ချစ်စံဝင်း

၁၀. ၃. ၉၆

www.burmeseclassic.com

www.burmeseclassic.com



# INVENTIONS AND DISCOVERIES

| Invention Discovery & Date | Name of Inventor / Discoverer & Country |
|---|---|
| Acetylene (1892) | Wilson (USA) |
| Adding machine (1642) | Pascal (France) |
| Airbrake (1868) | Westinghouse (USA) |
| Air-conditioning (1911) | Carrier (USA) |
| Airplane (Jet engine)(1930) | Whittle (Britain) |
| Airplane with motor (1903) | Orville and Wilbur Wright (USA) |
| Air pump (1650) | Von Guerick (Germany) |
| Airship (1852) | Giffard (France) |
| Airship (non-rigid dirigible) (1900) | Zeppelin (Germany) |
| Aluminium, electrolytic process (1886) | Hall (USA) |
| Aniline dye (1856) | Perkin (England) |
| Aqualung (1943) | Cousteau (France) |
| Autogyro (1920) | de la Cierva (Spain) |
| Automatic motors (1904) | Westinghouse (USA) |



| Invention Discovery & Date | Name of Inventor / Discoverer & Country |
|---|---|
| Automobile, differential gear (1885) | Benz (Germany) |
| Automobile, gasoline (1887) | Daimler (Germany) |
| Automobile, magneto (1899) | Daimler (Germany) |
| Automobile, self-starter (1911) | Kettering (USA) |
| Bakelite (1907) | Baekeland (Belgium) |
| Ballon (1783) | Montgolfier Brothers (France) |
| Balance spring (1675) | Huygens (Holland) |
| Ball-bearing (1794) | Vaughan (England) |
| Balance spring (watch) (1658) | Robert Hooke (England) |
| Barometer (1643) | Torricelli (Italy) |
| Bicycle, modern (1884) | Starley (England) |
| Bicycle, safety (1886) | Pope (USA) |
| Bifocal lens (1780) | Franklin (USA) |
| Bleaching powder (1798) | Tennant (England) |
| Bottle machine (1903) | Owens (USA) |
| Bordeaux machine (1885) | Millardet (France) |
| Braille printing (1829) | Braille (France) |
| Burner - gas (1855) | Bunsen (Germany) |

www.burmeseclassic.com

www.burmeseclassic.com



| Invention Discovery & Date | Name of Inventor / Discoverer & Country |
|---|---|
| Canning (1820) | Durand (England) |
| Camera, Polaroid lens (1928) | Land (USA) |
| Carburettor gasoline (1876) | Daimler (Germany) |
| Carding machine (1798) | Whittemore (USA) |
| Cellophone (1900) | Brandenberger (Switzerland) |
| Celluloid (1870) | Hyatt (USA) |
| Cement, Portland (1845) | Aspdin (England) |
| Chronometer (1761) | Harrison (England) |
| Cinematograph (1895) | Lumiere Brothers (France) |
| Clock pendulum (1657) | Huygens (Holland) |
| Coaxial cable system (1929) | Affel & Espensched (USA) |
| Computer (Original model) (1823) | Babbage (England) |
| Computer (electronic) (1946) | Eckert Manchly (England) |
| Condenser, michrophone (Telephone) (1920) | Wente (USA) |



| Invention Discovery & Date | Name of Inventor / Discoverer & Country |
|---|---|
| Cotton gin (1793) | Whitney (USA) |
| Cream separator (1880) | De Laval (Sweden) |
| Cultivator, disc (1878) | Mallon (USA) |
| Dueterium (heavy hydrogen)(1932) | Urey, Brickwedde Murphy (USA) |
| DDT (1874) | Zeidler (Germany) |
| Diesel Engine (1995) | Diesel (Germany) |
| Dynamite (1866) | Nobel (Sewden) |
| Dynamo (1831) | Faraday (England) |
| Electric battery (1800) | Volta (Italy) |
| Electro magnet (1824) | Sturgeon (England) |
| Electroplating (1805) | Brugnatelli (Italy) |
| Electrolysis (1852) | Faraday (England) |
| Elevator, push botton (Lift)(1922) | Larson(USA) |
| Elevator , brake (Lift) | Otis (USA) |
| | Watson (USA) |
| | Wilkins (England) |
| Engine, gasoline (1886) | Daimler (Germany) |
| Engine, gas vacuum (1823) | Brown (England) |
| Engine, steam piston (1705) | Newcomen (England) |
| Engine, automobile (1879) | Benz (Germany) |

www.burmeseclassic.com

www.burmeseclassic.com



| Invention Discovery & Date | Name of Inventor / Discoverer & Country |
|---|---|
| Engine, jet (1939) | Von Ohian (Germany) |
| Engine, jet (1941) | Frank Whittle (England) |
| Engraving halftone (1893) | Ives (USA) |
| Filament, tungsten (1915) | Langmuir (USA) |
| Food preservation (1809) | Apert (France) |
| Galvanometer (1920) | Sweigger (Germany) |
| Gas lighting (1792) | Murdoch (Scotland) |
| Gas mantle (1885) | Welsbach (Austria) |
| Geiger counter (1913) | Geiger (Germany) |
| Gold (cyanide process for extraction) (1887) | Forest (Britain) |
| Gun, Breechloader (1811) | Thornton (USA) |
| Gun, Browning (1916) | Browning (USA) |
| Gun, silencer (1909) | Maxim, H.P. (USA) |
| Gun sight (telescope) (1891) | Fiske (USA) |
| Gyroscope (1852) | Foucault (France) |
| Gyrocompass (1911) | Sperry (USA) |
| Harvester (1836) | Moore (USA) |
| Helicopter (1907) | Cornce (France) |
| Hovercraft (1959) | Cockerall (England) |
| Hydraulic jack (1795) | Brahm (England) |



| Invention Discovery & Date | Name of Inventor Discoverer& Country |
|---|---|
| Ice making machine (1851) | Govil (USA) |
| Indigo (synthesis) (1880) | Baeyer (Germany) |
| Kaleidoscope (1817) | Brewster (England) |
| Kinetoscope (1887) | Edison (USA) |
| Lamp, arc (1878) | Brush (USA) |
| Lamp, incandescent (1879) | Edison (USA) |
| Lamp, incandescent gas (1916) | Langmuir (USA) |
| Lamp, mercury vapour (1912) | Hewitt (USA) |
| Lamp, miner's safety (1816) | Davy (England) |
| Lamp, neon (1915) | Claude (France) |
| Lathe (turret) (1845) | Fitch (USA) |
| Launderette (1934) | Cantrell (USA) |
| Leyden Jar (1746) | Bevis (England) |
| Lightning rod (1752) | Franklin (USA) |
| Linoleum (1860) | Walton (England) |
| Linotype (1885) | Mergenthaler (USA) |
| Lithography (1796) | Senefelder (Bohemia) |
| Lifeboat (1790) | Greathead (England) |
| Locomotive (electric) (1851) | Vail (USA) |
| Locomotive (practical) (1829) | Stephenson (England) |
| Loom, power (1785) | Cartwright (England) |

www.burmeseclassic.com

www.burmeseclassic.com



| Invention Discovery & Date | Name of Inventor / Discoverer & Country |
|---|---|
| Loudspeaker, dynamic (1924) | Rice-Kellogg (USA) |
| Machine gun (1861) | Gatling (USA) |
| Machine gun (Maxim) (1883) | Maxim H.S. (England) |
| Magnet, electro (1828) | Henry (USA) |
| Mason Jar (1858) | Mason J. (USA) |
| Match (friction) (1827) | John Walker (England) |
| Match (phosphorus) (1831) | Sauria (France) |
| Match (sulphur) (1830) | Jones (England) |
| Mercerized textiles (1843) | Mercer, J. (England) |
| Microphone (1877) | Berliner (USA) |
| Microscope, compound (1590) | Janssen (Holland) |
| Microscope, electron (1931) | Knoll-Ruska (Germany) |
| Milk condensation (1853) | Borden (USA) |
| Microwave cooking (1940) | Randalls Boot (England) |
| Monotype (1887) | Landston (USA) |
| Motor AC (1892) | Tesla (USA) |
| Motor, rotary (1907) | Ocenasek (Czechoslovakia) |
| Motorcycle (1885) | Daimler (Germany) |
| Movie (talking) (1927) | Warner Brothers (USA) |
| Mower, lawn (1868) | Hills (USA) |



| Invention Discovery & Date | Name of Inventor / Discoverer & Country |
|---|---|
| Nitroglycerin (1846) | Sobrero (Italy) |
| Nylon synthetic (1930) | Carothers (USA) |
| Nylon (1937) | Du Pont (lab) (USA) |
| Paper machine (1809) | Dickinson (USA) |
| Parachute (1785) | Blanchard (France) |
| Paper (from wood pulp) (1884) | Dahl (Germany) |
| Pen, ballpoint (1888) | Loud (USA) |
| Pen, fountain (1884) | Waterman (USA) |
| Photograph (1877) | Edison (USA) |
| Photo, colour (1892) | Ives (USA) |
| Photo, film celluloid (1887) | Goodwin (USA) |
| Photo, film transparent (1888) | Eastma-Goodwin (USA) |
| Photographic paper (1898) | Baekeland (USA) |
| Photography (1826) | Niepce, Sr (France) |
| Photophone (1880) | Bell (USA) |
| Photo telegraphy (1925) | Bell lab. (USA) |
| Piano (1709) | Christoforl (Italy) |
| Pin, safety (1849) | Hunt (USA) |
| Piston-cylinder system (1690) | Papin (France) |
| Plywood (1830) | Immanuel Nobel (Sweden) |

www.burmeseclassic.com

www.burmeseclassic.com



| Invention Discovery & Date | Name of Inventor / Discoverer & Country |
|---|---|
| Printing colour (1457) | P Schofler (Germany) |
| Printing press rotary (1846) | Hoe (USA) |
| Pressure cooker (system digester) (1679) | Denis Papin (France) |
| Radio broadcaster (1902) | Stubblefield (USA) |
| Radio signals (1895) | Marconi (Italy) |
| Radio activity (1896) | Becquerel (France) |
| Radium (1898) | (Curie, Pierre<br>(Curie, Marie (Poland) |
| Rayon (1883) | Swan (England) |
| Razor, electric (1931) | Schick (USA) |
| Razor, safety (1895) | Gillette (USA) |
| Reaper (1834) | McCormick (USA) |
| Record, disc (1887) | Berliner (USA) |
| Refrigeration (1834) | Perkins (USA) |
| Resin, synthetic (1931) | Hill (England) |
| Rocket engine (1929) | R.H. Goddard (USA) |
| Rotar engine (1926) | Wankel (Germany) |
| Saw, hand (1808) | Newberry (England) |
| Saw, circular (1777) | Miller (England) |
| Screw-cutting lathe (1569) | Besson (England) |

BURMESE CLASSIC .com



| Invention Discovery & Date | Name of Inventor / Discoverer & Country |
|---|---|
| Sexant (1757) | Compell (England) |
| Sewing machine (1846) | Howe (USA) |
| Shuttle, flying (1733) | Kay (England) |
| Soap (hard water) (1928) | Bertsch (Germany) |
| Spinning Jenny (1767) | Hargreaves (England) |
| Sleeping Car (1858) | Fullman (USA) |
| Steam boat, practical (1802) | Symington (Scotland) |
| Steam engine (1712) | Newcomen (England) |
| Steam engine (improved) (1843) | James Watt (England) |
| Steamship (complete) (1843) | Great Britain (England)<br>(name of the ship) |
| Steam turbine (1884) | Parsons (England) |
| Steel (mild) (1856) | Bessemer (England) |
| Steel alloy (1891) | Harvey (USA) |
| Steel (1857) | Kelly (USA) |
| Steel alloy, high speed (1901) | Taylor - White (USA) |
| Steel, stainless (1916) | Brearley (England) |
| Submarine (1891) | Holland (USA) |
| Submarine, torpedo (1776) | Bushnell (USA) |
| Tank, military (1914) | Swinton (England) |

www.burmeseclassic.com

www.burmeseclassic.com



| Invention Discovery & Date | Name of Inventor / Discoverer & Country |
|---|---|
| Telegraphic wireless, high frequency (1896) | Marconi (Italy) |
| Telegraph (1837) | Cooke & Wheatstone (England) |
| Telegraph code (1837) | Morse (USA) |
| Telephone (1876) | Bell (USA) |
| Telephone, automatic (1891) | Strowger (USA) |
| Telephone, radio (1902) | Poulsen and Esseden (USA) |
| Telescope (1608) | Lippershey (Netherlands) |
| Telescope (1609) | Galileo (Italy) |
| Television (1926) | Baird (Scotland) |
| Thermometer (1593) | Galileo (Italy) |
| Thermometer (1710) | Reaumur (France) |
| Thermometer, mercury (1714) | Fahrenheit (Germany) |
| Torpedo (1866) | Whitehead (England) |
| Torpedo, marine (1804) | Fulton (USA) |
| Tractor, caterpillar (1900) | Holt (USA) |
| Transformer (1831) | Faraday (England) |
| Transister (1947) | Shockley, Brattain and Bardeen (USA) |



| Invention Discovery & Date | Name of Inventor / Discoverer & Country |
|---|---|
| Tungsten (drawn) filament lamp (1913) | Coolidge (USA) |
| Turbine gas (1899) | C.G.Curtis (USA) |
| Turbine, hydraulic (1849) | Francis (USA) |
| Turbine, steam (1896) | C.G.Curtis (USA) |
| Tyre, bicylce (1889) | Dunlop (Ireland) |
| Tyre, pneumatic (1888) | Dunlop (Ireland) |
| Tyre, movable (1850) | Gotenberg (Germany) |
| Typewriter (1868) | Sholes (USA) |
| Universal joint (1676) | Hooke (England) |
| Vacuum flask (1892) | Dewar (England) |
| Vulcanisation (1884) | Goodyear (USA) |
| Weaving machine (1733) | Kay (England) |
| Welding, electric (1877) | Thomson (USA) |
| Wind tunnel (1923) | Munk (USA) |
| Wire, barbed (1874) | Gidden (USA) |
| X-ray tube (1916) | Coolidge (USA) |
| Zip fastener (1913) | Sundback (Sweden) |

www.burmeseclassic.com

www.burmeseclassic.com

# ဆရာ ချစ်စံဝင်း

## ရေးသားပြုစုခဲ့သောစာအုပ်များ

၁။ ပါဏာဇေဒနီဒါန်း (၁၉၆၇)

၂။ အမေနှင့် အမေ့အကြောင်း (၁၉၇၇၊ ၁၉၈၀၊ ၁၉၈၁၊ ၁၉၈၈၊ ၁၉၉၀၊ ၁၉၉၂၊ ၁၉၉၃၊ ၁၉၉၅၊ ၁၉၉၇)

၃။ ပြည်သူ့ရင်သွေး (၁၉၇၉)

၄။ အမေ့ရင်သွေး (၁၉၈၀)

၅။ နိုင်ငံသစ်နိဒါန်း (၁၉၉၀)

၆။ မိုးထက်မြင့်သည့်စိတ်ထားများ (၁၉၇၀၊ ၁၉၈၀)

၇။ မြတ်လယ်တီ (၁၉၈၆၊ ၁၉၉၃၊ ၁၉၉၄)

၈။ ဤခရီးနီးသလား (၁၉၈၆၊ ၁၉၈၇၊ ၁၉၈၈၊ ၁၉၈၉၊ ၁၉၉၀၊ ၁၉၉၁၊ ၁၉၉၃၊ ၁၉၉၄၊ ၁၉၉၅၊ ၁၉၉၆၊ ၁၉၉၇)

၉။ မြတ်ပညာနှင့် သားထံပေးစာများ (၁၉၇၈၊ ၁၉၈၉)

၁၀။ ဂျပန်လူငယ်တစ်ယောက်အကြောင်း (၁၉၈၉၊ ၁၉၉၀၊ ၁၉၉၀၊ ၁၉၉၁၊ ၁၉၉၃)

၁၁။ မြန်မာ့ရုပ်သေးသဘင် (၁၉၈၉)

၁၂။ မြန်မာလူငယ်တစ်ယောက်အကြောင်း (၁၉၉၀)

၁၃။ ယသော်ရောအလွမ်း (၁၉၉၀၊ ၁၉၉၁၊ ၁၉၉၃၊ ၁၉၉၆)

၁၄။ ဆန်ဖွပ်သည့်အဖိုးအို (၁၉၉၀၊ ၁၉၉၁၊ ၁၉၉၃၊ ၁၉၉၇)

၁၅။ မြန်မာသူကြွယ်တစ်ယောက်အကြောင်း (၁၉၉၁)

၁၆။ ဇန်ကောက် - ၁ (၁၉၉၁)

၁၇။ အနုပညာမဲ့သောနေ့ (၁၉၉၁)

၁၈။ တူနှစ်ကိုယ်ချစ် (၁၉၉၁၊ ၁၉၉၃)

၁၉။ ဇန်ကောက် - ၂ (၁၉၉၁၊ ၁၉၉၃)

၂၀။ သာသနာစက်ခြည်လင်းစေဖို့ (၁၉၉၁)

၂၁။ ဒေါင်းဖတ်စာပုံပြင်များ ပထမတွဲ (၁၉၉၂)

၂၂။ အံ့ဖွယ်လူသား ကိုရီးယား (၁၉၉၂)

၂၃။ ဒေါင်းဖတ်စာပုံပြင်များ ဒုတိယတွဲ (၁၉၉၂)

၂၄။ စင်ကာပူ (သို့) အရှေ့ဖျားက ခြင်္သေ့မြို့ (၁၉၉၂၊ ၁၉၉၂)

၂၅။ အမေ့ခြေရာ (၁၉၉၂၊ ၁၉၉၂၊ ၁၉၉၃၊ ၁၉၉၄၊ ၁၉၉၅၊ ၁၉၉၆)

၂၆။ စိတ်ကောင်းရှိဖို့သည် ပထမ (၁၉၉၂၊ ၁၉၉၃၊ ၁၉၉၅၊ ၁၉၉၆၊ ၁၉၉၇)

၂၇။ ဈေးကွက်စီးပွားရေးနှင့် မြန်မာလူငယ် (၁၉၉၃)

၂၈။ ခုတင်နံပါတ် ၅ (၁၉၉၃၊ ၁၉၉၅)

၂၉။ ထိုင်း သို့မဟုတ် အရှေ့ဖျားက ပဉ္စမကျား (၁၉၉၃)

၃၀။ ထိုင်းနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ (၁၉၉၃)

၃၁။ ဇန်ကောက်မှ မလေးကိုဖြတ်၍ စင်ကာပူသို့ (၁၉၉၃)

၃၂။ ပီနန်ဆရာတော်နှင့် ပီနန်ကျောင်း (၁၉၉၃)

၃၃။ ဂါစီယာသို့ သဝဏ်လွှာ (၁၉၉၃)

၃၄။ ကမ္ဘာ့သာသနာပြုဆရာတော် ဦးပညာဝံသ (၁၉၉၄)

၃၅။ ပူဇွန်းဆုတေ ကမ္ဘာမြေ (၁၉၉၄)

၃၆။ ရှက်ပြုံး (၁၉၉၄၊ ၁၉၉၄၊ ၁၉၉၅၊ ၁၉၉၆)

၃၇။ ထားရှိရမည့်သဘောထား (၁၉၉၄၊ ၁၉၉၄၊ ၁၉၉၅၊ ၁၉၉၅၊ ၁၉၉၆၊ ၁၉၉၇)

၃၈။ ပွားများရမည့်မေတ္တာတရား (၁၉၉၄၊ ၁၉၉၄၊ ၁၉၉၅၊ ၁၉၉၅၊ ၁၉၉၆၊ ၁၉၉၇)

၃၉။ ကမ္ဘာ့သာသနာပြုဆရာတော် ဦးပညာဝံ ထေရုပ္ပတ္တိစာတမ်း(၁၉၉၄)

၄၀။ မြစိမ်းရောင်မိဖုရားကြီး (၁၉၉၄)

www.burmeseclassic.com

www.burmeseclassic.com

၄၁။ မွေးမြူရမည့်သတ္တိ (၁၉၉၅၊ ၁၉၉၅၊ ၁၉၉၅၊ ၁၉၉၆၊ ၁၉၉၇)
၄၂။ ကိုရီးယား (သို့) ဟန်မြစ်ပေါ်က ကိုးတောင်ကျား (၁၉၉၅)
၄၃။ ရည်မှန်းရမည့်ပန်းတိုင် (၁၉၉၅၊ ၁၉၉၅၊ ၁၉၉၆၊ ၁၉၉၇)
၄၄။ သွားရောက်ရမည့်နည်းလမ်း (၁၉၉၅၊ ၁၉၉၅၊ ၁၉၉၆၊ ၁၉၉၇)
၄၅။ စိစစ်ရမည့်ရွေးချယ်မှု (၁၉၉၅၊ ၁၉၉၆၊ ၁၉၉၆)
၄၆။ မလျှော့ရမည့်ဒွန် (၁၉၉၅၊ ၁၉၉၆၊ ၁၉၉၇)
၄၇။ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုမနာစာရ ထေရုပ္ပတ္တိစာတမ်း(၁၉၉၅)
၄၈။ ဘာမင်ဂမ်ဆရာတော်ကြီး ဒေါက်တာရေဝတဓမ္မနှင့် တွေ့ဆုံခြင်း (၁၉၉၆)
၄၉။ ဖွံ့ဖြိုးကြီးထွားမလေးရှား (၁၉၉၆)
၅၀။ ငွေကို မိတ်ဆွေလို ဆက်ဆံပါ (၁၉၉၆၊ ၁၉၉၆၊ ၁၉၉၆)
၅၁။ ငွေပုံကြီးပေါ် ခွထိုင်ပါ (၁၉၉၆၊ ၁၉၉၇)
၅၂။ အခွင့်အလမ်းကို တွေ့အောင်ရှာ၊ မိအောင်ဖမ်း (၁၉၉၆)
၅၃။ ကြိုးစားမှုများ၏နောက်ကွယ်မှစင်ကာပူ-မြန်မာဘုန်းတော်ကြီးကျောင်း (၁၉၉၆)
၅၄။ သင့်ဝင်ငွေမှ ၁၀-ရာခိုင်နှုန်းကိုစုပါ (၁၉၉၆)
၅၅။ အချိန်ကို မိတ်ဆွေဖွဲ့ပါ၊ ရန်သူမလုပ်ပါနှင့် (၁၉၉၆)
၅၆။ ရွှေပင်ငွေပင်စိုက်ပျိုးပါ (၁၉၉၆)
၅၇။ ကြီးပွားချမ်းသာလိုစိတ်မွေးပါ (၁၉၉၆)
၅၈။ မိုးထိအောင်လှေကားထောင် (၁၉၉၆၊ ၁၉၉၆)
၅၉။ ဓမ္မစေတီမင်းကုသိုလ်တော်ခေါင်းလောင်းတော်ကြီးရှာဖွေခြင်း (၁၉၉၆)
၆၀။ ဘယ်တော့မှ ဘယ်တော့မှ ဘယ်တော့မှ ဇွဲမလျှော့ပါနှင့်။(၁၉၉၇)

www.burmeseclassic.com